# Dang-u Pé
# မာတိကာ

## Bunmó (I)
## အပိုင်း (၁)

## Zaiwâ Myíng Eq Sêng É Apûn Awang Pé
## ဇိုင်ဝါး(ကချင်)ဘာသာစကားစနစ်၏ အခြေခံများ


**1. DANG HPÓNG** 7

**၁။ နိဒါန်း** ၇

**2. ZAIWÂ MYÍNG EQ SÊNG É APÛN AWANG PÉ** 9

**၂။ ဇိုင်ဝါး(ကချင်)ဘာသာစကားစနစ်၏ အခြေခံများ** ၉

2.1. Zaiwâ Myíng Má Bo É Htê Pé 9

၂-၁။ ဇိုင်ဝါး(ကချင်)ဘာသာစကားရှိ စကားသံများ ၉

2.2. Dangcham Dùt Lo É Hkyô 13

၂-၂။ ဝဏ္ဏဖွဲ့စည်းပုံနှင့်သရသံ၊ ဗျည်းသံအတွဲအစပ် ၁၃

2.3. Zaiwâ Laiká Kâ É Yung 16

၂-၃။ အရေးအသားစနစ် ၁၆

2.4. Zaiwâ Myíng Eq Séng Luî Làksan Matsîng To Râ É Hkyô Pé 21

၂-၄။ ထူးခြားချက်များ ၂၁

**3. DANGCHAM PÉ** 24

**၃။ ဝေါဟာရများ** ၂၄

3.1. Nyí Wuî Myô Chung É Dangcham Pé 24

၃-၁။ နေ့စဉ်အသုံးများသော စကားလုံးများ ၂၄

3.2 Sânghî Tsáng Mhoq Jongzo Wuì Eq Chung Yó É Dangcham Pé 25

၃-၂။ ပညာသင်ယူရာတွင် သုုေယ်တန်းအဆင့်နှင့်လျော်ညီသော အသုံးများသော ဝေါဟာရများ ၂၅

## Bunmó (II)

## အပိုင်း (၂)

## Zaiwâ Myíng mhoq é má wó jai chung é , sânghkyang, mahkôn, Jihkyang eq Mhô-myhi pé.

## ဇိုင်ဝါး(ကချင်)ဘာသာစကားစနစ် အထောက်အကူပြု စကားပုံများ၊ စကားထာများ၊ တေးကဗျာများနှင့် ပုံပြင်များ


**4. DANGHAQ, DANGTAU, MYHÎHPÔ SÂNGHKYANG PÉ** 31

**၄။ စကားထာများ၊ စကားပုံများ၊ သွယ်ဝိုက်စကားလုံးများ** ၃၁

4.1. Myhîhpô Sânghkyang 31

၄-၁။ စကားပုံများ ၃၁

4.2. Danghaq Pé 32

၄-၂။ စကားထာများ ၃၂

4.3. Dangtau Pé 35

၄-၃။ သွယ်ဝိုက်စကားလုံးများ ၃၅

**5. MAHKÔN EQ DANGZÚM JIHKYANG PÉ** 36

**၅။ တေးသီချင်းများ၊ ကာရန်တူ၊ သံတူစပ်တေးကဗျာများ၊ စာပိုဒ်များ၊ ကဗျာများ** ၃၆

5.1. Dang Zúm Tot Dang-yán Zô Pé 36

၅-၁။ ကာရန်တူ၊သံတူစပ် တေးကဗျာများ၊ စာပိုဒ်များ ၃၆

5.2. Zaiwâ Mahkôn Tot Pé 39

၅-၂။ တေးသီချင်းများ ၃၉

5.3. Jihkyang Pé 42

၅-၃။ ကဗျာများ၊ စာပိုဒ်များ ၄၂

**6. MHÔ-MYHI PÉ** 51

**၆။ ပုံပြင်များ** ၅၁

# Bunmó (III)

# အပိုင်း (၃)

# Zaiwâ Myíng Eq Sêng É Apûn Awang Mhoq Yung Pé
# ဇိုင်ဝါး(ကချင်)ဘာသာစကားစနစ် အထောက်အကူပြု
# မိခင်ဘာသာစကား တိကျစွာသင်နည်းအစီအစဉ်


**7. ZAIWÂ MYÍNG APÛN AWANG MHOQ YUNG PÉ** 77

**၇။ ဇိုင်ဝါး(ကချင်)ဘာသာစကား တိကျစွာသင်နည်းအစီအစဉ်** ၇၇

7.1. Razàn Matú Zaiwâ Myíng Lé Sânghî Tsáng Má mhoq byi râ Mhoqbun Pé Lé Gam hkoq tô é hkyô 77

၇-၁။ ဇိုင်ဝါး(ကချင်)ဘာသာစကား လပိုင်းမာတိကာခွဲခြားခြင်း ၇၇

7.2. Sânghî Tsáng matú ,Zaiwâ Myíng Lé Kâ Mhoq, Nghap Mhoq râ Mhoqbun Pé Lé Dangké dông Gam hkoq tô é hkyô (Jongdoq Zàn Hí ) 81

၇-၂။ ဇိုင်ဝါး(ကချင်)ဘာသာစကား အရေးအဖတ် အလေးပေးသင်ယူချိန် (နှစ်စ) ၈၁

7.3. Sânghî Tsáng matú ,Zaiwâ Myíng Lé Kâ Mhoq, Nghap Mhoq râ Mhoqbun Pé Lé Dangké dông Gam hkoq tô é hkyô (Jongdoq Zàn gùng ) 91

၇-၃။ ဇိုင်ဝါး(ကချင်)ဘာသာစကား အရေးအဖတ် အလေးပေးသင်ယူချိန် (နှစ်လယ်) ၉၁

7.4. Sânghî Tsáng matú ,Zaiwâ Myíng Lé Kâ Mhoq, Nghap Mhoq râ Mhoqbun Pé Lé Dangké dông Gam hkoq tô é hkyô (Jongdoq Zàn htâng) 100

၇-၄။ ဇိုင်ဝါး(ကချင်)ဘာသာစကား အရေးအဖတ် အလေးပေးသင်ယူချိန် (နှစ်ဆုံး) ၁၀၀

# Bunmó (I)

# အပိုင်း (၁)

## Zaiwâ Myíng Eq Sêng É Apûn Awang Pé

## ဇိုင်ဝါး(ကချင်)ဘာသာစကားစနစ်၏ အခြေခံများ



## 1. DANG HPÓNG

## ၁။ နိဒါန်း

Laiká bùk shî gi, Sará pé nghap sê yù râ matú, Zaiwâ Myíng eq sêng é apûn awang pé lé, kâ tô é hkyô shit laiká bùk nghut lhê.

Laî ló bê ahkyíng má, ngá-nhúng Wunpóng Kachin Zaizo wuì gi, Sasana Sarámó, Rev. Dr., Ola Hanson saî to byî é Shitúng Laiká lé chôm chung laî lò bê. Nghut kôlhang laiká haû gi, gó tû Zaizo wui é dang htê lé rago za a wó kâ é laiká nghut lhê.

Haû mù luî, AD. 2000 zàn má, Myíng eq sêng é hpàqchyî zau pé gi, Shitúng Laiká hau èq Zaizo wuì lhúnglháng bâng é danghtê lé jo shoq wó ká, wó taî é, Wunpóng Mungkan Laili Laiká (WMLL) (International Kachin Common Language Literacy) lé, dum saî htoq to byi bikô.Laiká haû wó saî htoq tô é htâng mai, nga-nhúng Zaiwâ zowuî gi, yhûmsing é Zaiwâ myíng lé rago wó kâ é laiká haû lé, Zaiwâ Laiká dông yu chung lo é nghut lhê.

Wunpóng Zaiwâ laiká lé, lhúnglhâng bang sê ká sê nghap luî, je riyhang kô myhang lò râ matú, Zaiwâ Laiká mhoq Sará pé gi, Zaiwâ myíng eq sêng é apûn awang pé lé hkyô shit tô é laiká bùk shî lé rago sê to râ dùt lhê. Haú pé gi, sânghî tsáng dòq jongzô pé lé mhoq byî é má htuq báng hkyô dùt râ nghut lhê.

ဤစာအုပ်သည် ဇိုင်ဝါး(ကချင်)ဘာသာစကား၏ အခြေခံဖွဲ့စည်းပုံစနစ်များအား သူငယ်တန်းဆရာ/ဆရာမများ မြှင့်မြင်းရန်အတွက် ရေးသားထားသော ဇိုင်ဝါးဘာသာစကား လမ်းညွှန်စာအုပ်ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကချင်တိုင်းရင်းသားလူမျိုးများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သာသနာပြုဆရာကြီး Rev. Dr, Ola Hanson တီထွင်ပေးခဲ့သော ရောမအက္ခရာ အခြေပြု ကချင်စာအား အသုံးပြုခဲ့ကြပါသည်။ ထိုကချင်စာသည် Jinghpaw ဘာသာစကားကိုသာ ပီပြင်စွာ ရေးသားနိုင်ပြီး အခြားသော ကချင်လူမျိုးစုများ၏ ဘာသာစကားကိုမူ ပီပြင်စွာရေးသား၍ မရခဲ့ပါ။

ထို့ကြောင့် A.D ၂၀၀၀ခုနှစ်ခန့်တွင် ကချင်လူမျိုးထဲမှ ဘာသာစကားဆိုင်ရာ၌ ကျွမ်းကျင်သောပညာရှင်များက မူလ Jinghpaw Laika မှ အက္ခရာများအား ပြန်လည်မွမ်းမံ ဖြည့်စွက်မှု ပြုလုပ်ခဲ့ကြပြီး၊ ကချင်တိုင်းရင်းသားလူမျိုးများအားလုံး၏ ဘာသာစကားကို ရေးသားနိုင်သော ကချင်ဓနသဟာယစာပေ (Wunpawng Mungkan Laili Laika-WMLL) အား ပြုစုခဲ့သည်။ ၄င်းစာပေပေါ်ထွက်လာခဲ့ပြီးသည့် အချိန်မှစတင်ပြီး ဇိုင်ဝါးလူမျိုးများသည်လည်း ၄င်းစာပေကို မိမိတို့ဘာသာစကားအား ရေးသားရာ၌ စတင်အသုံးပြုခဲ့ကြခြင်း ဖြစ်ပါသည်။

ထို့အပြင် ကျွန်ုပ်တို့ ကချင်ဇိုင်ဝါးလူမျိုးများအားလုံး မိမိတို့စာပေအား လျင်မြန်စွာ ရေးတတ်၊ ဖတ်တတ်လာနိုင်ရန် ကလေးများအား စတင်သင်ကြားပေးမည့် ဆရာများအတွက် ဇိုင်ဝါးဘာသာစကား၏ အခြေခံဖွဲ့စည်းပုံစနစ်များအား ဤစာအုပ်တွင် လမ်းညွှန်ထားပါသည်။ ဇိုင်ဝါးဘာသာစကားအရေးအသားသည် ဗျည်းနှင့်သရများအား အဓိကပေါင်းစပ်ပြီး ရေးသားရသော စနစ်ဖြစ်သည်။ ဇိုင်ဝါးစာအရေးအဖတ်ကို အစပျိုးသင်ကြားပေးမည့် သူငယ်တန်းဆရာများသည်

ဇိုင်ဝါးဘာသာစကား၏ ထူးခြားသည့်အချက်အလက်များကို သိရှိနားလည်ပြီး သူငယ်တန်းကလေးများအတွက် ဘာသာစကားဖွံ့ဖြိုးမှုနှင့် အရေးအဖတ် အစပျိုးလုပ်ငန်းများကို စီစဉ်လုပ်ကိုင်ရာတွင် အဆိုပါထူးခြားချက်များကို ထည့်သွင်းစဉ်းစားကြရန် လိုအပ်ပါသည်။

Laiká kâ é eq nghap é hkyô pé eq sêng é apûn awang (5) lhum lé mingkan mâ é hpàqchyî zau pé mai masàt tô akô. Haú pé gi;

(1) Myíng má bo é htê pé lé rago dàt gyô é hkyô.
(2) Laiká yhângnu eq dangcham tsûm tô é pé lé sê gyô é hkyô.
(3) Dangcham, danghkun pé lé liwán é dông wó nghap é hkyô.
(4) Dangcham myo myo sê é hkyô.
(5) Lichyúm dàt gyô é hkyô pé nghut lhê.

Jongzô pé lé sé liwán shoq mhoq byi râ matú, wó chung jai é Zaiwâ dang myíng eq sêng é apûn awang pé lé laiká bùk shí-má kâ shit tô é nghut lhê.

အရေးအဖတ် သင်ကြားသည့်အခါ အရေးကြီးသည့် နယ်ပယ်ငါးရပ်ကို ပညာရှင်များက ဖော်ထုတ်သတ်မှတ်ထားပါသည်။ ၎င်းတို့မှာ -

(၁) စကားသံများကို သိနားလည်ခြင်း
(၂) စကားသံများနှင့် အက္ခရာသင်္ကေတများ၏ အဆက်အစပ်ကို သိနားလည်ခြင်း
(၃) သွက်လက်စွာ ဖတ်တတ်ခြင်း
(၄) ဝေါဟာရ ကြွယ်ဝခြင်း
(၅) အဓိပ္ပာယ်ကို နားလည်သဘောပေါက်ခြင်းတို့ ဖြစ်ပါသည်။

အဆိုပါနယ်ပယ်ငါးရပ်လုံးတွင် ကလေးများကျွမ်းကျင်မှုရှိစေရန် သင်ယူမှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ရာ၌ မိမိသင်ကြားပေးမည့်ဘာသာစကား၏စနစ်များကို သဘောပေါက် နားလည်ထားရန် အရေးကြီးပါသည်။ သို့ဖြစ်ရာ အဆိုပါနယ်ပယ်ငါးရပ်အတွက် ထည့်သွင်းစဉ်းစားမည့် ဘာသာစကား၏ စနစ်အမျိုးမျိုးနှင့်အသုံးပြုနိုင်သည့် ရင်းမြစ်အထောက်အကူများကို ဘာသာစကားမှတ်စုအဖြစ် တစ်ဖက်တွင် စုစည်းဖော်ပြထားပါသည်။

## 2. Zaiwâ Myíng Eq Sêng É Apûn Awang Pé

## ၂။ ဇိုင်ဝါး(ကချင်)ဘာသာစကားစနစ်၏ အခြေခံများ

### 2.1. Zaiwâ Myíng Má Bo É Htê Pé

### ၂-၁။ ဇိုင်ဝါး(ကချင်)ဘာသာစကားရှိ စကားသံများ

Mingkan má jòq é myíng hkangmó má, htê apûn awang (Htêwang) pé eq htê lhoq htoq apûn awang(Htêhtoq) ga luî, htê í-jung bo é nghut lhê. Ngá-nhúng Wunpóng Zaiwâ myíng má le, htê apûn awang htête htêwang (35) cham, htêzúm htêwang (16) cham, htê lhoq byín é htêhtoq te (5) cham eq Htêhtoq zúm (4) cham jòq lhê. A-ô má tûnshit tô é htêwang pé gi, Zaiwâ myíng má bo é htê pé lé taî kyô tô é nghut lhê.

ကမ္ဘာပေါ်ရှိ ဘာသာစကားတိုင်းတွင် ဗျည်းသံနှင့် သရသံဟူ၍ ပါဝင်ပါသည်။ သို့ရာတွင် ပါဝင်သည့် ဗျည်းသံနှင့် သရသံ အရေအတွက်မှာ ဘာသာစကား တစ်ခုနှင့်တစ်ခု မတူညီပါ။ ဇိုင်ဝါး(ကချင်)ဘာသာစကားတွင် ယေဘုယျအားဖြင့် ဗျည်းသံ (၃၅)ခု၊ ဗျည်းတွဲသံ (၁၆)ခု၊ အခြေခံသရသံ ငါးခုနှင့် သရတွဲသံ လေးခု ပါဝင်သည်ဟု ပညာရှင်များက သတ်မှတ်ကြသည်။ ဤနေရာတွင် ရည်ညွှန်းသည့် ဗျည်း၊ သရဟူသော အသုံးအနှုန်းများမှာ အက္ခရာသင်္ကေတများနှင့် မဆိုင်ပါ။ စကားသံသက်သက်ကိုသာ ရည်ညွှန်းခြင်း ဖြစ်ပါသည်။

#### 2.1.1. Htêwang pé

#### ၂-၁-၁။ ဗျည်းသံများ

Zaiwâ myíng má bo é htêwang (35) lhum lé, htê dùt htoq lo é jòwò lé cháng luî le, htê htoq azòng lé a-ô má tûn shit tô lhê.

ဇိုင်ဝါးဘာသာစကားရှိဗျည်းသံ(၃၅)မျိုးအား အသံဖြစ်ရာ(ဌာန်)နှင့် အသံဖြစ်ဟန် အလိုက် တစ်ဖက်ပါဇယားအတိုင်း ဖော်ပြထားပါသည်။

| Htê lhoqhtoq hkyang<br>အသံဖြစ်ဟန် | Nhutwui zúm htê-myhí<br>နှုတ်ခမ်း | Nhuwui Zuì htê-myhí<br>နှုတ်ခမ်း၊ သွား | Shônyuq gûng/ hí htê-myhí<br>သွားရင်း | Shô hkyap htê-myhí<br>အာခေါင် သွား | Âm shô-pûn htê-myhí<br>အာခေါင် မာ | Shô-pûn nyhóm htê-myhí<br>အာခေါင် ပျော့ | Shô-pûn htê-myhí<br>လည်စေ့ |
|---|---|---|---|---|---|---|---|
| Htêhtân<br>ရှန်းပွင့်သံ | p<br>hp<br>b | | t<br>ht<br>d | | | k<br>hk<br>g | |
| Shô htuq htêhtân<br>ရှန်းပွင့် ပွတ်တိုက်သံ | | | ts<br>x<br>z | chy<br>ch<br>j | | | |
| Shô kûn<br>လျှာသွင်းသံ | | | lh<br>l | | | | |
| Htê nyhóm<br>ပွတ်တိုက်သံ | | f | s | sh | | | h |
| Chyut gyó htê<br>လျှောဆင်းသံ | | wh<br>w | | yh<br>y | | | |
| Nhô Htê<br>နှာသံ | mh<br>m | | nh<br>n | rh<br>r | nyh<br>ny | ngh<br>ng | |

Ahtoq má tûnshit tô é htête htêwang (35) cham gi, Zaiwâ myíng é htê apûn awang pé nghut lhê. Htête htêwang (35) cham má, laiká cham í cham, sûmcham lé pong tô é htête htêwang (17) cham pé le bo lhê (hp, ht, hk, ch, chy, sh, ts, wh, yh, rh, mh, nh, lh, ny, nyh, ng, ngh) . Nghut kôlhang htêwang haú pé lé nghap kat jáng rahtê san za htoq lhê. Zaiwâ myíng má htêzúm htoq é htêzúm htêwang (16) cham jòq lhê. Haú pé lé, aô má tûn shit tô lhê.

အထက်ပါဇယား၌ ဖော်ပြထားသော ဗျည်းသံ(၃၅)မျိုးသည် ဇိုင်ဝါး(ကချင်)ဘာသာ စကား အခြေခံဗျည်းသံများ ဖြစ်ကြပါသည်။ ၄င်းအခြေခံဗျည်းသံ (၃၅)မျိုး၌ စာလုံးတွဲဗျည်း (၁၇)ခု ပါဝင်သည်။ ၄င်းတို့မှာ (hp, ht, hk, ch, chy, sh, ts, wh, yh, rh, mh, nh, lh, ny, nyh, ng, ngh) တို့ ဖြစ်ကြသည်။ သို့သော်လည်း ၄င်းစာလုံးတွဲဗျည်းသံ (၁၇)ခုသည် စကားလုံးတွဲ

ဖြစ်သော်လည်း အသံတစ်သံတည်းသာထွက်သောကြောင့် ၄င်းတို့အား ဗျည်းတွဲသံဟု မခေါ်ပါ။ ၄င်းတို့သည် အခြေခံဗျည်းသံများသာ ဖြစ်သည်။

ထို့အပြင် ဇိုင်ဝါး(ကချင်) ဘာသာစကားရှိ ဗျည်းတွဲသံများကိုလည်း ဆက်လက်ဖော်ပြသွားပါမည်။ ဇိုင်ဝါးဘာသာစကားတွင် ဗျည်းတွဲသံ (၁၆)ခု ရှိသည်။ ၄င်းတို့မှာ -

| | | | | |
|---|---|---|---|---|
| by | gy | br | gr | my |
| py | ky | pr | kr | myh |
| hpy | hky | hpr | hkr | lhy |
| | | | | ty |

## 2.1.2. Htêhtoq pé

### ၂-၁-၂။ သရသံများ

Zaiwâ myíng má, htê dòq gyó lé cháng mû, dangcham, danghkun pê é lichyúm lhoq htoq é nghut lhê. Haú mù luî, htêhtoq laiká cham pé lé rago dàt nghap htoq râ dùt lhê.Zaiwâ myíng má jòq é htê pé eq kúmlhá pé lé tûn shit tô lhê.

ဇိုင်ဝါး(ကချင်) ဘာသာစကားသည် တက်ကျသံရှိသော ဘာသာစကားဖြစ်သည်။ အသံ အနိမ့်၊ အမြင့်အလိုက် အဓိပ္ပာယ်ကွဲပြားသော ဘာသာစကားဖြစ်သည်။ ဇိုင်ဝါး(ကချင်)ဘာသာစကားတွင် ယေဘုယျအားဖြင့် တက်ကျသံငါးမျိုး သတ်မှတ်ထားပါသည်။

| No. | Myìng | Htê kúmlhá | htê htoq | Dangké | |
|---|---|---|---|---|---|
| 1. | Htê kyo (မူလသံရှည်) (သံပြေ) | ___ | a | lo | ကျား |
| 2. | Htê myhâng (သံလေး )(အမြင့်သံ) | ´ | á | ká | ရေး |
| 3. | Htê nyhûm (သံနိမ့်) | ` | à | lò | လာ |
| 4. | Htê myhâng gyó (သံတက်နိမ့် )(သံပြင်း) | ˆ | â | Yhûm | အိမ် |
| 5. | Htê ngap (သံတို )(အမြင့်၊ အနိမ့်) | **-q** | aq, àq | chyoq, jòq | (ချက်ပြုတ်) (ရှိ) |

(Matsíng: Htê kúmlhá pé lé htêhtoq laiká cham pê é ahtoq má kâ tap râ lhê.Htêhtoq zúm laiká cham nghut jáng, htâng mâ é laiká châm htoq má kâ tap râ lhê.)

မှတ်ချက်။ ။ အသံသင်္ကေတများအား ရေးသားရာ၌ သရအက္ခရာများ၏ အပေါ်တည့်တည့်တွင် ရေးသားရသည်။ သရတွဲဖြင့်ရေးသားရသော စကားလုံးများတွင်မူ နောက်ဆုံးသရ၏အပေါ်တွင် တပ်ဆင်ရေးသားပေးရ၏။ ဥပမာ- ló ,htân , zuì .

Zaiwâ myíng má htê lhoq htoq laiká cham (136) jung jòq lhê. Haú pé lé dum gam hkoq kat é hkûn htêhtoq apûn awang (36) cham, lóhtáng htêhtoq (40) cham eq lóhtáng nhôhtê htêhtoq (60) cham pé nghû sum jâ wó gam hkoq ri. Haú mû luî, htêhtoq azòng lé a-ô má tûn shit tô lhê.

ဇိုင်ဝါး(ကချင်) ဘာသာစကားရှိ သရသံများကို အထက်တွင် ဖော်ပြခဲ့သည့် တက်ကျသံ လေးမျိုးဖြင့် ထပ်မံခွဲခြားကြည့်လျှင် ဇိုင်ဝါး(ကချင်) ဘာသာစကားတွင် သရသံများစွာရှိသည်ဟု ပြောနိုင်ပါသည်။ ဇိုင်ဝါး(ကချင်)ဘာသာစကားရှိ သရသံများကို မူလသရသံ(၃၆)လုံး၊ သံရပ်သရ(၄၀)လုံးနှင့် နှာသံသရ(၆၀)လုံး၊ စုစုပေါင်း (၁၃၆)လုံး ရှိသည်ကို အောက်ပါဇယားအတိုင်း တွေ့နိုင်ပါသည်။

## Zaiwâ Htêhtoq (136)lhum [ဇိုင်ဝါး(ကချင်) သရသံ (၁၃၆)မျိုးဇယား]

| Htêhtoq pé<br>အမျိုးအစား | Htê dòq gyó htêhtoq apûn awang<br>မူလသရ တက်ကျသံများ (၃၆)သံ | | | | Ló Htáng htêhtoq (HtêNgap)<br>သံရပ်သရ (၄၀)သံ | | Ló Htáng htêhtoq (Nhô htê)<br>နှာသံ (၆၀)သံ | | | |
|---|---|---|---|---|---|---|---|---|---|---|
| Htêhtoq te pé<br>အခြေခံ သရ | a | á | à | â | àq | aq | am | ám | àm | âm |
| | | | | | àp | ap | an | án | àn | ân |
| | | | | | àk | ak | ang | áng | àng | âng |
| | | | | | àt | at | | | | |
| | e | é | è | ê | èq | eq | em | ém | èm | êm |
| | | | | | èp | ep | en | én | èn | ên |
| | | | | | èk | ek | eng | éng | èng | êng |
| | | | | | èt | et | | | | |
| | i | í | ì | î | ìq | iq | im | ím | ìm | îm |
| | | | | | ìp | ip | in | ín | ìn | în |
| | | | | | ìk | ik | ing | íng | ìng | îng |
| | | | | | ìt | it | | | | |
| | o | ó | ò | ô | òq | oq | om | óm | òm | ôm |
| | | | | | òp | op | on | ón | òn | ôn |
| | | | | | òk | ok | ong | óng | òng | ông |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | òt | ot | | | | |
| | u | ú | ù | û | ùq | uq | um | úm | ùm | ûm |
| | | | | | ùp | up | un | ún | ùn | ûn |
| | | | | | ùk | uk | ung | úng | ùng | ûng |
| | | | | | ùt | ut | | | | |
| Htêhtoq zúm pé သရတွဲ | ai | aí | aì | aî | | | | | | |
| | au | aú | aù | aû | | | | | | |
| | ui | uí | uì | uî | | | | | | |
| | oi | oí | oì | oî | | | | | | |

## 2.2. Dangcham Dùt Lo É Hkyô

## ၂-၂။ ဝဏ္ဏဖွဲ့စည်းပုံနှင့် သရသံ ဗျည်းသံ အတွဲအစပ်

Htêhtoq laiká cham baú nghut nghut, htêwang eq htehtoq pong kat le, rahtê htoq é dangcham dùt lo lhê. Dangké; - au ( au = Zang chyoq au .) gâ é dangcham gi, rahtê htoq mû htêhtoq laiká cham baú eq kâ tô é nghut lhê. "zo" nghû kâ kat jáng, (z) gi, htêwang nghut mû, (o) gi, htêhtoq te nghut lhê. "Maubu" nghû ká jáng, í htê htoq é dangcham dùt lo é nghut lhê.Zaiwâ myíng azó lé cháng mû, dangcham pé lé kâ é hkyô pé lé a-ô má gam hkoq shit tô lhê.

သရသံ သက်သက်ဖြစ်စေ၊ သရသံနှင့်ဗျည်းသံ ပေါင်းစပ်၍ဖြစ်စေ ဖြစ်ပေါ်လာသော အသံအစိတ်အပိုင်းကို ဝဏ္ဏဟု ခေါ်ခြင်းဖြစ်သည်။

ဥပမာ-"au"“အိုး”ဟုအသံထွက်လျှင် သရသံတစ်ခုတည်းနှင့် ဝဏ္ဏတစ်ခုဖြစ်သည်။ "zo" ဟုဆိုလျှင် ဗျည်းသံ (z) နှင့် သရသံ (o) တွဲစပ်ထားသည့် ဝဏ္ဏတစ်ခုဖြစ်သည်ဟု ဆိုနိုင်ပြီး "maubu"ဟုဆိုလျှင် ဝဏ္ဏနှစ်ခုရှိသည်ဟု ယေဘုယျအားဖြင့် မှတ်ယူနိုင်ပါသည်။

ဇိုင်ဝါး(ကချင်) ဘာသာစကား၏ ဝဏ္ဏဖွဲ့စည်းပုံများမှာ အောက်ပါအတိုင်းဖြစ်သည်။

**Masàt kúmlhá အတိုကောက် သင်္ကေတများ**

| | | | | | |
|---|---|---|---|---|---|
| C | = | htêwang(ဗျည်း) | T | = | htê kúmlhá pé (တက်ကျသံ) |
| V | = | htêhtoq(သရ) | Ló htáng | = | m,n,ng,p,t,k (နောက်ပိတ်ဗျည်း) |

| No<br>စဉ် | Dangké<br>ဥပမာ | Dangcham Tsuq é hkyô<br>ဖွဲ့စည်းပုံ | kúmlhá<br>သင်္ကေတ | Lichyúm<br>အဓိပ္ပာယ် |
|---|---|---|---|---|
| 1. | û | htêhtoq<br>(သရသံသက်သက်ဝဏ္ဏ) | v | အူ |
| 2. | au | htêhtoq zúm<br>(သရတွဲ) | vv | အိုး |
| 3. | bu | htêwang + htêhtoq<br>(ဗျည်း + သရ) | cv | အကြီ |
| 4. | Bau | htêwang + htêhtoq zúm<br>(ဗျည်း + သရတွဲ) | Cvv | ပိုးသည် |
| 5. | byo | htêzúm htêwang + htêhtoq<br>(ဗျည်းတွဲ + သရ) | ccv | ပျား |
| 6. | gyui | htêzúm htêwang + htêhtoq zúm<br>(ဗျည်းတွဲ + သရတွဲ) | ccvv | ကျိုး |
| 7. | ut | htêhtoq + Ló htáng<br>(သရ + နောက်ပိတ်ဗျည်း) | vc | မောင်း |
| 8. | bùm | htêwang + htêhtoq + Ló htáng<br>(ဗျည်း + သရ + နောက်ပိတ်ဗျည်း) | cvc | တောင် |
| 9. | byàm | htêzúm htêwang + htêhtoq +Lóhtáng<br>(ဗျည်းတွဲ + သရ + နောက်ပိတ်ဗျည်း) | ccvc | ခုန် |
| 10. | zang | htêwang + htêhtoq + Ló htáng<br>(ဗျည်း + သရ + နောက်ပိတ်ဗျည်းတွဲ) | cvcc | ထမင်း |
| 11. | myung | htêzúm htêwang + htêhtoq +Ló htáng<br>(ဗျည်းတွဲ + သရ + နောက်ပိတ်ဗျည်းတွဲ) | ccvcc | ညောင်းသည် |
| 12. | bùq | htêwang + htêhtoq + htê ngap (q)<br>(ဗျည်း + သရ + သံရပ်) | Cvq(t) | ပေါက်ကွဲ |
| 13. | byùq | htêzúm htêwang + htêhtoq + htê ngap (q)<br>(ဗျည်းတွဲ + သရ + သံရပ်) | Ccvq(t) | ပျောက် |

တစ်ဖက်ပါ ဝဏ္ဏဖွဲ့စည်းပုံများကို လေ့လာခြင်းအားဖြင့် ဇိုင်ဝါး(ကချင်) ဘာသာစကား၏ ဝဏ္ဏဖွဲ့စည်းပုံမှာ CV, VC, CVC+T (တက်ကျသင်္ကေတ) ရေးနည်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

Zaiwâ myíng má bo é dangcham, danghkun pé gi, htêwang eq htêhtoq pé lé kâ tsúm mû, ká  râ é laiká ká yung nghut lhê. Haû mù luî, Zaiwâ Myíng lé kâ é yung lé, dangcham tsúm ká yung nghû wó taî lhê. Hau é yánmai, zoshâng wuì lé mhoq byi râ sará pé gi, zoshâng wuì dangcham racham má bo é htê pé lé rago za dàt gamhkoq sé râ matú mhoq byi râ dùt lhê. Zaiwâ myíng má bo é dangcham myo hpyang gi htê rahtê za htoq é myô rá. Nghut kôlhang su-pê é myíng su, rahtê htoq chyân luî htoq é dangcham pé le jòq lhê. Dangké;

ဇိုင်ဝါး(ကချင်)ဘာသာစကားသည် အက္ခရာကို အစဉ်လိုက် သရနှင့်ပေါင်းစပ်ကာ တက်ကျသံသင်္ကေတများဖြင့် ပေါင်းစပ်ရေးသားရသော ဘာသာစကားဖြစ်သဖြင့် ဝဏ္ဏတစ်လုံး၏ ဖွဲ့စည်းပုံ အစနှင့် အဆုံးကို သိရှိနိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်သည်နှင့်အညီ ကလေးများအနေဖြင့် အရေးအဖတ် အစပျိုးသင်ယူနိုင်ရန် ဝဏ္ဏတစ်ခုချင်းစီကို ခွဲခြားနိုင်သော အသိရှိရန် အရေးကြီးသည်ဟု ဆိုပါသည်။ ဇိုင်ဝါး(ကချင်)ဘာသာစကားတွင် စကားလုံးအများစုမှာ ဧကဝဏ္ဏ (အလွယ်ပြောရလျှင် စကားသံတစ်ချက်ထွက်) စကားလုံးများဖြစ်သည်။ သို့ရာတွင် အခြားဘာသာစကားများနည်းတူ ဝဏ္ဏတစ်လုံးထက်ပိုသော စကားလုံးများလည်း များစွာရှိသည်။

ဥပမာအားဖြင့် -

1. Byo,yhûm, no, nhut, yo, sho (rahtê htoq dangcham pé) ဧကဝဏ္ဏ (အသံတစ်ချက်သာ ကြားရသည့်) စကားလုံးများ
2. Zangbung , no-naú , buìbù, maubu(htê í-htê htoq dangcham pé) (အသံနှစ်ချက်ကြားရသည့်) စကားလုံးများ
3. Mosomhkung, wuìsanghpo, chû-naúshi (htê sum htê htoq dangcham pé )
   စသည်တို့တွင်မူ (တစ်ချက်မက ကြားရသည့်) စကားလုံးများ ဖြစ်သဖြင့် ဗဟုဝဏ္ဏ စကားလုံးများဟု ခေါ်ကြပါသည်။

Zoshâng wuì gi, dangcham racham má htê hkâ-myhó htê bo é lé dàt gamhkoq  râ matú ahkyàk lhê. Haú mû luî, dangcham pé má bo é htê pé lé dàt gamhkoq râ matú a-ô má kâ shit tô é mhoq yung pé lé wó chung jai lhê.

(1) Danghtê tsúm dangcham pé lé shuî hkyîn  àq.
(2) Danghtê tsúm, dangcham zúm mû kâ tô é jihkyang pé, laiká yán pé lé shuî nghap àq.

ကလေးများအနေဖြင့် ကြားရသည့် စကားသံတစ်ခွန်းတွင် ဝဏ္ဏမည်မျှပါသည်ကို ခွဲခြားသိမြင်နိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ တစ်ဖက်ဖော်ပြပါလုပ်ငန်းများကို လုပ်ကိုင်ပေးခြင်းဖြင့် ကလေးများကို အသံသဘော၊ ဝဏ္ဏသဘောများ သိမြင်နားလည်စေနိုင်မည် ဖြစ်သည်။

၁။ ကာရန်တူအသံများ ဖော်ထုတ်ခြင်း။

Jòq htoq Jòq,
kê htoq dòq,
Xo joí Jòq.

၂။ သံတူစပ် တေးကဗျာများ၊ စာပိုဒ်များ ရွတ်ဆိုခြင်း။

ဥပမာ -

(1) Ká ká kòk kòk, loká kòk. (ကွက်တီ ကွက်ကျား ၊ ကျားသစ်ကျား)

(2) Dangcham pé,dang-yán pé mai, rahtê htoq, í htê htoq dangcham má bo é htê pé lé gamhkoq é hkyô

(စကားလုံးများ၊ ဝါကျများမှ ဝဏ္ဏများခွဲထုတ်ခြင်း၊ ဝဏ္ဏများကို ပေါင်းစပ်ခြင်း)

-No-naú, nhiktâng, hkoshaú

-Baùwoq zo eq Pohkyaq zo,
Ó yùq je ko ko.
Wú kat Wú le Pohkyaq ko,
Je tiq é gi, Baùwoq zo.

(3) Dangcham hí htêwang pé lé shuî gam hkoq é hkyô

(အစဗျည်းသံများ ခွဲခြားခြင်း)

Dangké; Jong gok hkaû má wó myang é "k" gâ é htê eq hi é zè gi haî?nghû myi aq.(kok)

ဥပမာ - ဒီအခန်းထဲမှာ ကျွန်တော့်မျက်စိနဲ့မြင်တာ 'K'အသံနဲ့ စတဲ့အရာက ဘာပါလိမ့်။

## 2.3. Zaiwâ Laiká Kâ É Yung

### ၂-၃။ အရေးအသားစနစ်

Zaiwâ laiká gi, htêwang eq htêhtoq laiká cham pé pong kat mû htoq lo é rahtê htoq dangcham pé lé, Zaiwâ myíng, danghkun azó má cháng mû, haú pé lé dum pong kat jáng lichyúm byíng jùp é dangcham dùt lo lhê. Dangcham haú pé lé dang-yán dùt shoq danghkun azó má cháng luî, laiká yán rayán htâng rayán kâ gyó râ é nghut lhê. Haû mù luî, Zaiwâ laiká kâ ló é má, sâng hî dangcham (rahtê htoq dangcham) dùt shoq tsuq é hkyô gi apûn awang nghut lhê. Rahtê htoq dangcham pé lé pông mu, dangcham, danghkun dum wó kâ ló é nghut lhê. Haú mû luî, Sará pé gi, dangcham racham lé wó ká râ matú ahkyàk é laiká yhângnu eq htêwang pé, htêhtoq pê é htê pé lé , jongzô pé rago dàt gamhkoq râ matú rago za mhoq byi râ dùt lhê.

ဇိုင်ဝါး(ကချင်)စာအရေးအသားစနစ်သည် ဗျည်းအက္ခရာနှင့် သရ၊ တက်ကျသံ သင်္ကေတများပေါင်းစပ်ပြီး ဝဏ္ဏတစ်ခုအဖြစ် စုစည်းရေးဖွဲ့သည့် အရေးအသားစနစ် ဖြစ်သည်။ သို့ဖြစ်ရာ အရေးအဖတ် အစပျိုးသင်ကြားရာတွင် အက္ခရာများ၏ အသံဆက်စပ်ပုံ၊သရတက်ကျသံ သင်္ကေတများ အသုံးပြုပုံကို သိရှိနားလည်အောင် လေ့ကျင်ပေးရန် လိုအပ်မည်ဖြစ်သည်။

2.3.1. Zaiwâ Laiká Yhângnu (Zaiwâ Alphabets)

**၂-၃-၁။ အခြေခံအက္ခရာ (၂၄)လုံး**

Zaiwâ Laiká Yhângnu (24) cham jòq lhê.Laiká Yhângnu (24) cham gi, htêwang eq htêhtoq pê é apûn awang nghut lhê.

ဇိုင်ဝါး(ကချင်)စာအရေးအသားတွင် အက္ခရာ (၂၄)လုံး ရှိသည်။ ၄င်းအက္ခရာ (၂၄)လုံးသည် ဗျည်းအက္ခရာနှင့် သရအက္ခရာများ၏ အခြေခံအက္ခရာများ ဖြစ်ကြသည်။ အဆိုပါ အက္ခရာ (၂၄)လုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | | | |
|---|---|---|---|---|
| A a | E e | I i | O o | U u |
| H h | CH ch | L l | M m | N n |
| B b | P p | D d | R r | J j |
| T t | X x | S s | F f | G g |
| K k | W w | Y y | Z z | |

2.3.2. Laiká Yhângnu Mai Dum Tsûm Htoq Kat É Htêwang eq htêhtoq Pé

**၂-၃-၂။ ဆင့်ပွားအက္ခရာများ**

Zaiwâ Laiká Yhângnu (24) cham lé htêwang dông chung lhê. Zaiwâ **Laiká** yhângnu 24 cham mai dum hku htoq kat é htêwang (32) cham eq, htêhtoq zúm (4)cham jòq lhê.

ဇိုင်ဝါး(ကချင်)စာပေတွင် အခြေခံအက္ခရာများမှ ဆင့်ပွားလာသော ဗျည်းအက္ခရာ (၃၂)လုံးနှင့် သရတွဲ လေးလုံး ရှိသည်။

| Htête Htêwang Pé<br>တစ်သံကိုယ်စားပြု<br>စာလုံးတွဲဗျည်း | | | | Htêzúm htêwang Pé<br>နှစ်သံကိုယ်စားပြု ဗျည်းတွဲ | | | | htê htoq zúm<br>သရတွဲ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| hp | ht | hk | ts | by | py | hpy | gy | ai | au | ui | oi |
| sh | chy | lh | wh | ky | hky | br | pr | | | | |
| yh | mh | nh | rh | hpr | gr | kr | hkr | | | | |
| ny | nyh | ng | ngh | my | myh | lhy | ty | | | | |

Ahtoq má kâ shit tô é pé bànshoq gi, Laiká yhângnu mai dum tsûm htoq kat é htêwang eq htêhtoq pé nghut lhê. Htêwang pé mâ é htêzúm htêwang ra-am lé gi, Zaiwâ myíng má a lûm chûng (Dangké;- gr,kr,hpr,hkr ). Dangcham kâ ló é hkûn, "m , n , ng, p, t, k", pé lé gi, htêwang dông le chûng mû luî, dangcham ra-am pé má gi, lóhtáng (htêngap ) dông le chung lhê (dangké;-bùm, bang, bùp). Haú sû é dangcham pé má gi, "m,n,ng,p,t,k", pé lé htêwang dông htê a nghap htoq cha lo.

အထက်ဖော်ပြပါ ဗျည်းများအားလုံးကို ဗျည်းအက္ခရာအဖြစ် သတ်မှတ်အသုံးပြုသည်။ ၄င်းတို့ထဲမှ ဗျည်းတွဲ gr, kr, pr, hpr, hkr များသည် အသုံးနည်းသော ဗျည်းများဖြစ်သည်။ အရေးအသားစနစ်တွင် m, n, ng, p, t, k တို့ကို ဝဏ္ဏနောက်ပိတ်ဗျည်းအဖြစ် အသုံးပြုရေးသားရသည်။ ဥပမာ - bùm, bang, bùp, .... စသည့် စကားလုံးများတွင် နောက်ပိတ်ဗျည်းအဖြစ် အသုံးပြုရပြီး ၄င်းနောက်ပိတ်ဗျည်းများ၏ အသံထွက်သည်။

## 2.3.3. Laiká kâ é má chûng râ é kúmlhá pé (Punctuation)

### ၂-၃-၃။ အခြားအရေးသင်္ကေတ အမှတ်အသားများ

ဇိုင်ဝါး(ကချင်) ဘာသာစကား၏ အရေးအသားစနစ်တွင် စာအရေးအသား၌ အသုံးပြုရသော ပုဒ်ဖြတ်ခြင်းဆိုင်ရာ သင်္ကေတများရှိသည်။ ၄င်းသင်္ကေတများကို တစ်ခုချင်းစီအလိုက် အသုံးပြုပုံကို အဓိပ္ပာယ်ရှင်းလင်းချက် ဥပမာများဖြင့် ဖော်ပြထားသည်။

**(1) Daûno - ( , ) Comma** (ပုဒ်ဖြတ်) **( , )**

1. Dang-yán hing é agyo má, rahkun eq rahkun byam nô yu é hkûn chung lhê.
2. Dang-yán má bo é myìng pé, taî nau é hkyô í lhum eq ahtoq gû bò jáng, ralhum eq ralhûm é gyoro má, daûno kúmlhá lé kat râ lhê.
3. A pung é hkyô lé taî kyô é dangcham pê é gyoro pé má le, daûno lé kâ chûng râ lhê.

စာကြောင်းအတွင်းရှိ အကြောင်းအရာနှင့် စကားစုတစ်စုနှင့်တစ်စုကြားတွင် ဖတ်ကြားရာ၌ အဓိပ္ပာယ်ရှင်းစေရန် ခေတ္တရပ်နားရမည့် ပုဒ်ဖြတ်သင်္ကေတဖြစ်သည်။

**(2) Dangzoxui- ( ; ) Semicolan** အဓိပ္ပာယ်ထပ်ဆင့် ရှင်းလင်းခြင်းပြသကေ်တ

1. Lichyúm hing é dang-yán pé lé, sang kyô é hkûn chung lhê.

စာကြောင်းတစ်ကြောင်းအတွင်းရှိ အဓိကအဓိပ္ပာယ်အား ထပ်ဆင့်ရှင်းလင်း တင်ပြ လိုသည့်အခါ ( ; ) သကေ်တအား အသုံးပြုရသည်။

**(3) Dangmyi - ( ? ) Question** မေးခွန်းသကေ်တ **( ? )**

1. Dang myi myî é dang-yán jihtûm má chung lhê.
2. Rago a sê é zànwut lé dang-yán má kat naû jáng, zànwut é htâng má dangmyi lé kat râ lhê.

အမေးဝါကျ၏အဆုံးတွင် အသုံးပြုသည်။

**(4) Nhikbyòq - ( ! )** အာမေဋိတ်သံပြ **( ! )**

1. Nhikbyòq ló é lé sang kyô é danghkun má chung lhê.

ထိတ်လန့်၊ အံ့သြစွာဖြင့် ထွက်ပေါ်လာသော အာမေဋိတ်သံစကားလုံး၏ နောက်တွင် အသုံးပြုသည်။

**(5) Dang sat - ( . )** ပုဒ်မ **( . )**

1. Dang rayán ban ká hkangmó má, dangsat (.) kúmlhá lé kat râ lhê.
2. Dangcham pé lé tot é dông kâ shit nau é hkûn gyoro má dangsat chung lhê.

(၁) စာကြောင်းတစ်ကြောင်း အဆုံးသတ်တိုင်း ( . ) ပုဒ်မ ရေးရသည်။

(၂) စကားလုံးများအား အတိုကောက်ဖော်ပြရာ၌ စကားလုံးများကြား၌ ပုဒ်မအား ထည့်သွင်းရေးသားရသည်။

**(6) Dangngho hpóng / myhi - (" ") Inverted Commas**

မျက်တောင် အဖွင့်၊ အပိတ် (“ ”)

1. Yhûmsîng sang kyô nau é danghkun pé lé (" ") hkaû má kat mû sang kyô lhê.
2. Taî wú bê danghkun lé ashut ashaî roq nghô chung é nghut lhê.
3. Gó bang taî é dang lé yhûmsîng dum taî kyô nau é hkûn ,danghkun haû lé dangngho hpóng/myhi kúmlhá gyoro má kâ chûng râ lhê.
4. Byù í yùq dang nyo lhûm é hkyô lé, tûnshit é má dangngho hpóng / myhi lé chûng râ lhê.

(၁) တစ်ပါးသူ၏စကားအား ၏သည်မရွေး ပြန်လည်ပြောပြရာ၌ အသုံးပြုသည်။

(၂) နှစ်ယောက်စကားပြော စကားလုံးများ ဖော်ပြရာ၌ အသုံးပြုသည်။

**(7) Dangxoq - ( : ) စကားဆက် ( : )**

1. Dang-yán lichyúm sang kyo râ hí má chung lhê.
2. Lichyúm ralhum lé sangkyô é htâng, jí jí chyun chyun dumxoq sângkyo râ matú dangxoq kumlhá lé chûng râ lhê.

အကြောင်းအရာတစ်ခုအား ထပ်ဆင့်အသေးစိတ် ဆက်လက်ရှင်းပြရန်အသုံးပြုသည်။

**(8) Htê-kyo ( - ) Hyphen** အသံခြား ( - )

1. Dangcham racham má, htê í htê bò mû, xoq ká jáng shèq lichyúm ralhum za htoq é dangcham pé lé kâ é hkûn, dangcham gyoro má, htêhtoq laiká cham í lhum bo to jáng, htê-kyo kúmlhá lé kat mû ká râ lhê. Dangké; ra-am, byo-ûm, hkya-on.
2. Dangcham racham za nghut mû, pông ká jáng lichyúm ge htaî byùq é laiká cham pê é gyoro má, htê-kyo kúmlhá lé kat râ lhê.
3. Laiká yán rayán é lóhtâng dangcham a ban ká shi-má, jowò a ngô byùq jáng lòq yò hkyam má htê-kyo kúmlhá kâ kat mû,a-ô mâ é laiká yán hkyô dum ge xoq kâ ló lhê.
4. Hkya-on mahkôn mâ é dangcham pé lé, mahkôn htê lé cháng mû, htê-kyo kat châ lhê.

အသံနှစ်သံထွက်သော စကားလုံးတည်ဆောက်ရာ၌ ဝဏ္ဏတစ်ခုနှင့်တစ်ခုကြား ဗျည်းနှင့် သရ ပေါင်းသွားနိုင်သည့်အခါ စကားလုံးကြား၌ အသံခြားသင်္ကေတ ထည့်သွင်း ရေးသားရသည်။

**(9) Myihkyèt chyón - ( / ) (or) haû a nghut jáng (မျှဉ်းစောင်း)**

Ahkyô ralhum eq ralhum lé whuí mû kâ shit é hkûn chung lhê

အကြောင်းအရာ တစ်ခုနှင့်တစ်ခု ယှဉ်တွဲဖော်ပြရာ၌ အသုံးပြုသည်။ ကျား/မ

**(10) Dang myhup - ( ' ) Apostrophe အတိုကောက် ( ' )**

1. Mahkôn kâ é hkûn dangcham lé tot é dông kâ é má chung lhê.

စကားလုံးများအား အတိုကောက် ဖော်ပြရာ၌ အသုံးပြုသည်။

**(11) Laiká Cham lé kô é dông chung é hkyô (Capital Letter) စကားလုံးအကြီး**

1. Dang-yán rayán kâ é hkûn, sânghî dangcham lé, laiká cham kô é dông ká râ lhê.
2. Byu é myìng, Wà myìng eq Mingzo dánzo eq sêng é myìng pé lé tûn shit nau é hkûn, dangcham haú pé lé kô é dông ká râ lhê.

(၁) စာကြောင်းတိုင်း၏ ပထမစကားလုံးအား စကားလုံးအကြီးဖြင့် ရေးသားရသည်။

(၂) နာမည်များ၊ မြို့များ ထူးထူးခြားခြားဖော်ပြရမည့် စကားလုံးအစအား စကားလုံးအကြီး ဖြင့် ရေးရသည်။ အောက်တွင် စကားလုံး အကြီး၊ အသေး ရေးသားပုံအား ဖော်ပြ ထားပါသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အကြီး | A | E | I | O | U | H | CH | L |
| အသေး | a | e | i | o | u | h | ch | l |

## 2.4. Zaiwâ Myíng Eq Séng Luî Làksan Matsîng To Râ É Hkyô Pé

### ၂-၄။ ထူးခြားချက်များ

2.4.1. Xoq mû ká râ é Dangcham pé

### ၂-၄-၁။ စကားလုံးတွဲ စာလုံးများ

Zaiwâ danghkun, dangcham pé lé rago wú wú jáng, rahtê za htoq é dangcham pé eq htê í sûm lhum htoq é dangcham pé ga mû, aja ja jòq é lé wó sê lhê. Zaiwâ dangcham myo myo gi, í htê htoq é eq dangcham a zúm zúm mu é pé le jòq lhê. Haú mû luî, dangcham racham má za htê í htê htoq é dangcham pé lé “dang htê zúm dangcham pé” nghu lhê. Dang htê zúm dangcham ra-am lé a-ô má tûn shit tô lhê. Haú mû luî, danghtê zúm mu é dangcham pé lé kâ é hkûn, a gam hkoq pyâm é za htê í htê htoq é dangcham nhik lé rahá ká râ lhê. Haú su kut mû, dangcham lé rahá kâ é hkûn, hí mâ é dangcham ló htáng eq htâng mâ é htêwang laiká cham lé rahá nghut jáng htê ge pong byùq râ su dùt mû, dangcham gyoro má htê-kyo kúmlhá lé kat mû rahá ká râ lhê.

ဇိုင်ဝါး(ကချင်) ဘာသာစကားတွင် ခွဲပြီးမရေးရသော စကားလုံးတွဲများရှိသည်။ ၄င်းကဲ့သို့သော စကားလုံးအချို့အား အောက်တွင်ဖော်ပြထားပါသည်။

ဥပမာ-

Dangké;

| | | | | |
|---|---|---|---|---|
| buìbù | mauhkûng | wuìmau | dù-mó | no-naú |
| nhiktâng | lùmjíng | zoshâng | gùngdu | |
| hkoshaú | ngùn-hîng | | | |

အထက်၌ဖော်ပြထားသော စကားလုံးများမှာ အသံနှစ်ချက်ထွက်သော ဝဏ္ဏများ ဖြစ်ပြီး တစ်ခုနှင့်တစ်ခု ခွဲခြားမရေးမိစေရန် အထူးသတိပြုရပါမည်။ ၄င်းစကားလုံးများအား ရေးသားရာ၌လည်း အသံခြားသင်္ကေတထည့်ရေးရန် လိုအပ်သော စကားလုံးများရှိပါက အသံခြား သင်္ကေတထည့်ပေးရန် သတိပြုရပါမည်။ အသံခြားသင်္ကေတထည့်ရန် လိုအပ်သော စကားလုံးများ အား သင်္ကေတ မထည့်မိပါက ဖတ်သည့်အခါ အဓိပ္ပာယ် ပြောင်းသွားနိုင်ပါသည်။

2.4.2. Danghkun zúm Dangcham kâ é hkyô

### ၂-၄-၂။ စကားစုတွဲ စာလုံးများ

Zaiwâ myíng má, danghtê zúm dangcham í cham bo é danghkun zúm dangcham pé myo myo jòq lhê. Danghkun zúm dangcham pé lé le, racham eq racham lé baú gó tû dang-yán pé má ge kâ chung é dangcham pé le bo lhê. Nghut kôlhang, myohpyang dangcham zúm pé lé kúm gó tû tû kut mû a ge kâ chûng, Haî mu gâ le, dangcham haú pé gi dangcham zúm má chûng râ é dangcham pé nghut é yánmai nghut lhê. Danghkun zúm má bo é dangcham ra-am lé a-ô má tûnshit tô lhê.

ဇိုင်ဝါး(ကချင်) စကားတွင် ကာရန်ညီ၍ အဓိပ္ပာယ်ပေါင်းစပ်ထားသော စကားစုတွဲများ ရှိသည်။ ၄င်းစကားစုတွဲမှ စကားလုံးများအား တစ်ဝက်တစ်ပျက်ဖြတ်ယူ၍ စာကြောင်းတွင် အသုံးပြု ပါက အဓိပ္ပာယ်မဲ့စာကြောင်း ဖြစ်သွားနိုင်ပါသည်။ ၄င်းကဲ့သို့သော စကားစုကွဲများအား ဥပမာ အားဖြင့် ဖော်ပြထားပါသည်။

ဥပမာ-

Dangké;

| | | |
|---|---|---|
| rajùm rayò | rading ralhum | myòqchum nhôchik |
| nguì nguì ngón ngón | wáng wáng zán zán | mhan-haq hpoqnòq |
| gu-mang nhiktâng | | |

2.4.3. Danghkun azó má cháng mû, dangcham htê shai ló byùq é hkyô

### ၂-၄-၃။ အဓိပ္ပာယ်တူ အသံကွဲစကားလုံးများ

Zaiwâ myíng mu é hkûn, danghkun azó lé cháng mû, dangcham pê é htê shai ló byùq lhê.Dangcham kâ é hkyang pûng kôlhang, htê shai ló byùq mû, danghkun lichyúm le shai byùq lhê.Haú pé lé kâ é hkûn le, rago za sidìq mû ká râ lhê. Dangké azòng lé a-ô má kâ shit tô lhê.

ဇိုင်ဝါး(ကချင်) စာပေတွင် စကားလုံးတစ်လုံး၏ မူလအသံ ရှိပါသည်။ ၄င်းမူလအသံ သည် ဝါကျသဘောထားလိုက်၍ အသံထွက် ပြောင်းသွားပါသည်။ ၄င်းစကားလုံးသည် ဝါကျ သဘောကိုလိုက်ပြီး အသံပြောင်းသွားပါသော်လည်း ၄င်းစကားလုံး၏ မူလအဓိပ္ပာယ်မှာ ပြောင်းသွား ခြင်း မရှိပါ။ ထို့ကြောင့် စကားလုံးများအား ရေးသားရာ၌ တစ်သမတ်တည်းအသံဟု သတ်မှတ် ထား၍မရပါ။ စကားပြော၊ ဝါကျသဘောကိုလိုက်၍ အသံပြောင်းပြီး ရေးသားရကြောင်း သတိပြုရ ပါမည်။

ဥပမာ - စကားလုံးဝါကျအချို့အား ဖော်ပြထားပါသည်။

| | Dangcham<br>စကားလုံး | Dùt nyi é hkyô shit danghkun<br>အဆိုဝါကျ | He pyâm é danghkun<br>အငြင်းဝါကျ | Dangmyi danghkun<br>အမေးဝါကျ |
|---|---|---|---|---|
| 1. | Dìn<br>ပြေးသည် | Zoshâng zo din nyi ri.<br>ကလေးလေး ပြေးနေသည် | Ngò a kâm dìn lo.<br>ငါမပြေးချင်တော့ဘူး | Nàng hkâ-í wó din lhê?<br>မင်းဘယ်လောက် ပြေးနိုင်သလဲ |
| 2. | So<br>လမ်းလျှောက်သည် | Hkyô sô le wángzán lhê.<br>လမ်းလျှောက်လျှင် ကျန်းမာ၏ | Ngò hkyô a kâm so.<br>ငါလမ်းမလျှောက် ချင်တော့ဘူး | Nàng hkyô a kâm so lhí?<br>မင်းလမ်းမလျှောက် ချင်ဘူးလား |
| 3. | Zùng<br>ထိုင်သည် | Tánghkuq má zùng keq.<br>ထိုင်ခုံမှာ ထိုင်ကြပါ | Myigùng má hkâzûng.<br>မြေကြီးမှာ မထိုင်နဲ့ | Ó yùq lé zung tô lhê?<br>ထိုင်ခုံမှာဘယ်သူ လာထိုင်နေသလဲ |
| 4. | Zo<br>စား | Zang zo sháng hkoi.<br>ထမင်းစားရအောင် | Ngò a kâm zo.<br>ငါမစားချင်ဘူး | Haî zô nyi lhê?<br>ဘာစားနေသလဲ |
| 5. | Hkâm<br>ခပ်သည် | Wuì êhkam lò keq.<br>ရေသွားခပ်ခဲ့ကြပါ | Mau wuî hkâhkâm.<br>မိုးရေ မခပ်ခဲ့နဲ့ | Wuì ó yùq hkam tô é lhú?<br>ရေဘယ်သူ ခပ်ထားတာလဲ |
| 6. | Bìk<br>ပစ် | Nghoq bìk ê sháng.<br>ငှက်ပစ်သွားရအောင် | Wà shut hkâbìk kó.<br>ရွာထဲကို မပစ်ကြနဲ့ | Ó yùq bìk kat é?<br>ဘယ်သူပစ်လိုက် တာလဲ |
| 7. | Zúng<br>စောင့်သည် | Âwa yò ló zúng bê<br>အဖေ တောင်ယာ သွားစောင့်တယ် | Ngò yhûm a kâm zúng.<br>ငါအိမ်မစောင့်ချင်ဘူး | Yhûm ó yùq zúng kôrâ?<br>အိမ် ဘယ်သူ စောင့်မှာလဲ |

မှတ်ချက် ။ ။ သံရပ်သရနှင့် ရေးသားရသော စကားလုံးများနှင့် သံမြင့်သရတွဲ စကားလုံးများမှာ မည်သည့် အခြေအနေတွင်မဆို အသံ မပြောင်းလဲပါ။ (ဥပမာ - ၆၊ ၇ )

2.4.4. Laiká dông kâ é dangcham lé, dang taî é má htê lhoq htoq le shai lhûm é dangcham pé

၂-၄-၄။ **အရေးအသားစကားလုံးနှင့် အသံထွက် ပြောင်းလဲနိုင်သော စကားလုံးများ**

Zaiwâ myíng lé laiká dông kâ tô é dangcham pé lé, dang taî é hkûn, kâ é eq shaî luî htê lhoqhtoq mù nghap châ é dangcham pé le jòq lhê.

ဇိုင်ဝါးဘာသာစကားတွင် စကားလုံးတစ်လုံး၏ ရေးဖွဲ့ပုံစနစ် မှန်ကန်သော်လည်း အသံထွက်ရာ၌ စကားပြောအကြောင်းအရာကိုလိုက်၍ ပြောင်းလဲပြီး အသံထွက်ရသော စကားလုံးများ ရှိပါသည်။

| | | | |
|---|---|---|---|
| ဥပမာ - | အရေးအသား စကားလုံး | - | အသံထွက် စကာလုံး |
| | lùqgòk | - | lugòk |
| | wuìlàng | - | ulàng |
| | myòqchum nhôchik | - | myòqchum nhóchik |

## 3. DANGCHAM PÉ

## ၃။ ဝေါဟာရများ

## 3.1. Nyí Wuî Myô Chung É Dangcham Pé

## ၃-၁။ နေ့စဉ်အသုံးများသော စကားလုံးများ

Zoshâng wuì lé Laiká Yhângnu eq htêhtoq pé lé gamhkoq é hkyô a mhoq byi shi-má, dangcham ra-am lé hí wó mhoq byî lhê. Dangcham ra-am lé gi, alhô lé tûnshit mù wó mhoq byî lhê.Haú su kut é hkyô gi, zoshâng wuì lé laiká kâ mhoq , nghap mhoq byî é má gyai akyû byî lhê. Laiká dàt nghap é nghu é gi,laiká cham myo myo lé myang wú bê mù, nhut mai liwán é dông wó nghap htoq lo é nghut lhê.

Haú mû luî, Sará pé gi, zoshâng wuì eq chung yó é dangcham pé eq nyí wuî myô chung é dangcham pé lé hkyin htoq yù mû jongzô pé lé mhoq byi râ dùt lhê.

ကလေးငယ်များကို အရေးအဖတ်သင်ကြားရာတွင် ဗျည်းသရအက္ခရာများကို ခွဲခြားမသင်ကြားမီပင် စကားလုံးအချို့ကို သင်ကြားနိုင်ပါသည်။

အချို့သောစကားလုံးများကို အမြင်ဖြင့်စွဲသွားအောင် သင်ကြားပေးခြင်းဖြင့် အရေးအဖတ်မြန်ဆန်မှန်ကန်စွာ တတ်မြောက်ရေးအတွက် အထောက်အကူဖြစ်ပါသည်။ ထပ်ခါထပ်ခါ မြင်ရတွေ့ဖန်များပြီး အမြင်ဖြင့် မှတ်မိသော စကားလုံးများဖြစ်သဖြင့် အမြင်စွဲ စကားလုံးများဟုလည်း ခေါ်ပါသည်။ စင်စစ်အားဖြင့် အရေးအဖတ် တတ်သည်ဆိုသည်မှာ စကားလုံး အားလုံးနီးပါးလောက်ကို အမြင်စွဲဖြင့် ဖတ်နိုင်ခြင်းဖြစ်သည်။

အမြင်စွဲဖြင့် စကားလုံးများကို မှတ်သားသိလျှောင်ပုံမှာ ကလေးတစ်ယောက်နှင့် တစ်ယောက် မတူနိုင်ပါ။ တစ်ဦးချင်းစီ ထိတွေ့ရင်းနှီးရသည့် စကားလုံးများအပေါ်တွင် မူတည်ပါသည်။ သူငယ်တန်းဆရာများက ကလေးများ အမြင်စွဲဖြင့် ဖတ်နိုင်အောင် လုပ်ပေးသင့်ပါသည်။ ထို့ကြောင့် ဇိုင်ဝါး(ကချင်) ဘာသာစကားရှိ အသုံးများသော စကားလုံးများကို ရှာဖွေပြီး အမြင်စွဲဖြင့် သင်ကြားပေးနိုင်ပါသည်။

## 3.2. Sânghî Tsáng Mhoq Jongzo Wuì Eq Chung Yó É Dangcham Pé

## ၃-၂။ ပညာသင်ယူရာတွင် သူငယ်တန်းအဆင့်နှင့် လျော်ညီသော အသုံးများသော ဝေါဟာရများ

| စဉ် | ဇိုင်ဝါး(ကချင်) | မြန်မာ |
|---|---|---|
| 1. | Ngò | ငါ |
| 2. | Nàng | နင် |
| 3. | Yhang | သူ၊ သူ့ဟာ |
| 4. | Ngá é / Náng é | ကျွန်ုပ်ဟာ၊ ငါ့ဟာ ၊ နင့်ဟာ |
| 5. | Núngmòq | မင်းတို့ |
| 6. | Ngá-mòq | ကျွန်ုပ်တို့ |
| 7. | Súpé/ Sûpê é | သူများ၊ သူများဟာ |
| 8. | Luzúm/ luzúm wuî. | သူငယ်ချင်း၊ သူငယ်ချင်းတို့ |
| 9. | Ânu | အမေ |
| 10. | Âwa | အဖေ |
| 11. | Âchyí | အဘိုး |
| 12. | Âwhoí | အဘွား |
| 13. | Mangmó | အစ်ကိုကြီး |
| 14. | Manglat | အစ်ကိုငယ် |
| 15. | Gu-nú | ညီလေး၊ ညီမလေး |
| 16. | Nyheq nú | ကလေးငယ် |
| 17. | Mangzo | အဘိုးကြီး |
| 18. | bu | အကျီ |
| 19. | haû | အဲဒါ |
| 20. | má | မှာ |
| 21. | hé má | ဟို . . မှာ |
| 22. | kô é / tiq é | အကြီးကြီး၊ သေးသေးလေး |
| 23. | nyé rá | ပူတယ် |
| 24. | nòq rá/ hpyu rá | မဲတယ်၊ ဖြူတယ် |
| 25. | a nghut/ nghut lhê | မဟုတ်ဘူး/ ဟုတ်တယ် |
| 26. | mùq | ဦးထုပ် |
| 27. | lé | ကို |
| 28. | lhê | တယ် |

| စဉ် | ဇိုင်ဝါး(ကချင်) | မြန်မာ |
|---|---|---|
| 29. | hkyîng yù | အနားယူသည် |
| 30. | nyi lhê/akô. | နေတယ်၊ . နေကြတယ် |
| 31. | gùng chi | ရေချိုးသည် |
| 32. | eq | နှင့် |
| 33. | myi | မီး |
| 34. | gi | သည် |
| 35. | râ /..râ nghû | မယ်၊ . မလို့ |
| 36. | jáng | လျှင် |
| 37. | pé | တို့ |
| 38. | bê | ပြီ |
| 39. | matú | အတွက် |
| 40. | ê | သွား |
| 41. | haú sû é | အဲဒီလို |
| 42. | razùp | ခဏ |
| 43. | a bàn shìq | မပြီးသေး |
| 44. | Haî | ဘာ |
| 45. | lùq | လား |
| 46. | Hká | ဘယ်လဲ |
| 47. | ó | ဘယ်သူ |
| 48. | chyoq | ချက်ပြုတ်သည် |
| 49. | pyám bê | လိုက်ပြီ၊ |
| 50. | taí | ပြော |
| 51. | nghap | ဖတ် |
| 52. | zùng | ထိုင် |
| 53. | toq | ထ |
| 54. | zo | စား |
| 55. | jòq | ရှိ |
| 56. | a kám | မ . . ချင် |
| 57. | mhaî | လား |
| 58. | àq mhaî | ပါလား |
| 59. | byi | ပေး |
| 60. | yù | ယူ |

| စဉ် | ဇိုင်ဝါး(ကချင်) | မြန်မာ |
|---|---|---|
| 61. | soî | ဆွဲ |
| 62. | sará | ဆရာ |
| 63. | to | ထား |
| 64. | dang | စကား |
| 65. | ngozo | ငါး |
| 66. | wa | ဝါး |
| 67. | no | နွား |
| 68. | nohkyap | နား |
| 69. | shô | လျှာ |
| 70. | buì | နေ |
| 71. | lòq | လက် |
| 72. | èq | ဖြင့် |
| 73. | lèq | လဲလျှောင်း |
| 74. | myàng | မြင်သည် |
| 75. | htûng/ etap | လွယ်အိတ် |
| 76. | wú | ကြည့် |
| 77. | hkyô | လမ်း |
| 78. | gyùq | ကြောက် |
| 79. | zoshâng | ကလေး |
| 80. | kon | မောင်း |
| 81. | abó | အပွင့် |
| 82. | sikgâm | သစ်ပင် |
| 83. | jong | ကျောင်း |
| 84. | chûng | ကိုင်သည် |
| 85. | ngaù | ငို |
| 86. | hkyî-tsung | ဖိနပ် |
| 87. | buìgò | ထီး |
| 88. | siboî | စာပွဲ |
| 89. | wuìyam | ရေအိုး |
| 90. | tánghkuq | ထိုင်ခုံ |
| 91. | zang | ထမင်း |
| 92. | shuq | သောက် |

| စဉ် | ဇိုင်ဝါး(ကချင်) | မြန်မာ |
|---|---|---|
| 93. | è ó | ဟုတ်ကဲ့ |
| 94. | yhup | အိပ်သည် |
| 95. | htángmó | ဦးလေး |
| 96. | nu-mó | အဒေါ် |
| 97. | sùp kún sháng | ကစားရအောင် |
| 98. | aq | တော့လေ |
| 99. | nhe | ဝါးစားသည် |
| 100. | gó | ကသည် |

# Bunmó (II)

# အပိုင်း (၂)

**Zaiwâ Myíng mhoq é má wó  jai chung é, sânghkyang, mahkôn, Jihkyang eq Mhô-myhi pé.**

ဇိုင်ဝါး(ကချင်) ဘာသာစကားစနစ်
အထောက်အကူပြု
စကားပုံများ၊ စကားထာများ၊
တေးကဗျာများနှင့် ပုံပြင်များ

## 4. DANGHAQ, DANGTAU, MYHÎHPÔ SÂNGHKYANG PÉ

## ၄။ စကားပုံများ၊ စကားထာများ၊ သွယ်ဝိုက်စကားလုံးများ

### 4.1. Myhîhpô Sânghkyang

### ၄-၁။ စကားပုံများ

(1) Zaizo gi, Zai myíng mû; Buìban gi Buì shut hû.
ဇိုင်ဝါးကလေးသည်၊ ဇိုင်ဝါးစကားတက်သကဲ့သို့၊ နေကြာပန်းသည်လည်း
နေဘက်လှည့်

(2) Za-aû bòq gè, janggyú yò gè.
ဒေါ်လေးစိတ်ကောင်းတော့၊ ခြံထွက်သီးနှံလည်းအောင်

(3) Zang gi, hô zô jung; dang gi, a ho taî jung gâ.
ထမင်းဆိုတာ ရှာစားရတယ်၊ စကားဆိုတာ လိုက်လျှောက်မပြောသင့်ဘူး။

(4) Zoshâng so láng, mangzo zô wáng.
ကလေးကလည်း အပြေးမြန်၊ အဘိုးကြီးက သက်ကြီးမြန်

(5) Zau lé lum le shâm nóng myàng, hkúngzîng lé lum le wuìshang jàp.
မိဘအားကိုး သား၊ နောက်မှ နောင်တရ

(6) Zo gô hku le hkô gùn, htuq jàp hpyit le wuì gùn.
စွံ့အသားဖွား၊ ဒုက္ခရ၊ ဝါးကျည်ပေါက်က ရေခပ်မောရ

(7) Zô é lé hkâwú, zuî é lé ruwú aq.
စားတာကို မကြည့်နဲ့၊ လုပ်တာကို ကြည့်ပါ

(8) Zau gê a yhup, loze a up.
သူတော်ကောင်းက အလျင်မအိပ်၊ မြင်းကလေးလည်း အလျင်မအိပ်

(9) Zau dang sûm hkun, lai bik sum dâm.
သူတော်ကောင်း စကားသုံးခွန်း၊ ပစ်မှတ် အတည့်သုံးကြိမ်

(10) Zo-myi ming tui hkyîng, wa-myik bùm hpuí ne.
သမီးရတနာ အရာအားလုံးကို စုစည်းစေတာ

(11) Zang mhat su matú; mû mhat sîng matú.
ထမင်းမစားဘဲနေ၊ သူများအတွက်၊ အလုပ်မသွား ကိုယ်တိုင်ငတ်

(12) Zo a wó sû kâng hîng, mè a wó sû sûn hîng.
သားမရှိသူက အသက်ရှည်၊ စောင်မရှိသူအတွက် ညတာရှည်

(13) Zo luq shuq dûn, wùt lùq xau gûm.
စားနပ်ဖူလုံ၊ ကုံလုံကြွယ်ဝ

(14) Zau zo a mhoq, pui zu a chûn.
သူကြီးသား မဆုံးမ၊ သဘာဝ

(15) Zô le gi Zau, zuî le gi jùn.
စားရင် ဗိုလ်ကြီး အလုပ်လုပ်ရင် ကျွန်အလား

(16) Zoshâng duì luì, au-zo tsû luì.
ကလေးလေးက ခိုင်းလွယ်၊ အိုးကလေးဆူလွယ်

(17) Zoshâng tûng nhik a gying, wa-myik wuì nhúng a zàn.
သားသမီးမကောင်း၊ မိဘခေါင်း

(18) Zo zo gâ le gi, wàq nú dìn, zui zui gâ le gi, hkui gyui ye.
အစားဆို ဝက်ကလေးလိုပြေး၊ အလုပ်ဆို ခွေးခြေကျိုးအလား

(19) Zo gè nhik dîng, wuì gè se dîng.
သားသမီးအလိမ္မာ စိတ်ချမ်းသာ၊ ရေသန့်သည်က ကိုယ်ကျန်းမာ

## 4.2. Danghaq Pé

## ၄-၂။ စကားထာများ

| | | |
|---|---|---|
| (1) | A zùng tánghkuq haî<br>မထိုင်သင့်သောပလွင် | Nohkyi bùm<br>နွားချေးပုံ |
| (2) | Ânu, ngò hí bá<br>အမေကြီး ကျွန်တော် ရှေ့ကလျှောက်မယ် | Dumbáng<br>တုတ်ကောက် |
| (3) | Zô le gi ngham, hô le gi a yùq<br>စားလျှင်အရာသာရှိ၊ စိုက်လျှင်က မပေါက် | Xo<br>ဆား |

| | | |
|---|---|---|
| (4) | Tiq hkûn bu-nyuî wùt, kô lò jáng gi bu-nê wùt<br>ငယ်စဉ်အခါ အကျီစိမ်းဝတ်၊<br>ကြီးလာသောအခါ အနီရောင်ဝတ် | Shihpyik<br><br>ငရုတ်သီး |
| (5) | Mangmó yhûm má âgu ge wàng<br>အစ်ကိုကြီးအိမ်၌ ညီလေးဝင်အိပ် | Shámbyâng<br>ဓားအိမ် |
| (7) | Wamdau ko sû, yhûm zúng<br>ဗိုက်ပူကြီး၊ အိမ်စောင့် | Gùqchyî<br>စပါးကျီ |
| (8) | Je wú je wê é haî?<br>ကြည့်လေ၊ ဝေးလေလေ | Nohkyap<br>နား |
| (9) | Mingkan htoq má laî dik é haî?<br>ကမ္ဘာပေါ်မှာ အလေးဆုံးအရာ | Myòqkuq<br>မျက်ခွံ |
| (10) | Byù ngo yuq é chôm wàq luî dong mó shut wàq hâng kat é haî?<br>လူငါးယောက်၊ တစ်ပြိုင်တည်း အပေါက်ထဲ ဝင်သွားတယ် | Zang zô é<br><br>ထမင်းစားတာ |
| (11) | Zô le rahkoq, Bàn zô le le rahkoq<br>မစားခင်လည်း တစ်ခွက်၊ စားပြီးလည်း တစ်ခွက် | Lahoí<br>ခရု |
| (12) | Pyô lat myihu haî?<br>မျှော်စင်ပေါ်က မီးလုံး | Myòqjí<br>မျက်စိ |
| (13) | Yò hkaû î yo yáng haî?<br>တောင်ယာထဲက ကျောက်တန်းပင် | Lungbum<br>ပြောင်းဖူး |
| (14) | Yò hkaû wàq dung haî?<br>တောင်ယာဝက်ကြီး | Hûmjáng<br>ကျောက်ဖရုံသီး |
| (15) | Yò hkaû hkoí ze haî?<br>တောင်ယာထဲက တူချောင်းများ | Nùqkyuî<br>ပဲတောင့်ရှည် |

| | | |
|---|---|---|
| (16) | Yò hkaû wòq up haî?<br>တောင်ယာထဲက ကြက်မိသားစု | Mui<br>ပိန်းဥ |
| (17) | Gyó gi sé luî, dòq a sê é haî?<br>အဆင်းသာတတ်၍ အတက်မတတ်သော | Hpoq kyuq<br>သစ်ရွက်ခြောက် |
| (18) | A wùt hîng hkóng haî?<br>လူမဆင်တဲ့ လည်ဆွဲ | Kyô<br>မီးဖိုခုံလောက် |
| (19) | Radàm zô to jáng, rapyàt gyî é haî?<br>တစ်ကြိမ်တည်းစားတာနဲ့ တစ်သက်လုံး<br>ဝနေတာ ဘာလဲ | Uhkuq<br>ခေါင်းအုံး |
| (20) | Tiq tô le zang xun kut, ko jáng num náng dùt haî?<br>နုတာ ဟင်းချက်၊ ကြီးသောအခါ အဖော်ဖြစ် | Wa<br>ဝါး |
| (21) | Âchyí Âwhoí a pok nyhá au haî?<br>အဘိုးအဘွား မသောက်တဲ့ ဆေးတံ | Lhângmuì<br>မြွှေ |
| (22) | Âchyí Âwhoí a bàt ut haî?<br>အဘိုး၊ အဘွား မခေါက်သော မောင်း | Byolong<br>ပျားအုံ |
| (23) | Atau î pyûng haî?<br>ပြောင်းပြန်ရေပ္ပြန် | Nhô<br>နှာခေါင်း |
| (24) | Sho rahkyí zâ lé, ó jé ó yâm é haî<br>အသားတစ်တုံးကို တွေ့တဲ့သူတိုင်း<br>လှီးယူလို့ရတာ ဘာလဲ | Sui luq<br>မတ်ကျောက် |
| (25) | Myùq a gyó che haî<br>မျောက်မဆင်းသော ချောက်ကမ်းပါး | Nghelhang<br>နဖူး |
| (26) | No a zô é mhan haî<br>နွားမစားသောမြက် | Xâm<br>ဆံပင် |

## 4.3. Dangtau Pé

## ၄-၃။ သွယ်ဝိုက်စကားလုံးများ

| | | |
|---|---|---|
| (1) | Wuì gû le hkyî teq<br>ချောင်းဖြတ်ပါက ခြေစို | Akyû hkam zô é.<br>အကျိုးခံစားရ |
| (2) | Lòq hîng sû<br>လက်ရှည်သောသူ | Hpyi wó sû.<br>စုန်းရှိသောသူ |
| (3) | Lòq goí sháng hkoi<br>လက်ကော်ကြစို့ | Zang zo sháng.<br>ထမင်းစားကြစို့ |
| (4) | Wàp é hkui a ngàt<br>ဟောင်သောခွေးမကိုက် | A gyùq ra.<br>ကြောက်စရာမလို |
| (5) | Myòq ô mâ é nhô a myàng<br>မျက်စိအောက်က နှာခေါင်းမမြင် | Ahkyàk a tô é.<br>အရေးမယူခြင်း |
| (6) | Ra-nyí buî nghut le le wòq ú racham za<br>တစ်နေ့လုံးကုန်သွားလည်း ကြက်ဥတစ်လုံးတည်း | Mû a dùt.<br>အလုပ်မဖြစ် |
| (7) | Nhô a myìng<br>နှာခေါင်းမလှုပ် | Ahkyàk a yù.<br>ဂရုမစိုက် |
| (8) | Gyô hpat nau ri<br>အံချင်တယ် | A kâm gyo-naû.<br>မကြားချင်ဘူး |
| (9) | Zuì htung nè bang<br>အံတိုနေပြီ | Asàk ko bang, hpàqchyî bò bang.<br>အတွေ့အကြုံရင့်ပြီ |
| (10) | Laì myô é<br>လေများသောသူ အလဟာသပြောသူ | Dangsôm, lichyúm a htoq é dang.<br>အကျိုးမရှိ |
| (11) | Xo wûn e ló bê<br>ဆားလွယ်သွားပြီ | Shî bê.<br>သေသွားပြီ |

## 5. MAHKÔN EQ DANGZÚM JIHKYANG PÉ

## ၅။ တေးသီချင်းများ၊ ကာရန်တူ၊ သံတူစပ်တေးကဗျာများ၊ စာပိုဒ်များ၊ ကဗျာများ၊ စာပိုဒ်များ

### 5.1. Dangcham Zúm Pé

### ၅-၁။ ကာရန်တူ၊ သံတူစပ် တေးကဗျာများ၊ စာပိုဒ်များ

**Laiká Yhângnu Dangcham Zúm**

ဇိုင်ဝါး(ကချင်) ဗျည်းအကွဲရာ ကဗျာများ

| | | |
|---|---|---|
| **A** | Au hpyû zo, zang chyoq zo. | အိုးဖြူကလေး၊ ထမင်းချက်ဖို့ပေး။ |
| **E** | Edin hkyâm, ngón dìk é hkyâm. | ဧဒင်ဥယျာဉ် ပျော်စရာပင် |
| **I** | Îgu Yóng, ngozo kóng. | ဦးလေးယောင်၊ ငါးဖမ်းကောင်း |
| **O** | Óra ra, zùm gó râ. | အော်ရာရာ၊ မနောင်းက။ |
| **U** | Uxâm hpyû, sàk ko sû. | ဆံပင်ဖြူတူ၊ သက်ကြီးရွယ်အို။ |
| **H** | Huhpyû kat, xun nghâm jàt. | ကြက်သွန်ဖြူ ဟင်းခတ်အကူ |
| **Ch** | Chang hpyik htung, ra jáng htung. | ချင်းထောင်းပေး၊ ရိုးရာခလေ့။ |
| **L** | Lo ká zo, wàq shê zo. | ကျားသစ်လေး၊ ဝက်လိုက်ဆွဲ |
| **M** | Mau-mó wô, wuì díng lò. | မိုးရွာလာ၊ ရေကြီးတာ |
| **N** | Nohtó zo, lhêng shê no. | နွားတိုးလေး၊ လှည်းဆွဲပေး |
| **B** | Banbó nê, uxui zè. | ပန်းပွင့်နီ၊ ခေါင်းမှာပန်သည်။ |
| **P** | Pohkyaq zo, byàm luî so. | ဖားပြုတ်လေး၊ ခုန်ပေါက်နေ။ |
| **D** | Donghkón lhang, jong shingkang. | အလံတင်၊ ကျောင်းတော်ဝင်းတွင်။ |
| **R** | Rûng yhûm mó, hkìk dik rô. | ရုံးအိမ်ကြီး၊ ခန့်ညားသည်။ |
| **J** | Jong doq ê, laiká sé bê. | ကျောင်းသွားတက်၊ စာတတ်လာ။ |
| **T** | Tui hkyó hkyó, hpuíwòq wó. | ငှက်ကိုင်းထောင်၊ တောကြက်မီ။ |
| **X** | Xâng ko mó, sik shê ló. | ဆင်ကောင်ကြီး၊ သစ်ဆွဲသည်။ |
| **S** | Sikgâm mó, buìshûm wó. | သစ်ပင်ကြီး၊ အရိပ်ရသည်။ |
| **F** | Fúng pyàt jé, haî le sé. | ဖုန်းခေတ်ရောက်၊ သတင်းပေါက်။ |
| **G** | Gùn wó sû, ngozo yù. | ပိုက်ကွန်ရှိ ငါးဖမ်းနိုင်သည်။ |
| **K** | Kong shut dòq, buìbu htoq. | တောင်ကုန်းတက်၊ ချွေးတွေထွက်။ |
| **W** | Wàq zìng mó, wàq nú wó. | ဝက်မကြီး၊ ဝက်လေးမွေးပေး။ |
| **Y** | Yàng hpyû zo, yhup lèq to. | သိုးဖြူလေး၊ လဲလျောင်းနေ။ |
| **Z** | Zaiwâ tíng, tui táp pyíng. | ဇိုင်ဝါးဂီတာ၊ ကြိုးနှစ်ပင်သာ။ |

**Dusàk Pé** **တိရစ္ဆာန်များ**

(1) Pyet hpyû zo, yúng dik ró. ဘဲကလေး၊ လှုတယ်လေး။
(2) Jùng htó mó, lhêng she ló. နွားတိုးလေး၊ လှည်းဆွဲပေး။
(3) Hkui gi sidìq bò, ခွေးကလေးသစ္စာရှိ၊
Yhûm zúng râ yhâng wò. အိမ်စောင့်အရာရှိ
(4) La-nyhaú hkyê, ngo-nòq shê.. ကြောင်မုဆိုး၊ ကြွက်ဖမ်းတယ်ဗျို့။
(5) Myangká zo, gùq hto tso. မြင်းကျားလေး၊ စပါးသယ်ပေး
(6) Wòqhpó zèt, byù nhau kyèt. ကြက်ဖတွန်၊ လူတွေအိပ်ရာနိုး
(7) Wòqzìng up, wòqzo mùp. ကြက်မဝပ်၊ ကြက်ကလေးပေါက်။
(8) Myùq mang jín a hkap. မျောက်မအို၊ မလှမ်းနိုင်ပြီ။
(9) Xatzîng dàn toq ,
gam pyoq shut din htoq. ချောက်ကမ်းပါးထဲခုန်ပျံ။
(10) Lhângmuì, záng hte a gè; မြွေကိုက်မခံရအောင်၊အမြီသတိဆောင်
Myàng jáng sat pyám râ lhê. တွေ့လျှင်မကပ်နဲ့၊ ဝေးဝေးရှောင်ပါကွယ်။

**I-sâm Pé** **အရောင်နှင့်ဆိုင်သော ကဗျာများ**

(1) Ká ká kòk kòk, lo ká kòk. ကွက်တိကွက်ကျား၊ကျားသစ်ကျား။
(2) Chik chik nòq é, myîgye htung, မည်သည့်မည်းနက်၊ မီးသွေးနက်။
Zang chyoq é hkûn, chung é jûng. ချက်ပြုတ်ရာတွင်အသုံးတည့်။
(3) Shing shing nyui é, mhan xik yô. ရွက်စိမ်းဝေတာ၊ ရွက်နုဖြာ။
(4) Bang bang hpyu é, gyo bûm mó ဝင်းဝင်းတောက်တောက်
နှင်းတောင်တောက်ပ။

**Mân** **အသီးအရွက်**

(1) Hkan juí zo, zô le hko. ကစော့သီး၊ ခါးလှသည်။
(2) Shîcho shi, pan é shi. ဆီးဖြူသီး၊ ဖန်လှသည်။
(3) Shihpyik cham, xun mân ngham. ငရုတ်သီး၊ ထမင်းစာမြိန်သည်။
(4) Hpungchuî chyup le chui, ကြီပင်စုပ်က ချို။
zoshâng gyai ô nguì. ကလေးတွေ အကြိုက်ဗျို့။
(5) Chyin é shi, mâgyeng shi. မန်ကျည်းသီး၊ ချဉ်လှသည်။
(6) Xun mân kut é zàpshi, ဟင်းခတ်မှုန့် လျှာထုံသည်။
zô lè shô má bying rí.

| | **Byù Gùngdu** | **လူ၏ခန္ဓာကိုယ်** |
|---|---|---|
| (1) | Dum zùng dum toq, Zùng toq toq. | ထိုင်ထ ထိုင်ထ၊ ထိုင်ထထ။ |
| | Zùng àq zùng àq, dum toq àq, | ထိုင်ပါ၊ ထိုင်ပါ၊ ပြန်ထပါ။ |
| | Zùng àq toq àq, dum zùng àq. | ထိုင်ပါ၊ ထပါ၊ ပြန်ထိုင်ပါ။ |
| | Lòqyò lòq lé tu toq àq. | လက်လေးကို လှုပ်ရှားပါ။ |
| (2) | Myoq jí í jí, hkyî í hkyî. | မျက်စိနှစ်လုံး၊ ခြေနှစ်ချောင်း |
| | Nohkyap í hkyap, | နားရွက်နှစ်ဖက်၊ |
| | lòq pai lòq yò dàp. | လက်ဝဲလက်ယာဘက်။ |
| (3) | Nhut eq nhô, soq shê zang zô rô. | ပါးစပ်နှင့် နှာခေါင်း၊ |
| | | အသက်ရှူကောင်း။ |
| (4) | Ânu Âwa lé hkúngga cha. | အဖေ အမေကို ရိုသေပါ။ |
| | Jì no lé le, gyo byi ra. | ပြောစကားကို နားထောင်ပါ။ |
| (5) | Î-gu Gám, chyuî chyuî ngám. | ဦးလေးကြီး ချမ်းသာကြီး။ |
| | Î-gu Nóng, nhap jibóng. | ဦးလေးနော်၊ နှပ်ချီးတွဲလောင်း။ |
| | Î-gu Làq, ngùn zè wàq. | ဦးလေးလ၊ စီးပွားရ |
| | Î-gu Tû, du dut tû. | ဦးလေးတူး၊ ပိုက်ကွန်ပစ် |
| | Î-gu Táng zang zo láng, | ဦးလေးတန်၊ ထမင်းစားမြန် |
| | Î-gu Yóng, wà shut góng. | ဦးလေးယောင်၊ ရွာပြင်ရှောင်။ |
| (6) | Buìlhap, buì htân, a gyùq ra. | နေပူ၊ မိုးရွာ၊ ပူစရာ |
| | Buìshûm hkaû má nyì râ cha. | နေရိပ်အောက်မှာ အနားယူပါ။ |
| (7) | Gyòq myò nghân gyó, | ဆောင်းတွင်းညချမ်း |
| | Xâm myhi nò, | အအေးမိတတ်သည်။ |
| | Buhtû bulúm wùt râ rô. | နွေးနွေးထွေးထွေး ဝတ်နေရမည်။ |

## 5.2. Zaiwâ Mahkôn Tot Pé
## ၅-၂။ တေးသီချင်းများ

| **Agang Sháng** | **အတူလက်တွဲကြစို့လား** |
|---|---|
| Ngá-nhúng gi, âgu â-mang.. lhúnglhâng<br>Garaî yhangzô pé..<br>Agang sháng, alán sháng..<br>châng ê sháng.. | ကျွန်တော်တို့သည် ညီအစ်ကိုရင်း၊<br>မောင်ရင်းနှမ မိသားစုတွေပါ။<br>အမြဲမခွဲ၊ ချစ်ကြင်နာ၊<br>အတူလက်တွဲသွားစို့လား။ |
| Ngá-nhúng gi, âgú â-mang, lhúnglháng<br>rayúq yhangzô pé..<br>Agang sháng, alán sháng..<br>hkyô mó rahkat za châng ê sháng.. | ကျွန်တော်တို့သည် ညီအစ်ကိုရင်း၊<br>မောင်ရင်းနှမရင်းဘိုးဘွားအတူမှ<br>ဆင်းသက်လာ အမြဲမခွဲ၊ ချစ်ကြင်နာ၊<br>အတူလက်တွဲ သွားစို့လား။ |
| Ngá-nhúng gi, âgu â-mang.. lhúnglhâng<br>Wunpóng zowuî ô..<br>Agang sháng, alán sháng.. Wunpóng<br>laiká lé chôm mhoq sháng.. | ကျွန်တော်တို့သည် ညီအစ်ကိုရင်း၊<br>မောင်ရင်း နှမရင်း<br>ကချင်တိုင်းရင်းသားတွေပါ။<br>အမြဲမခွဲ၊ ချစ်ကြင်နာ၊ ကချင်စာကို<br>သင်ယူကြစို့လား။ |
| Ngá-nhúng gi, âgu â-mang, lhúnglháng<br>myìt hui, byìn hui sháng..<br>Agang sháng, alán sháng...<br>rading rayuì za nyi yàp sháng.. | ကျွန်တော်တို့သည် ညီအစ်ကိုရင်း၊<br>မောင်ရင်း၊ နှမရင်း<br>စည်းလုံးညီညွတ်ကြစို့လား။<br>အမြဲမခွဲ၊ ချစ်ကြင်နာ၊ စုပေါင်းညီညာ<br>အောင်ကြောင်းဖြာ။ |
| Ngá-nhúng gi, âgu â-mang.. lhunglháng<br>zaizo âmyû pé..<br>Agang sháng, alán sháng.. Zaiwâ laiká<br>lé chôm mhoq sháng.. | ကျွန်တော်တို့သည် ညီအစ်ကိုရင်း၊<br>မောင်ရင်း၊ နှမရင်း<br>ဇိုင်းဝါးတိုင်းရင်းသားတွေပါ။<br>အမြဲမခွဲ၊ ချစ်ကြင်နာ၊ ဇိုင်ဝါးစာပေကို<br>သင်ကြားစို့လား။ |

### Hkya-on Râ

(Hpúng shingkang kô é Garai le hkya-on,
hkúngga làqrá myìt eq
noq kuq râ, lhúng lháng lé tengmán é
dông hkyô-u shuî shê sû,
gingtíng chyit dàp myìt byi sû lé...)2
Ge gè yhang hkya-on gíng sû lé, ngá
i-myìt nhik lhum bànshoq eq,
ngò hkya-ôn nyì râ. Ngá é pyàt htum
shoq ge gè ngò yhâng htâng
châng nyì râ.

### သီချင်းဆိုကြမယ်

ကျေးဇူးတင်တတ်သောစိတ်နှလုံးနှင့်၊
သီချင်းဆိုကြမယ်
ချစ်ခင်ကြင်နာ ကရုဏာအား
အမှန်တကယ် သီချင်းဆိုကြမယ်
ကျွန်ုပ်တို့၏ စိတ်နှလုံးမှ
ဝမ်းမြောက်လျက် သီဆိုမည်
နေ့ရက်တိုင်းမှာ သီဆိုမယ်
မေတ္တာကရုဏာနှင့်
ချစ်တတ်သောသူဖြစ်ကြမယ်

### Wum-o Byi Sû

Mauhkûng mîngdán, nàng mai lai luî ó
a nyì, myigùng htoq má,
nàng su chyit é ó a nyì,
nàng mai lai luî, ngá é ngaù byi ó a sut,
nàng mai lai luî, ngo lé myìt lhoq ngón
sû ó a nyì....
Ngá gùngsho eq, i-myìt ra-nyí, ra-nyí,
yom ló byùq bê ô, nghut
kôlhang Garai gi, ngá i-myìt lé wum-o
ra-pyàt lhoq pyíng byi bê.

### အားပေးတတ်သူ

ဉာဏ်ပညာခွန်အား
ဗဟုသုတနှင့်ပြည့်စုံစေဖို့ သင်ယူကြပါစို့။
ကမ္ဘာမြေကြီး မိုးကောင်းကင် အလှ၊
သိကျွမ်းရအောင် သင်ယူကြစို့လား၊
ချစ်ကြင်နာမေတ္တာရှိဖို့။
အမြဲအားပေး ကူညီကြစို့လား၊
ဝမ်းနည်းမျက်ရည်ကျသူအား၊
အတူလက်တွဲ ဖေးမစို့လား
စိတ်နှလုံးကို ရွှင်လန်းစေ
အားပေးတတ်သူဖြစ်စို့လေး။

### Mauhkûng Mîngdán

Ngá wa nyi é mîngdán má, yhâng é
mauhkûng yhûm má, dui é a
sàk wuì yui nyì, asàk banbó bó tô râ.....
Lha-mó hkyap hkang ashi
zui, haû zo, haû shuq é bang pé, no é ,
mâng é, shî a hui, asàk buì
mùq wó yû râ.

### သဘာဝအလှ

အာကာသတစ်ခွင် တည်ရှိသောအရာ၊
သဘာဝအလှတရားတွေပါ။
အသက်စမ်းချောင်းရေရှိ
အသက်ပန်းပွင့် ပွင့်နေသည်။
ဆယ်နှစ်လရာသီ အသီးသီး၊
ခူးစား၍ပင် မကုန်နိုင်ပြီ။
ထိုအသီးကို စားသူများ၊
အမြဲကျန်းမာသန်စွမ်းကာ၊
သဘာဝအလှတွေကြောင့်ပါ။

### Noqkuq Jong Ê Sháng

Ânu âwa pé, nhikbô sûwún wuì, chyúm laiká bùk chûng luî, Noqkuq jong ê sháng....
Sàk râm wuì ê, myìt bun ra bê lhê, noq kuq jong a ê sû, asàk hkyô nghoq râ, Noq kuq jong maî, Yesuq ji nyi rá, razùp htâng gyó jáng gi, hkum myhî byùq râ lhê...

### ကျောင်းသို့ သွားစို့လား

ဖေဖေ မေမေ သားသားတို့၊
ခေါင်းလောင်းသံကို နားထောင်စို့။
ကျောင်းတော်ကြီးက သူခေါ်နေ
အတတ်ပညာပေးဖို့လေး။
အလိမ္မာလေးတွေရရှိမှာ
ကျောင်းတော်ကြီးကို သွားစို့လာ
နောက်ကျတစ်ခဏနေသူများ
ပညာသရဖူ ဆုံးရှုံးမှာ
ကျောင်းတံခါးကြီးက ပိတ်တော့မှာ
မြန်မြန်ကလေး သွားစို့လား။

### Wuì-nghoq Hpyû Í du

Wuì-nghoq hpyû í du, sikkoq má zung to, Ngo lé bìk byi laq â-mang é.
Ja ê ..ngá gu ê ô..Â-mang bìk byî le, yhângnu sé jáng gi, yhângwa nhik-yô lhê.

### ဗျိုင်းနှစ်ကောင်

ဖြူဖွေးတောက်ပ ဗျိုင်းငှက်နှစ်ကောင်
သစ်ပင်ပေါ်မှာ ထိုင်နေတာ
အစ်ကိုကြီးရယ် ပစ်ပေးပါ၊
ချစ်ညီလေးရာ . . .
အစ်ကိုကြီး ငှက်ကလေးကို ပစ်လိုက်ရင်
ငှက်အဖေကြီးက စိတ်ဆိုးပြီး
ငှက်အမေကြီးက ဝမ်းနည်းမှာ။

### Zaiwâ Laiká Mhoq Bang

Zaiwâ laiká mhoq bang ngá-mòq nghut lhê ó. Jowò hkang maî lé zùp zîng tô lhê.
Ngá-nhúng Zaiwâ Laiká, wó sê yù shoq nghû, mhyit hui tung kut
ngá-mòq jé lé bê.
Cho: Wunpóng Zaiwâ Chyungyhûm má, amyû laiká sé shoq mhoq yû râ. Garaî hpúng shingkang htoq shoq hkrisituq Yesuq é saksé dùt sháng.
Hpaudap é laika lé wó mhoq sê yù jáng, dum wó mhoq pyô shoq shikut nyì râ. Moî é gyin é a ga, wó sê yù shoq nghû, sê naù myit eq ngá-mòq jé lé bê.

### တို့ကျောင်းသား

ဇိုင်ဝါးစာပေသင်ကြားတာ၊
တို့ကျောင်းသားတွေပါ။
နေရာအနှံ့က စုလာ။
မိခင်စာကိုတတ်ကျွမ်းဖို့၊ စိတ်ဝမ်းတစ်ညီ
ကြိုးစားစို့။
မိခင်စာကို အတူလေ့လာ၊
သူငယ်ချင်းတွေနဲ့ သင်ယူပါ။
စိတ်ပျင်းလေးတွေ၊ ဖယ်ကာထား
ကြိုးစားအားထုတ်ကြစို့လား။

## 5.3. Jihkyang Pé

၅-၃။ ကဗျာများ၊ စာပိုဒ်များ

5.3.1. Poî Pé

၅-၃-၁။ ရိုးရာပွဲတော်များ

**Gùqsik Zo Poi**

Gùqsik zo, chôm hkye gó.
Gyi gyi dau  dau ó le gaù.

**ကောက်သစ်စားပွဲတော်**

ကောက်သစ်စားပွဲ၊ အတူဆင်နွဲ
ဝဝစားပြီး၊ ပျော်ရွှင်ကကြ။

**Yhûmsik Wàng Poî**

Wó saî to bê yhûmsik lé,
Garaî  jeju lé hkya-ôn lhê.
Zìnggó gó mû, ngón kûn lhê.

**အိမ်သစ်တက်ပွဲတော်**

ဆောက်လုပ်ပြီးစီး၊ အိမ်သစ်အား
ဘုရားကျေးဇူးတော် ချီးမွမ်းကာ
ဇိုင်ဝါးထောင်ကာ ကစ့်လား။

**Zànsik Poî**

Gyòqnám zànsik dum jé bê,
Byù sik myìt sik chôm huî lhê.
Ajung jung yhang sùp àq hkoi,
Jàq ngón dìk é zànsik poî.

**နှစ်သစ်ကူးပွဲတော်**

နှစ်သစ်ကူးမှာဆွေမျိုးများတွေ့ဆုံကြသည်။
နှစ်သစ်ကူးမှာ လူတိုင်းရဲ့ရင်ထဲကြည်နူး
ပျော်ရွှင်ကြသည်၊ ပွဲတော်များလည်း
ပြုလုပ်ကြသည်။

**Hkrisamat Poî**

Yesuq hku é buì-nyí gè,
Hkrisamat poî gi, dum jé bê.
Waxâng zo wuî lé hkyi yù sû,
Yubàk hkaû mai she htoq yû.

**မွေးနေ့ပွဲတော်**

ခရစ္စမတ်ပွဲတော်ဟာ သခင်ယေရှုရဲ့
မွေးနေ့ပါ။ ခရစ္စမတ်နေ့ကြီးမှာ
လူသားအားလုံးကိုကယ်ဖို့ကြွလာ၊
အပြစ်သားတွေလွတ်ဖို့ပါ။

**Zùm gó Poî**

Yùqzo byìzo zùm gó kún,
Mangzo mang-aû wú maú wún.

**မနောင်ပွဲတော်**

မနောင်ပွဲတော်ဟာ
လူငယ်လူကြီးအားလုံး ပါဝင်၊
ဆင်နွဲကာပို့ရတဲ့ ထူးဆန်းတဲ့
အကပွဲတော်ကြီးပါ။

5.3.2. Byù nyì byù yap hkyô eq sêng é Jihkyang pé

၅-၃-၂။ အလေ့အကျင့်နှင့်ဆိုင်သော ကဗျာများ

**Nhikbô Sháng**

Ko bang sûwún hí lai jáng,
Ulhum ngóm luî, sô lai sháng.
Ko bâng chyáng mai, zè yu le,
Í lòq èq yhang, yù râ lhê.
Taî é dang lé nú-nhám jáng,
San yúng í-myìt wó lhoq háng.

**ယဉ်ကျေးလိမ္မာသူ**

လူကြီးမိဘရှေ့သွားလျှင်
ခေါင်းငုံ့သွားရမည်။ လူကြီးမိဘများထံမှ
တစ်ခုခုယူလျှင် လက်နှစ်ဖက်ဖြင့်
ယူရမည်။ စကားပြောဆိုရာ၌လည်း
လိမ္မာယဉ်ကျေးရပါမည်။
ဖြူစင်သန့်ရှင်း စိတ်ထား မွေးရပါမည်။

**Nhikbô Sû Ngò Dùt râ**

Ânu Âwa lé hkúngga,
Sará pé lé le rajûng za.
Luzúm yhang chang chyit dàp lhum,
Nguì nguì ngón ngón èq le zùm .
Mhaú dang pé lé a ge taí,
No má wàng dang za taî saí.
Nhikbô zoshâng ngò dùt râ.

**ယဉ်ကျေးပျူတ္ဘာသူ**

မိဘ ဆရာ/မများကို ရိုသေရမည်။
သူငယ်ချင်းများကိုလည်း ချစ်ခင်ရမည်။
လိမ်ညာသောစကားများလည်း မပြောရ။
ဆိုဆုံးမစကားလည်း
နားထောင်လိုက်နာရပါမည်။
လိမ်လိမ်မာမာ နေရပါမည်။

**Nhik gying sháng**

Jong ê hkyô má myang é zè,
Zaú Seng é sùp zè.
Sùp zè haû lé wú ô luî,
Yu pyám râ myìt bò ahkuî.
Ngá é í-myìt ûnghkaû má,
Garaî mùngdang bûn lo rá.
Myìt sê lò é u-nuq hkaû,
Yón dìk nyì bê yùqzo haû.
Hân hân yù luî din ê mù,
Yhâng é zè lé ê-byi gû.
Nyi yàp hkyô má nhik gying sû.

**လိမ္မာကြရအောင်**

ကျောင်းလမ်းမှာ ပစ္စည်းကောက်ရတယ်။
အဲဒါ ဇော်ဆိုင်းရဲ့ကစားစရာ အရုပ်ပါ။
အဲဒီကစားစရာကို လိုချင်လာတယ်။
ဒါပေမဲ့လည်း မိဘဆရာများရဲ့
ဆုံးမစကားကို နားထောင်တတ်လို့
အဲ့ဒီပစ္စည်းကို ပိုင်ရှင်ထံ ပြန်ပေးလိုက်တယ်။
ပစ္စည်းပျောက်လို့ ဝမ်းနည်းနေတဲ့
ဇော်ဆိုင်းကလေး ပြန်လည်ပျော်ရွှင်ရပြီလေး။

**Buì-nùm Chyit Sû**

Buì-nùm gè pé jé lô jáng,
Gabú gará huî lhum sháng.
Zung kat shi-keq buì-nùm wuì,
Wuìcham gú gú shuq kún luî,
Hkâ-mai jé hkyô taî kyô kún,
Yhûm byù bànshoq gabú wún.
Chyitdàp buìnùm wuì,
Nô yù râ myìt nguì.

**ဧည့်သည်များအား ကြိုဆိုတတ်သူ**

မိတ်ဆွေဧည့်သည်များအား
ကြိုဆိုတတ်ရမည်။
ရေအေးလေးဖြင့် ဧည့်ကြိုပါ။
ဧည့်သည်များအား
စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့။

**Wáng Zán Hkyô**

Noq le toq, myòq chi htoq.
Zuì lé rago chi , ko jáng zuì gîng nyì.
Hkyî lòq chi jáng, ana hpâng hpyáng.
Wuì nyoq shuq, ana byùq,
Yhûm yàm sansêng,
wángzán hkyô zèng.

**ကျန်းမာရေးနှင့်ဆိုင်သော ကဗျာများ**

အိပ်ရာထကာ မျက်နှာသစ်၊
သွားလည်း တိုက်ရမည်။
ခြေလက်ကို သန့်ရှင်းအောင်
ဆေးကြောရမည်။
မေ့လျော့ပါက ရောဂါဖြစ်မည်။
ပတ်ဝန်းကျင်လည်း သန့်ရှင်းစွာထားရမည်။

**Mó chyit sû**

Ânu Âwa chyit sû ngò,
Yhángnhik taî dang gyo.
Laiká hpàqchyî shikùt jáng,
Ânu âwa lé wó htuq báng.
Byù zè hkyô má, mó chyit sháng.

**မိဘချစ်သူ**

အဖေ၊ အမေ ချစ်သားလေး
လိမ္မာလိုက်တာ
ချစ်စရာလည်း ကောင်းလိုက်တာ
ကျောင်းသွားကျောင်းပြန် စာကိုဖတ်တာ
ပညာတတ်ကြီး ဖြစ်လာမှာ။

**Byù Gùngdu**

Hpaudap dik é byù gùngdu,
Garai byî é chyûng-huq yù .
Hkyî mai so mû jong shut ê,
Zaiwâ laiká wó sé bê.
Myoq jí wú mù, nohkyap gyô yù.
Lòq èq kâ són, i-myìt wó ngón.
Nhut èq taí, châng zuî saí.
Jeju bûn hkyô, a ung taí.

**လူ၏ခန္ဓာကိုယ်**

တန်ဖိုးရှိတဲ့ လူခန္ဓာ
ခြေထောက်ဖြင့်လမ်းလျှောက်ပြီးတော့
ကျောင်းကိုသွား၊ ဇိုင်ဝါးစာပေတွေ တတ်လာ
မျက်စိဖြင့် မြင်နိုင်တယ်
ပါးစပ်ဖြင့် စကားပြောဆိုနိုင်တယ်
နားဖြင့် ကြားနာနိုင်တယ်
လူ့ခန္ဓာကိုယ် တန်ဖိုးရှိတယ်။

**Nghap Cham Jihkyang**

1 (Rà), 2 (Í) Hkâ tô myhí.
3 (Sùm),4 (Myì)Hkye kûn nyì .
5 (Ngò), 6 (Hkyuq)Hkâ lhoq hpyuq.
7 (Nyhit),8 (Shit)Ngá-nhúng Chyit.
9 (Gaù) , 10 (Raxê) Sé cha bê .

**သခ်ၣာကဗျာ**

၁ ၊ ၂ မမ့ေနၨ့င့ၵ
၃ ၊ ၄ မသိရင်ေမး
၅ ၊ ၆ မမ့ေပ္ပာက်
၇ ၊ ၈ အားလုံးခ္ပစ်
၉ ၊ ၁၀ တို့ေတ့ွတတ်ပြီကွယ်။

**Tiq ko eq sêng é jihkyang**

Baùwoq zo eq pohkyaq zo,
ó yùq je ko ko.
Wú kat wú le pohkyaq ko,
je tiq é gi baùwoq zo.

**အရွယ်အစားနှင့်ဆိုင်သော ကဗျာ**

ပုရွက်ဆိတ်ကလေးနဲ့ ဖားပြုတ်ကြီး . . .
ဘယ်သူပိုကြီးကြီး
ကြည့်လိုက်ကြည့်တော့၊ ဖားပြုတ်ကြီး. . .
ပုရွက်ဆိတ်လေးက ချာတိတ်လေး။

**Tarâ Pé**

Jongdoq hkyíng jé, ut bàt myhíng htê.
Jong hkaû wàng cha, màusau mhoq ra.
Jong mâ é tarâ , bànshoq cháng râ.
Maùsau a sé , byùzè htâng wé.
Tarâ cháng jáng, zuî saî hkyô hkyâng.

**စည်းကမ်းချက်ကဗျာ**

ကျောင်းခေါင်းလောင်းသံ မြည်နေပြီ
ဆရာမ စာသင်နေပြီ
ကျောင်းစည်းကမ်း လိုက်နာရမည်
ပညာမတတ်ပါက သူကောင်းမဖြစ်နိုင်
မိဘ၊ ဆရာစကားနားထောင်ပါက
ကြီးပွားတိုးတက်သူဖြစ်မည်။

**Htûnghking chûng zè**

Zùm zìng mó, zùm gó gó.
Zùm zìng mó htê je wó gyo,
Wum mó kat luî bàt sháng ó.
Shâm.. htoq é shâm,
Yò byîn, htang hô chung é shâm.
Yùqgè hkang mó wàq é shâm.
Lhâm..chun é lhâm,
Hi hpyang gyè zàn chung é lhâm.

**ရိုးရာတူရိယာများ**

စည်အိုးကြီးက အသံကျယ်တယ်
မနောပ္ပဲတော်ကပ္ပဲမှာ တီးပါတယ်။

ဓားလုံ့ကို ရှေးအခါ စစ်တိုက်ရာမှာ
သုံးခဲ့တယ်၊ ယခုအခါက ယာခုတ်၊
တောလိုက်ရာမှာ သုံးပါတယ်။

| | |
|---|---|
| Zaiwâ Htûnghking mâ chûng zè,<br>Sâmpyí, chapchéng, ut zo pé.<br>Zìngtaú hîng le bo a shî .<br>Sámpyí lé gi, nhut èq mùt,<br>Zìngtaú, ut eq chapchéng lé gi,<br>Lòq èq bàt myhíng râ nyì. | ဇိုင်ဝါးရိုးရာ တူရိယာမှာ ပလွေ<br>မောင်းလည်း ပါသေးတယ်<br>ဗုံတွေလည်း ပါပါတယ်။ |
| Luzúm wuì ê, lé lô keq,<br>Ngò tíng bàt bá, gó wú kèq.<br>Tíng bàt mû luì, mahkôn hkôn,<br>Zo-myi zorâm bànshoq ngón.<br>Ting bàt htê lé, gyo mù luî,<br>Mahkôn ngón ngón hkôn sháng lhî. | လရောင်အောက်မှာ လူငယ်များ<br>ဂစ်တာတီးပြီး သီချင်းဆိုရင်း<br>ကကြတယ်။ |

5.3.3. Jàk lhêng pé

၅-၃-၃။ယာဉ်များ

| | |
|---|---|
| 1. Lhêngchap myichap dàp Módó,<br>Jî le jàq ngón ró. | လေးဘီးပါတဲ့ကား<br>စီးရင်ပျော်တယ်ဗျာ |
| 2. Lhêngchap sumchap dàp Módó,<br>Gaì ê Gaî lò, zè wó htô lò. | သုံးဘီးကားနဲ့ ဈေးကိုသွား၊<br>ပစ္စည်းမစရာ မလိုဘူးဗျား။ |
| 3. Myi-lhêng gùng hîng,<br>Mingkan din lhîng. | ရှည်လျားလှတဲ့မီးရထား<br>အပြေးမြန်တယ်ဗျ။ |
| 4. Hkyî lhêng Jî le Wáng zán lò,<br>Hkyî chîn a din wún cha lo. | စက်ဘီးစီးလျှင် ကျန်းမာသည်၊<br>ခြေလျင်ပြေးစရာ မလိုတော့ပါ။ |

5.3.4. Shingra Tarâ eq sêng é pé

**၅-၃-၄။ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော ကဗျာများ**

**Mingkan**

Ngò nyi nyi é mingkan má, yúng é banbó bó tô râ.
Mauhkûng htoq má kyî lhâ-mó, myín lé htoq luî yhang dùq bó.
Mingkan líng má dusàk byíng, wuì-mau hkaû má ngozo zing.
Ho zo, ho shuq ge kut luî, nàp sûn buì má ngò toq duî.

**ကမ္ဘာကြီး**

ကျွန်ုပ်တို့နေတဲ့ ကမ္ဘာကြီးမှာ ပန်းမျိုးပေါင်းစုံ ပွင့်တယ်ဗျ။
မိုးကောင်းကင်မှာ ကြယ်နဲ့လ၊ ညဘက်ချိန်မှာ တောက်ပကြ။
တိရစ္ဆာန်တွေပြည့်၊ ကမ္ဘာလုံးလှည့်၊ ပင်လယ်ထဲမှာ ငါးတွေနဲ့။
မနက်ခင်းတိုင်းမှာ နေထွက်တော့ စိုက်လို့ပျိုးလို့ ကောင်းတယ်ပေါ့။

**Laì**

Laì zo laì mó jòq le gè, waxâng zowuî soq wó shê.
Sikgâm dusàk, byù bànshoq, laì é yánmai za wó jòq.
Laì zo hik le buìnùm dùt, laìdun lo le, gyè mó nghut.

**လေ**

လေဆိုတာ မရှိမဖြစ်၊ လူသားအားလုံးအတွက် အရေးကြီး၏။
သစ်ပင်နှင့် သတ္တဝါအားလုံး၊ လေအားဖြင့် အသက်ရှူကြ။
လေညင်းလေးက မိတ်ဆွေဖြစ်၊ လေမုန်တိုင်းက ရန်သူဖြစ်။

**Buì**

Nguì ngón nàpkyó buì htoq lò, mingkan ting má dùqbó to.
Yhâng é dùqbó ahkaû má, waxâng zo wuî ngón nyi rá.
Nàpkyó maî yhang tsô byi mû, myín-htâng jé shoq yùqyo yù.

**နေ**

နံနက်တိုင်းမှာ နေထွက်လာ၊ ကမ္ဘာပေါ်မှာ အလင်းဖြာ။
နေရောင်ခြည်အောက်က လူသားများ နေမင်းကြီးကြောင့် ပျော်နေကြ။
မနက်ခင်းမှာ တောက်တောက်ပ၊ ညနေရောက်ရင် ပြန်ပြီဟယ်။

**Myi**

Byu pê matú ahkyàk gi, zang chyoq hkûn lé mùt é myi.
Dùqbó myishâm akyû bò, mauchut hkaû má ngò wó so.
Lhúnglháng matú akyù bò, rogo dàt chûng jáng gi jo.

### မီး

ထမင်းချက်တိုင်း သုံးကြတာ၊ လူကိုအကျိုးပေးတဲ့ မီးလေးပါ။
ညအချိန်မှာ အသုံးပြုတာ၊ အလင်းရောင်ပေးတဲ့ မီးလေးပါ။
အားလုံးအတွက် အကျိုးပေး၊ သတိထားပြီး သုံးသင့်တယ်လေး။

### Wuì

Garai hpan tô é waxâng  wuî, wuì shuq mû luî asàk duì.
Sikgâm mhanhaq pé bànshoq, wuì chyùp mû luî shèq yùq htoq.
Lhúnglháng bang lé akyû byi, jeju bun luî chôm chung nyì.

### ရေ

သက်ရှိအရာအားလုံး၊ ရေသောက်သုံးပြီး အသက်ရှင်ကြ။
သစ်ရွက်သစ်ပင်အားလုံး ရေငွေ့ဓာတ်ကြောင့် အပင်ပေါက်။
အားလုံးအတွက် အကျိုးပြု၊ သတိထားပြီးသုံးကြစို့။

### Kyî

Kyî zo dùqbó, Lhâ-mó le hkye gó .
Mau zaú jáng gi byùq ló, mhut pê eq htup to.
Kyî zo su dùqbó , mingkan má myìng wó.

### ကြယ်

ကြယ်စင်တောက်ပ၊ လမင်းကြီးနဲ့ အတူတကွ။
မိုးအုံ့တဲ့ညမှာ မတွေ့ရ၊ တိမ်တွေကာဆီးထားလို့ဗျ။
ကြယ်တွေကိုကြည့်၊ ပညာရှိ။

### Wòqgan síng-yang

Wòqgan síng-yang myàng, Garaî jeju hkyâng.
I-sâm  nyhit myû bò, maúhpo  yhang nghut rô.
Buì lhap mau pyá lò, Wòqgan síng-yang htoq lò.

### သက်တန့်ရောင်စဉ်

သက်တန့်ရောင်စဉ်၊ သဘာဝအလှပင်။ ရောင်စဉ်ခုနစ်မျိုးထွက်၊
မြင်သူတိုင်းကပျော်ရွှင်ကြ။ နေပူမိုးရွာပြီးတာနဲ့၊ သက်တန့်ရောင်စဉ် ထွက်အမြဲ။

### Lhâ-mó

Myín buìgyùm mauchut  lò, mingkan htoq má Lhâ-mó  tsô.
Lhâ-mó yòq  má chôm sùp kún, tiq zo ko zo a lám wún.
Lhâ-mó a tso le a ngón, dum chôm hui râ ó a són.

**လ**

ညမိုးချုပ်လို့မှောင်လာ၊ ကောင်းကင်ပေါ်မှာ ဖိုးလမင်းထွက်လာ။
လရောင်အောက်မှာ ကစားကြ၊ သူငယ်ချင်းတို့ရယ် ပျော်တယ်ဗျ။
လမင်းမသာတဲ့ လမိုက်ည၊ သားသား မီးမီးတို့ မပျော်ဘူးဗျ။

**Sikgâm**

Sikgâm mó, buìshûm wó.
Sikhaq maì le laì yúng wó .
Sik long  pé le wó yâm yù, yhûm yúng pé le wó saí gû.

**သစ်ပင်**

သစ်ပင်မှ အရိပ်ရ၊ သစ်ရွက်တိုင်းမှ လေကောင်းရ။
သစ်ကိုခွဲပြီးအိမ်ကိုဆောက်၊ လူတွေအတွက် အကျိုးသက်ရောက်။

**Mau**

Mauhkûng nòq lò jáng, mau mó wò râ láng.
Mauhkûng Yhûmsîng zìng ut bàt, Jeju mau lé yhang nhang kat..
Yò hkyâm hkaû mâ hówa zo, Mau gyó mû luî yùq htoq lô.

**မိုး**

မိုးကောင်းကင်က ညို့မှိုင်းလာ၊ မိုးကြီးကြီးလေး ရွာတော့မှာ။
မိုးနတ်မင်းက အိုးစည်ခေါက်၊ မိုးဖွဲလေးတွေ မြေပေါ်ရောက်။
အခင်းထဲမှာ အပင်ပေါက်၊ မိုးလေးရောက်လို့ မြေပေါ်ရောက်။

## 5.3.5. Zoshâng Myî Tu Dang
## ၅-၃-၅။ ရိုးရာ၊ မေးခွန်း၊ ကဗျာ

| | |
|---|---|
| Nung mang hká ló bê? | မင်းရဲ့အစ်ကို ဘယ်သွားပြီလဲ။ |
| Suiluq wùn ló bê. | မတ်ကျောက်ယူဖို့ သွားပြီ။ |
| Suiluq haî kut râ? | အဲ့ဒီကျောက်ခဲဘာလုပ်မှာလဲ။ |
| Shâm sui râ. | ဓားသွေးဖို့ပါကွယ်။ |
| Shâm haî kut râ? | ဓားတွေကို ဘာလုပ်မှာလဲ။ |
| Hkui hkup saí râ. | လျှောင်အိမ်ကလေး ဆောက်ဖို့ကွယ်။ |
| Hkui hkup haî kut râ? | လျှောင်အိမ်ကလေး ဘာလုပ်မယ်။ |
| Hkui zo lhúng râ. | ခွေးကလေးတွေ ထည့်ဖို့ကွယ်။ |
| Hkui zo haî kut râ? | ခွေးကလေးကော ဘာလုပ်မယ်။ |
| Wuì-nghoq hkat nhâng râ. | ဗျိုင်းကလေး ဖမ်းခိုင်းမယ်။ |
| Wuì nghoq haî kut râ? | ဗျိုင်းကလေး ဘာလုပ်မယ်။ |
| Zoshâng kyuq râ. | ကလေးလေးနဲ့ ဆော့ဖို့ကွယ်။ |

| | |
|---|---|
| Zoshâng haî kut râ? | ကလေးလေးကို ဘာလုပ်မယ်။ |
| Chyin htang hkyui nhâng râ. | သစ်ကိုင်းချိုးခိုင်းမယ်။ |
| Chyin htang haî kut râ? | သစ်ကိုင်း ဘာလုပ်မယ်။ |
| Âhpau hput râ. | ရှေးခေတ် ပုံပြင်ဟောဖို့ကွယ်။ |
| Âhpau hkâ-má êhput râ? | ပုံပြင်ဘယ်မှာ ဟောမလဲကွယ်။ |
| Lung mó lung htân htoq má hput râ. | ကျောက်ကြီးကျောက်ဆောင်ပေါ်မှာကွယ်။ |
| Âhpaû myihkau hkâ-má htoq râ? | သစ်ကိုင်းမီးခိုး ဘယ်မှာလွင့်မယ်။ |
| Soq mó hpyo má htoq râ. | မိုးမျှော်ဝါးလုံးနဲ့လွှင့်မှာကွယ်။ |
| Âhpaû lòqsing hkâ-má myhup râ? | အဘိုးလက်သည်း ဘယ်မှာမြုပ်မယ်။ |
| Hu mó hu byen bàng má myhup râ. | ကြက်သွန်ခင်းကြက်သွန်ပင်အောက်မှာကွယ်။ |
| Âhpaû shámbyâng hkâ-má lhang râ? | အဘိုးမားကိုဘယ်မှာ ချိတ်မလဲ |
| Wa goí wa kik yò má lhang râ. | ဝါးကိုင်းဝါးခက်ပေါ်မှာကွယ်။ |

| | |
|---|---|
| **Âhpau,** | **အဘိုး** |
| Dun haû hai dun? | တံစို့ဘာလုပ်မယ်။ မီးဖုတ်ပြီးတော့ |
| Byò dúng dun. | ဆန်ကောအနားသပ်မယ်။ |
| Byò haû hai byò? | ဆန်ကောကို ဘာလုပ်မည်။ |
| Gùq pyang byò. | စပါးပြာမယ်။ |
| Gùq haû hai gùq? | အဲ့ဒီစပါးဘာလုပ်မယ်။ |
| Zùm gó gùq. | မနှောင်းပွဲမှာ ကျွေးဖို့ကွယ် |
| Zùm haû hai zùm? | ဘာလို့ပွဲတော်လုပ်ရတယ်။ |
| Myi yû zùm. | မဂ်လာဆောင်ပွဲမို့လို့ကွယ် |
| Myi haû hai myi? | သတို့သမီးကို ဘာခိုင်းမယ် |
| Lùq wùn myi. | ကျောက်တုံးကလေးကို သယ်ခိုင်းမယ်။ |
| Lùq haû hai lùq? | ကျောက်တုံးကလေးကို ဘာလုပ်မယ်။ |
| Shâm sui lùq. | ဓားလေးတွေ သွေးဖို့ကွယ် |
| Shâm haû hai shâm? | ဓားလေးကို ဘာလုပ်မယ် |
| Nuì hpyit shâm. | နွယ်ပင်လေးခုတ်မယ်။ |
| Nuì haû hai nuì? | နွယ်ပင်လေးကို ဘာလုပ်မယ် |
| Hkui tui nuì. Hkui haû hai hkui? | ခွေးချည်မယ်၊ ခွေးကလေးကို ဘာလုပ်မယ် |
| Wùng hkat hkui. | တောကြောင်ကြီးကို ဖမ်းခိုင်းမယ်။ |
| Wùng haû hai wùng? | တောကြောင်ကြီးက ဘယ်မှာနေ။ |
| Hkung cháng wùng. | ချောက်ကမ်းပါးမှာနေ။ |
| Hkung haû hai hkung? | ချောက်ကမ်းပါးထဲမှာ ဘာတွေရှိ။ |
| Wuì yuì hkung. | စမ်းချောင်းလေးတွေရှိ။ |
| Wuì haû hai wuì? | စမ်းချောင်းလေးမှာ ဘာတွေရှိ |
| Hkâm shuq wuì. | လူတွေသောက်တဲ့ စမ်းရေရှိ။ |

## 6. MHÔ-MYHI PÉ

## ၆။ ပုံပြင်များ

### Jeju Dàt Bûn É Hpuíwòq

Híhpyang, yòso mhan púng ralhum má, Hpuíwòq radu nyi ri gâ. Hpuíwòq haú du gi, nyí wuî zoshuq châng hô zô wún ri gâ. Yhang wamdau gyi mû, myín lé nghut jáng, mhan púng hkaû mâ é sikkoq pé má dòq yhup yhup kut mû jàq ngón bûn nyi ri gâ.

Haú su kut nyi wún é hkûn, ra-nyí má lhê buìnyì má, Hpuíwòq haú du gi, Jaugong rayùq htung tô é tuihkyó má êmyí tô é gâ. Hpuíwòq haû gi, tuihkyó mai wó lùt râ matú gyai yhang shikùt bê gâ. Yhang hkâsu kut wú kôlhang tuihkyó mai a wó lùt é htoq agó, yhâng é hkyî, shoyúm gyùt luî sui htoq lò mû, gyai myûng é eq no byùq bê gâ.

Haú hkûn wàm hkui radu gi, yhâng é nàm mai sô laî lo é hkûn, Hpuíwòq lé lo myang kat é gâ.Wàm hkui haú du gi, Hpuí wòq lé; "Ngò ranyí buìgyùm zoshuq châng ho wún é, ahkuî kúm myàng bê, ngò chyup zô pyám râ matú za nghut bê" ga taî kat é gâ.Haú hkûn, Hpuíwòq gi, "ngò hkú nyí gè gè yhang myang shî birâ , ahkaú Wàmhkui ê, ngo lé shogyô yù làq, ngo lé a ngàt zô pyâm é za, tui hkyó mai hkyi yù làq.Ngò nàng lé jeju dum tau byi râ yhô" ga garúm dûng ri gâ.Wàmhkui haú du le, Hpuíwòq lé shogyo luî, tui hkyó lé yhâng é zuì eq ngàt hpyit pyám byi mû, yhang lé lhoq lùt byi bê gâ.Hpuíwòq haú du le tuihkyó mai wó lùt byùq mû gyai myìt ngón byùq bê gâ.

Haú hkûn, yhángnhik eq a lûm wê é má, Jaugong hpó gi, wàmhkui lé bìk râ ga, lai htung nyi é lé hpuíwòq myang kat é gâ. Haú mû luî, Hpuíwòq gi, Jaugong hpô é myòq hí mai, radàm taq byòdàn htìk kut dâng laî ló é gâ.Haúmû, Jaugong Hpó, myòq chûm tô é hkûn, Wàmhkui le yòso mhan púng hkaû shut hpang wang ló byùq bê gâ. Haú su kut luî, Hpuíwòq gi, Wàmhkui lé Jaugong hpô é lòq mai wó hkyi yu bê gâ. Htang nyí lé, yhangnhik gi, yòso mhanpúng ralhum má, dum huî lhum kômû, yhángnhik gi, gyai chyit lhûm é luzúm nhik dùt byùq bikô gâ.

### ကျေးဇူးမမေ့တဲ့ တောကြက်

ဟိုးရှေးရှေးတုန်းက တောအုပ်တစ်ခုမှာ တောကြက်တစ်ကောင်ရှိသတဲ့။ အဲဒီ တောကြက်လေးဟာ နေ့တိုင်းပဲ အစာရှာထွက်လိုက်၊ အစာဝရင် သစ်ကိုင်းပေါ်မှာတက် အိပ်လိုက်နဲ့ အလွန်ပျော်ရွှင်စွာ နေထိုင်သတဲ့။ အဲဒီလိုနဲ့ တစ်နေ့မှာတော့ တောကြက်ဟာ အစာရှာထွက်လာတုန်း မုဆိုးတစ်ယောက်ထောင်ထားတဲ့ ကျော့ကွင်းမှာ မိသွားသတဲ့။ တောကြက်ဟာ ကျော့ကွင်းထဲက လွတ်အောင် အမျိုးမျိုးကြိုးစားသတဲ့။ ဘယ်လိုပဲကြိုးစားကြိုးစား တောကြက်ဟာ ကျော့ကွင်းက မလွတ်နိုင်တဲ့အပြင် သူ့ခြေထောက်မှာ သွေးတွေထွက်ပြီး မောပန်းသွားသတဲ့။

အဲဒီအချိန်မှာ ဝံပုလွေတစ်ကောင်ရောက်လာပြီး ကျောင်ကွင်းက တောကြက်ကို တွေ့တော့ "ဟား.. ဟုတ်ပြီ၊ ငါတစ်နေကုန် အစာလိုက်ဖမ်းနေတာ အခုတော့ ဒီမှာ အဆင်သင့်ပါပဲလား၊ လိုက်ဖမ်းဖို့မလိုတော့ဘူး၊ ကိုက်စားလိုက်ရုံပဲ ဟားဟား.." ဆိုပြီး ဝမ်းသာအားရ ပြောလိုက်သတဲ့။ ကျောင်ကွင်းထဲက တောကြက်လေးဟာ "ငါဟာ ဒီနေ့တော့ တစ်နည်းမဟုတ်တစ်နည်း သေရတော့မှာပဲ"လို့ တွေးပြီး "အဆွေဝံပုလွေရယ်၊ ငါ့ကို သနားပါနော်၊ ငါ့ကိုမစားပါနဲ့၊ ငါ့ကို ကယ်ပါနော်၊ နင့်ကို ကျေးဇူးဆပ်ပါ့မယ်" ဆိုပြီး တောင်းပန်သတဲ့။ ဝံပုလွေကလည်း ကျောင်ကွင်းမိနေတဲ့ တောကြက်ကို သနားပြီး ကျောင်ကွင်းကို သူ့သွားတွေနဲ့ကိုက်ဖြတ်ပေးကာ ကယ်တင်လိုက်သတဲ့။

တောကြက်လည်း ကျောင်ကွင်းမှ လွတ်မြောက်သွားလို့ အလွန်ပဲပျော်ရွှင်သွားသတဲ့။ အဲဒီအချိန်မှာပဲ တောကြက်ဟာ ဝံပုလွေကိုပစ်ဖို့ လေးနဲ့ချိန်နေတဲ့ မုဆိုးကို တွေ့တဲ့အခါ မျက်နှာရှေ့တည့်တည့်က ပျံသန်းလာပြီး မုဆိုးမျက်လုံးရှုပ်သွားအောင် မုဆိုးခေါင်းပေါ် အတောင်ပံနဲ့ တစ်ဟုန်ထိုး ရိုက်ခတ်ပေးလိုက်သတဲ့။ အဲဒီအချိန်ဝံပုလွေလည်း ငေးမနေတော့ဘဲ နီးရာချုံပုတ်ထဲ ပြေးဝင်ပျောက်ကွယ်သွားသတဲ့။ ဒီလိုနဲ့ပဲ တောကြက်ဟာ ဝံပုလွေကို သေဘေးကနေ ကယ်တင်ပေးလိုက်သတဲ့။ နောက်တစ်နေ့ရောက်တော့ တောကြက်နဲ့ ဝံပုလွေဟာ အလွန်အေးချမ်းတဲ့ တောင်ကုန်းလေးတစ်ခုမှာ ပျော်ရွှင်စွာနဲ့ပဲ ဆော့ကစားပြီး သိပ်ကိုခင်ကြတဲ့ မိတ်ဆွေများ ဖြစ်သွားကြသတဲ့။

## Hpuíwòq eq Zùnbung Mó

Híhpyang, gyai ngón é sikpúng ralhum má, Hpuíwòq Nòq eq Hpuíwòq Nè ga luî, wòqhpúng í hpúng nyi akô gâ. Ranyí lhê é buìnyì má,wòqhpúng í hpúng mâ é wòqhpó mó í du gi, radu eq radu, wòqhpúng bâng é Zau kut râ matú dangchyin chyîn lhûm akô gâ.Hau htâng yhángnhik gi, ngá nhik htê lhum luî ûng sû gi, wòq hpúng gón é Zau nghut sháng gàq ga taî lhum luî, htê lhum bikô gâ.

Yhángnhik gyai myáng shoq htê lhûm akô. Lóhtâng má, Hpuíwòq Nè mâ é wòqhpó ung byùq bê gâ.Hpuíwòq Nè gi, yhang ûng bê ga luî, anàm mâ é yòzàng hkunghpaú htoq shut dâng dòq ló mû, ngò ûng bê ó...Zau wó kut birâ ó ga luî, dùng bàt luî wum kat tun kat é gâ.Hpuíwòq Nòq gi, sum byùq luî, gyai hoq byùq mû, zim za kut luî ló byùq bê gâ.

Haúhkûn, yhángmòq é ayàm má dâng wún é, Zùnbung mó gi, Hpuíwòq Nè tun é htê lé wó gyô kat luî, radàm taq dâng gyó lò mû, Hpuíwòq nè lé kyàq wàq ló bê gâ.Hpuíwòq Nè gi, gyai gyùq dan byùq mû, wum kat mying garû kat é gâ.

Haú hkûn, Hpuíwòq Nòq Hpó gi, yhâng é luzúm Hpuíwòq Nè lé, Zùn bung kyaq wàq ló é wó gyo mû, yhâng é wòqnòq hpúng pé lé shuî ê mû, châng din e ló bikô gâ. Zùnbung mó le, hpuíwòq nòq pé din lé lo é lé myàng mû, maú byùq luî, Hpuíwòq Nè lé nhang hkyô kat bê gâ.Haú mû luî, Wòqhpó Nê le, wó lùt lò mû, yhâng é luzúm pé lé, "ngò shut bê, ngò hkânhám le, a gum rông lo, Zau le a

kut naû lo", ga luî taî ri gâ. Hpuíwòq Nòq le, luzúm hpó ê, hkûnyí mai, nga-nhúng wòq pé yhang chang,  myìt hui byìn hui kut luî rahá za chôm zumyàp  é ló sháng ga luî taí mû, gyai chyit lhûm byùq kôluî rahá nyi byùq bikô gâ.

## တောကြက်နဲ့ စွန်

ရှေးရှေးတုန်းက အလွန်လှပတဲ့ တောအုပ်တစ်ခုမှာ တောကြက်မဲအုပ်စုနဲ့ တောကြက်အနီအုပ်စုတို့ ရှိကြသတဲ့။ တစ်နေ့တော့ အဲဒီတောကြက်နှစ်ကောင်ဟာ အချင်းချင်း "သူက ခေါင်းဆောင်လုပ်မယ်" "ငါက ခေါင်းဆောင်လုပ်မယ်"ဆိုပြီး အပြန်အလှန် ပြောကြတယ်။ "ဒါဆိုရင် တို့နှစ်ယောက် ပြိုင်ပြီးခွပ်ကြတာပေါ့။ နိုင်တဲ့သူက ခေါင်းဆောင်လုပ်ကြမယ်"ဆိုပြီးတော့ ခွပ်ကြတယ်။ တောကြက်နီလေးက နိုင်အောင်ခွပ်လိုက်တယ်။ တောကြက်နီလေးက "ငါနိုင်ပြီကွ"ဆိုပြီး လယ်တဲ့ခေါင်မိုးပေါ်တက်ကာ သူ့ရဲ့အတောင်ကို ဖျတ်ခနဲ ဖျတ်ခနဲ မြည်အောင်ခတ်ပြီး သူနိုင်တဲ့အကြောင်း အများသိအောင် မြည်တွန်လိုက်သတဲ့။ တောကြက်မဲလေးကတော့ ရှုံးသွားပြီး တောထဲကို ထွက်ပြေးသွားတယ်။

အဲဒီအချိန်မှာ အနားမှာပျံနေတဲ့ စွန်တစ်ကောင်ဟာ တောကြက်နီရဲ့တွန်သံကိုကြားပြီး တောကြက်နီကို ထိုးဆိတ်ကိုက်ချီသွားသတဲ့။ တောကြက်နီလေးရဲ့ ကြောက်လန့်ပြီးအော်လိုက်တဲ့ အသံကို တောကြက်မဲလေးက ကြားသွားတဲ့အခါ "အင်း ငါ့သူငယ်ချင်းကို စွန်က ထိုးဆိတ်နေပြီ၊ ငါသွားပြီးကူမှပဲ" ဆိုပြီး သူ့အုပ်စုကိုခေါ်ကာ ပြန်ပြေးလာတယ်။ စွန်ကလည်း တောကြက်မဲအုပ်စုကို တွေ့တော့ ကြောက်လန့်ပြီး တောကြက်နီကို လွတ်ချလိုက်ရာ တောကြက်နီလည်း ချမ်းသာရာ ရသွားတယ်။ အဲဒီနောက်မှာ တောကြက်နီက "ငါမှားပါတယ်ကွာ၊ ကြွားဝါချင်စိတ်မရှိတော့ပါဘူး၊ ခေါင်းဆောင်လည်း မလုပ်တော့ပါဘူး၊ ငါတို့ကြက်အချင်းချင်း စည်းစည်းလုံးလုံးနေကြရအောင်"လို့ ပြောတယ်။ တောကြက်မဲကလည်း "ကောင်းပါပြီ ငါတို့ ချစ်ချစ်ခင်ခင်နေကြတာပေါ့"လို့ ပြောပြီး ပျော်ရွှင်စွာ နေထိုင်သွားကြတယ်။

## Jeju Dàt Bûn É Ngo-nòq Zo

Hí hpyang, Wà rawà má, Gám Bung gâ é, yùqzo rayùq nyi ri gâ. Ranyí lhê é myín-htâng zó má, Gám Bung gi,  luzúm wuì chyáng êlám wún râ ga, yhûm mai  htòq lám lo é gâ. Yhang htòq lo é hkyôlat má, ngonòq hpúng rahpúng yán lhing  wún nyi é lé, ê-myang ri gâ.Haú hkûn Gám Bung gi, "Ngo-nòq shí bang haî kut nyì kô làq" ga luî ê haq wú nyi ri gâ.

Ngo-nòq haú bang gi, jowò axau mai jowò asik  shut yhûm htòt htòt nyì kô é lé myang kat é ga.Ngo-nòq hpúng gón yán laî lo é  má, gyai kô é ngo-nòq mang radu le bo ri gâ.Ngo-nòq mang haú du gi, yhó mai za châng sô nyi é lé Gám Bung myang kat é gâ.  Gám Bung le, Ngo-nòq mang haû haî dut nyi é lé sé râ matú, chyáng mai rago êhkaû wú nyi ri gâ.

Rago  êwú kat é hkûn, Ngo-nòq mang haú du gi, myòq amyàng luî, yhâng é nhut má nâse, rahkat ngàt zing to mû, gótû Ngo-nòq radu gi,nâse haú má bo-ngàt  luî, Ngo-nòq mang lé, yhó mai za shuî sô nyi é lé Gám Bung êmyang kat ri gâ. Haú mû, Gám Bung gi, dusak pé lháng  chyit dàp shogyô é eq, asàk ko bê mang zô pé lé, chyitdàp hkúngga sê akô é lé wó sê yù bê ga.

## ဖေးမကူညီတတ်သော ကြွက်ကလေး

ရွာတစ်ရွာမှာ ဂမ်ဘုန်ဆိုတဲ့ ယောကျ်ားလေးတစ်ယောက် ရှိသတဲ့။ တစ်နေ့ ညနေခင်းမှာ ဂမ်ဘုန်ဟာ ရွာထဲရှိသူငယ်ချင်းများဆီ အလည်သွားဖို့ ထွက်လာခဲ့တယ်။ သူထွက်လာခဲ့တဲ့ လမ်းတစ်နေရာမှာ အကောင်ရေ အတော်များတဲ့ ကြွက်တစ်သိုက် ဖြတ်သွားနေတာကို တွေ့လိုက်သတဲ့။ ဒါနဲ့ ဂမ်ဘုန်ဟာ ဒီကြွက်တွေ ဘာလုပ်နေကြတာလဲဆိုပြီး သိချင်တာနဲ့ အနားမှာ ပုန်းပြီး ချောင်းကြည့်နေသတဲ့။

အဲဒီကြွက်တွေဟာ နေရာဟောင်းကနေ နေရာသစ်ဆီသို့ ပြောင်းရွှေ့သွားနေကြတာ ဖြစ်ပါတယ်။ အဲဒီကြွက်သိုက်ထဲမှာ အကြီးဆုံးကြွက်တစ်ကောင် ပါသတဲ့။ အဲဒီအကြီးဆုံးအကောင်ဟာ ဖြည်းဖြည်းချင်းပဲ သွားနေနိုင်တာကို ဂမ်ဘုန် တွေ့လိုက်သတဲ့။ ဒါကြောင့် ဂမ်ဘုန်ဟာ ကြွက်ကြီးကို အသေးစိတ် ချောင်းကြည့်နေသတဲ့။

အဲဒီကြွက်ကြီးဟာ မျက်စိမမြင်တဲ့ကြွက်ကြီး ဖြစ်နေတဲ့အပြင် သူ့ပါးစပ်ထဲမှာလည်း တုတ်တစ်ချောင်းကို ကိုက်ချီထားပြီး ကျန်တစ်ဖက်ကို မျက်စိမြင်တဲ့ ကြွက်တစ်ကောင်က ကိုက်ပြီး လမ်းပြ တွဲခေါ်သွားနေတာကို တွေ့လိုက်ရသတဲ့။ ဒါနဲ့ ဂမ်ဘုန်ဟာ အဲဒီကြွက်သိုက်ကို ကြည့်ပြီး "တိရစ္ဆာန်ဖြစ်တဲ့ ကြွက်တွေတောင် သနားကြင်နာတတ်တဲ့ စိတ်ထားရှိကြပါလား"ဆိုပြီး တွေးတောဆင်ခြင်မိသွားသတဲ့။

## Lìngbú é Byù Í Yùq

Híhpyang wà rawà má, lìngbú bú é yuqgè hpó rayùq nyi ri gâ.Yùqgè hpó haû gi, hkâsu kut yâ wú le le, a gè mû, gyai myìt a ngón  dùt nyi ri gâ. Ranyí lhê é buìnyì má, yùqgè hpó haû gi, gyai myìt htûm byùq luî, yháng mòq wà yàm mâ é, lùpdung kong mâ é lùp htòq má êyhup tô é gâ. Yhang yhup ngón tô é hkûn, byù rayùq gi yhâng chyáng lé lô mû, "ahkaú ê, náng  é ûmbung byam ngho byi shi aq yhô " ga lé dûng ri gâ.Yùqgè hpó haû le,  yhupmòq sungâm luî "ge lhê, yu ló aq " nghû taî kat luî byî kat bê gâ.

Htang nàpkyó, yhang bûn lo é hkûn,  yhâng é lìngbú a dàp to láng luî, gyai maú byùq bê  gâ.Yhang gyai maú é eq gabú byùq  luî, wà shut din ló byùq mû,  yhâng é lìngbú, byùq byùq bê hkyô lé rawà gón má ló taî kyô wún bê gâ.Yhâng é maúhpo maubyín gi, wà hkang mó má byo myín ló byùq bê gâ. Gótû

wà rawà mâ é lìngbú dàp é byù hpó rayùq le, maubyín haû lé wó gyo luî hí lhê é yùqgè hpó su kut châng kut ra matú myìt hpyit bê gâ.

Byù hpó haû le, hí lhê é yùqgè hpó êyhup é, lùp htoq má êyhup to bê gâ.Myín gùnggàm lai mû, yhang yhup ngón nyi é hkûn, byù rayùq lé lô luî, "Ahkaú ê, náng é ûm bung dum byi râ nghû myìn wuì lé hô kôlhang a myhàng luî gyai myìt a ngón dùt nyi é nghut lhê. Hkû-myîn shèq dum myang hui luî, gyai gabú bê yhô. Ngò lé nghô tô byî é ûmbung dum lé àp bê yhô" ga taí luî, dum ló byùq bê gâ.Htang nàpkyó lé, yùqgè hpó haû,dum bûn lò mû, yhâng é lìngzing lé sop wú é hkûn lìngbú í cham dùt to láng é lé myàng mû,gyai dan byùq é eq wà shut din ló byùq bê gâ.

## လည်ပင်းကြီးသော လူနှစ်ယောက်

တစ်ခါတုန်းက ရွာတစ်ရွာမှာ လည်ပင်းကြီးအကျိတ် ဘူးသီးလောက်ရှိသူတစ်ယောက် ရှိသတဲ့ကွယ်။ အဲဒီလူဟာ အလွန်စိတ်ဓာတ်ကျ။ စိတ်ညစ်ပြီး လည်ပင်းက အကျိတ်တွဲလောင်း မြန်မြန် ပျောက်ချင်နေသတဲ့။ တစ်နေ့သော ညနေခင်းမှာ သခ္ခြိုင်းကုန်းက အုတ်ဂူတစ်ခုပေါ်မှာ စိတ်ညစ်ညစ်နဲ့ သွားအိပ်နေသတဲ့။ အဲဒီလိုသွားအိပ်နေတဲ့ ညတစ်ညမှာ လူတစ်ယောက်က "အစ်ကိုကြီးရဲ့လည်ပင်း က ဘူးသီးတွဲလောင်းလေးကို ဌားပေးပါဦး" လို့ လာပြောသတဲ့။ အိပ်နေတဲ့သူကလည်း အိပ်ချင် မူးတူးနဲ့ "ယူသွားလိုက်ပါ" လို့ ပြန်ပြောလိုက်သတဲ့။

မနက်မိုးလင်းလို့ သူ့လည်ပင်းကို ကိုင်ကြည့်တော့ လည်ပင်းမှ ဘူးသီးတွဲလောင်း အကျိတ် ပျောက်နေတာကိုတွေ့ပြီး ဝမ်းသာအားရ ရွာသားတွေကို သွားပြောပြသတဲ့။ အဲဒီလို သွား ပြောပြတဲ့အချိန်မှာ ရွာသားတွေထဲက လည်ပင်းမှာ အကျိတ်တွဲလောင်းရှိနေတဲ့ လူတစ်ယောက် လည်း သွားနားထောင်မိသတဲ့။ အဲဒီရွာသားက ရှေ့ကလူ လည်ပင်းမှ အကျိတ်တွဲလောင်း ပျောက် သွားသည့်အဖြစ်ကို စိတ်ဝင်စားပြီး သူလည်း အဲဒီလိုလိုက်လုပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်သတဲ့။

အဲဒီညမှာပဲ အုတ်ဂူတစ်ခုပေါ်သို့ သွားပြီးအိပ်နေသတဲ့ကွယ်။ ထူးဆန်းစွာပဲ အဲဒီ ညမှာလည်း လူတစ်ယောက် သူ့ဆီလာလည်ပြီး "အစ်ကိုကြီးရေ မနေ့ညကဌားသွားတဲ့ ဘူးသီး တွဲလောင်း ပြန်လာအပ်ပြီနော်" ဟုပြောပြီး ပြန်သွားသတဲ့ကွယ်။ နောက်နေ့မနက် သူပြန်နိုးလာတော့ သူ့လည်ပင်းမှာ ဘူးသီးတွဲလောင်းနဲ့တူတဲ့ အကျိတ်နှစ်ခု ဖြစ်နေသတဲ့ကွယ်။ သူလည်း အဲဒီဘူးသီး တွဲလောင်း အကျိတ်နှစ်လုံးနဲ့ ရွာကို ပြန်သွားသတဲ့ကွယ်။

## Yhûmsîng Wó É Wum-o Lé Sê É Luzúm Sum Yuq

Híhpyang Hkanghkyi Hkóhkâm ùp é yòso ralhum má dusàk hkúm shoq nyi akô gâ.Dusàk haú bang gi, radu eq radu gyai chyit lhum kôluî, shidàq htùqbáng lhûm akô gâ. Ranyí lhê é buìnyì má, Hkanghkyi Hkóhkâm gi, yhâng é hkû buìnyì poî mó, kut râ matú dusàk pé bànshoq lé wùt kat é gâ.Dusàk pé myo hpyang gi, jé lé bikô gâ. Nghut kôlhang, Wòq, Wàq, Pyet eq Hkui pé gi a jé lé shi-kó gâ.

Wòq, wàq, pyet eq hkui pé gi, poî shut rahá htoq e ló bikô. Yhángmòq htoq lé lo é hkyô lat má, myì byoq byòq to láng mû, hkyô xaû to láng ri gâ.Yhángmòq gi, hkyô mai wó laî byit râ matú shikùt nyi akô. Haú hkûn Wàq yháng nhâm gi, ngá-nhik wò yù râ ga luî, hkyô má xaû tô é myîtse pé lé yháng-nhik é nhut èq dû hpyi pyám bikô gâ.Haú mû yhángmòq wó lai bikô.

Yhángmòq xoq mû sô e ló kô é hkûn, wuìlàng ralhum lé ló gû dàp akô. Wuì a dàt gû é wòq wawuî lé kúm pyet pê eq garúm byî akô. Yhángmòq wuìlàng hé tap shut wó dàp bikô.Wuìlàng ban gûdàp mû dum xoq sô e ló kô é hkûn, byù hpúng rahpúng eq htûng huî akô gâ. Byù haú bang gi, wòq pé lé chyup râ matú hen akô ga. Haú hkûn, Hkuî pé gi, byu pé lé châng wàp luî, hkat pyám byî akô.

Haú su kut mû, yhángmòq xoq sô e ló kô é hkûn,Hkanghkyi Hkóhkam é poî wâng shut jé wang ló bikô. Hkanghkyi Hkóhkâm gi, htâng gyó mû, yháng mòq lé lhom nhik-yô ri gâ. Haú hkûn, yhángmoq gi, hkyô má dùt laî lò bê hkyô pé eq yhángmòq yhangchang htuqbáng lhûm é hkyô pé lé taî kyo kômû, gótû dusàk pé le, gyai gyô gabú luî, lhom te yù bikô gâ. Yhángmòq jé eq yhang Hkanghkyi Hkóhkam é poî lé kut hi e ló bikô gâ.

## ကိုယ်စီအရည်အချင်း

ဟိုးရှေးရှေးတုန်းက ခြသေ့ကြီးအုပ်ချုပ်တဲ့ တောတွင်းမှာ တိရစ္ဆာန်လေးတွေ ရှိကြသတဲ့။ သူတို့ဟာ တစ်ကောင်နဲ့တစ်ကောင် အလွန်လေးစားပြီး စည်းလုံးမှု ရှိကြလေတယ်။ တစ်နေ့မှာတော့ ခြသေ်ဘုရင်ကြီးဟာ သူ့ရဲ့မွေးနေ့ကို အကြီးကျယ်ဆုံး ကျင်းပဖို့ရန် တိရစ္ဆာန်အားလုံးကို ဖိတ်ခေါ်လိုက်တယ်။ ပွဲနေ့ရောက်တော့ တိရစ္ဆာန်တော်တော်များများက စုံစုံလင်လင် ရှိနေကြလေ၏။ သို့သော် ကြက်၊ ဝက်၊ ဘဲနှင့် ခွေး မိသားစုတွေ မရောက်လာသေးသဖြင့် ပွဲမစသေးဘဲ စောင့်နေကြလေ၏။

ကြက်၊ ဝက်၊ ဘဲနှင့် ခွေးမိသားစုတွေလည်း အတူတကွပွဲကို သွားဖို့ထွက်လာစဉ် လမ်းတစ်ဝက်ရောက်တော့ တောင်ပြို၍ လမ်းကပိတ်ပြီး သူတို့သားသမီးလေးတွေအတွက် သွားဖို့ အခက်အခဲရှိနေတယ်။ ကျော်နိုင်ဖို့ အကြံဉာဏ်ထုတ်နေစဉ် ဝက်လင်မယားက “ဒီလမ်းကို ငါတို့ နှစ်ယောက်ရှင်းမယ်” ဆိုပြီး သူတို့ခေါင်းနဲ့ မြေကြီးအပုံကြီးကို တွန်းဖောက်လိုက်တယ်။

ဆက်လက်၍သွားသောအခါ တံတားမရှိတဲ့ ချောင်းတစ်ချောင်းကို တွေ့ပြန်တော့ ရေကူးတတ်တဲ့ ဘဲမိသားစုက တာဝန်ယူကာ “တခြားမိသားစုတွေကို တစ်ဖက်ကမ်းရောက်အောင် ခေါ်သွားပေးမယ်”ဆိုပြီး ပျော်ပျော်ရွှင်ရွှင် သီချင်းဆိုပြီး သွားနေချိန်မှာ မထင်မှတ်ဘဲ လူတချို့နဲ့ ဆုံတော့ အဲဒီလူတွေက ကြက်မိသားစုကို ဖမ်းဖို့ပြင်နေစဉ် ခွေးမိသားစုက လူတွေကို ဟောင်ပြီး ကိုက်ဖို့ ဟန်လုပ်သောအခါ ကြောက်ရွံ့ပြီး ထွက်ပြေးသွားကြတယ်။ မကြာမီ ပွဲနေရာကို ရောက်လာတော့ ခြသေ့ဘုရင်ကြီးက “အချိန်မလေးစားတဲ့ အဲဒီမိသားစုအားလုံးကို ပြစ်ဒဏ်ပေးမယ်” ဆိုပြီး ကြေညာနေတုန်း သူတို့ရဲ့ အဖြစ်အပျက်ကို ပြောပြတဲ့အခါ ကျန်တဲ့တိရစ္ဆာန်တွေလည်း အလွန်ဝမ်းသာစွာဖြင့် ကြိုဆိုကြတယ်။ ထိုအချိန်မှာပဲ ခြသေ့ကြီးရဲ့ မွေးနေ့ပွဲကို စတင်လိုက်ကြသတဲ့။

## Jeju Tarâ

Híhpyang wà rawà má, htang hô zô é yùqgè hpó rayùq nyi ri gâ.Yhâng é yhûm má hkui radu le tsô tô  ri gâ.Yhang gi, Hkui zo lé, hai  akyû le abò nghû nyí wuî taí taí kut é gâ. Nyí wuî zang za dung zo mû, hai  mû le a zui  nghu é gâ.

Ranyí lhê é buìnyì má, yùqgè hpó haú yùq gi, htang hô e ló é gâ. Yhâng é hkui zo le, yhâng htâng châng e ló ri gâ.Yhang yòso hkaû ê-jé mû, htang zân nyi é hkûn, dùq htan é jûng lhângmuì mó radu gi, yhâng é nùnghtáng mai hte râ matú hen  nyi ri gâ.Haú hkûn yhâng é hkui  gi, myang kat mû,radàm taq byàm mû, lhângmuì lé ê-ngat kat bê. Haú su kut mû, hkui  eq lhângmuì dàp lhum kô é hkûn,  hkui  gi, lhângmui é ulhum má ngat byi mû, lhângmuì shi byùq bê. Hkui le lhângmuì hte byi mû dàm dap byùq bê.Haú hkûn, hkuî é yhûmsîng hpó gi, hkui lé gyai jeju bun bê gâ. Hkui  le yhâng é yhûmsîng hpô é asàk lé wó hkyi yù mû, gyai gabú nyi ri ga.

Yùqgè hpó gi, hkui lé yhûm shut bún ló mû, chi  ya byi bê. Hkui le alûm myáng é za, yhâng  é dàm pé ge byùq bê. Haú hkûn mai, yhûmsîng hpó gi, yhâng é hkui lé hkâ-nhám le, mara  a hun  é za rago tsô huq tô ri gâ. Hkui le gyai sidìq bo é eq yhâng  é yhûmsîng hpó eq rahá nyi byùq é gâ.

## ကျေးဇူးတရား

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ ထင်းခုတ်သမားတစ်ယောက် ရှိသတဲ့။ သူဟာ ခွေးလေးတစ်ကောင်နဲ့ အတူနေတယ်တဲ့။ ဒါပေမယ့် သူဟာ ခွေးလေးကို မချစ်ဘဲနဲ့ မကြာမကြာ အပြစ်မြင်မိတယ်။ ဒီခွေးဟာ “ငါကျွေးတာစားပြီး နေ့လည်းအိပ်၊ ညလည်းအိပ်နဲ့ အပိုင်ငေကုန်တာပဲ အဖတ်တင်တယ်” ဆိုပြီး တွေးလေတယ်။

အဲဒီလိုနဲ့ တစ်နေ့မှာတော့ သူဟာ ထင်းသွားခုတ်တယ်တဲ့။ ခွေးလေးကလည်း သူ့နောက်ကနေ တကောက်ကောက်လိုက်လာခဲ့တယ်။ တောထဲရောက်ပြီး သူထင်းခုတ်နေတဲ့အချိန်မှာ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ဟာ သူ့နောက်ကနေလာပြီးပေါက်ဖို့ဟန်ပြင်လေတယ်။ အဲဒီအချိန်မှာ သူ့နားမှာရပ်နေတဲ့ ခွေးလေးက မြွေကိုတွေ့လိုက်တာကြောင့် ချက်ချင်းပဲ အဲဒီမြွေကို ပြေးကိုက်လိုက်တယ်။ အဲဒီလို လုံးထွေးသတ်ပုတ်ရင်း နောက်ဆုံးမှာတော့ ခွေးကလေးဟာ မြွေရဲ့ဦးခေါင်းကို ကိုက်ပြီး သတ်လိုက်တယ်။

အဆိပ်ပြင်းတဲ့မြွေနဲ့ သတ်ပုတ်ထားတဲ့အတွက် ခွေးကလေးမှာလည်း ဒဏ်ရာတွေ အများအပြားရသွားတယ်။ ဒါပေမယ့် သူဟာ  သူ့ရဲ့သခင်ရဲ့အသက်ကို ကာကွယ်လိုက်နိုင်တဲ့အတွက် အရမ်းပဲ ဝမ်းသာမိတယ်။ အဲဒါကို သူ့သခင်တွေ့တဲ့အခါ ခွေးကလေးကို သိပ်ကျေးဇူးတင်သွားတယ်။ သူဟာ ခွေးကလေးကို ပွေ့ချီပြီးတော့ အိမ်ပြန်သွားတယ်။

ခွေးကလေးရဲ့ဒဏ်ရာတွေကို ကုသပေးတာကြောင့် ခွေးကလေးလည်း ပြန်ကောင်းလာတယ်။ အဲဒီအချိန်ကနေစပြီး ထင်းခုတ်သမားဟာ ခွေးကလေးကို အပြစ်မမြင်တော့ဘဲ အစားကောင်းတွေနဲ့ ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုပြီး သက်ဆုံးတိုင် အတူတကွ နေထိုင်သွားကြတယ်တဲ့။

## Ânû Chyit Myìt

Híhpyang, wà rawà má, Chuimó myhí rayùq eq yhang zo rayùq nyi ri gâ.Ranyí lhê é buìnyì má, yhángmòq wà mâ é bang, langkoq hpik luî, ngozo kóng e akô gâ.Chui mó myhí miwuî le, bochâng e akô gâ. Chui mó myhí gi, asàk ko bê mû, gùngsho le mang bê gâ.Ngozo châng gùq nâm lé, Chui mó mhyî é yhangzo gi, yhângnû é lán má ngozo a ló kat byî é za, yhang wú chyoi bûn é bang, supê é yhângnû pê chyáng za,ngozo ló kat byî ri gâ. Chui mó myhí gi, mang bê mû, ngo-mó pé gi, a wó chyup é za, bauzûn pé, bachyî nú zo pé lé za châng gùq tsîng rí gâ. Chui mó myhí gi, yhang wó chyup yu é ngo-nú zo pé lé lán hkaû má kat luî yhûm hkyô yu ló mû, ló chyoq tô é gâ.

Chui mó myhî é yhangzo gi, yhang ngozo chyup kat byî é bang chyáng, châng ló mû, zang byi tso nhô ngàm luî, châng láng zung wún ri gâ. Myiwe myhí haú bang le yhángmòq wó chyup lo é ngozo pé lé ló chyoq tô akô gâ. Zang zo nám jé lô jáng, Chuí zo gi, sámpyí mùt mû shinggan má châng zung wún ri gâ.Nghut kôlhang, myiwe myhí haú bang gi, hkum myhî pyám mû, yhángmòq baú za zang zô akô gâ. Chui mó myhî é yhangzo lé gi, ó le zang zo awùt kô gâ. Haú mû Chui mó myhî é yhângzo gi, gyai yón mû sámpyí mùt zung tô ri gâ. Haú hkûn, yhang lé zang zo râ matú châng ho wún é, yhângnu gi, sámpyí htê wó gyo luî, yhang lé rago za ê-po yù mû, yhûm shut shuî ló bê.

Haú mû luî, yhang wó gùq lo é ngo-nú zo pé eq bauzûn zo pé chyoq tô é xun eq zang ló shuî zô ri gâ. Yháng miwuî zang rahá ló zo bikô gâ.Chui mó myhî é yhangzo le, yhang mara kut shut bê hkyô eq yhângnu lé guì wú mû, supê é yhângnu lé shèq înu su-ngâm mû, ngozo chyup kat pyám byî é hkyô pé lé, nùngngham wó mû, ngaù luî, yhângnu lé mara dûng hkyut bê.

Chui mó myhí le, yhangzo lé, a nhik yô é za, rago dum taî kyo luî yhangzo lé mara hkyut pyám byi bê. Yhangzo le yhângnû é chyit myit lé wó yû luî rapyat nyì ngó byùq bikô gâ.

## မိခင်မေတ္တာ

ရှေးအခါက ရွာတစ်ရွာမှာ မုဆိုးမသားအမိ နေထိုင်ကြသတဲ့ကွယ်။ တစ်နေ့မှာ သားအမိနှစ်ယောက်လုံး သားငါးရှာရန် ချောင်းထဲသွားကြသတဲ့။ မိခင်ဖြစ်သူက အသက်ကြီးပြီမို့ သူမျှားလို့ ငါးမဖမ်းနိုင်လို့ ငါးကလေးများနဲ့ ပုစွန်များကိုသာ လိုက်လံဖမ်းယူနေသတဲ့။ သူ့သားကတော့ သူ့မိခင်ကို ငါးဖမ်းရသမျှ မပေးဘဲ သူမျှားမိခင်ကို ပေးခဲ့သတဲ့။ သားဟာ သူမျှားအမေကို အားကျသဘောကျပြီး တစ်နေကုန် ငါးရှာပေမယ့် မိခင်ကိုတော့ ငါးတစ်ကောင်မှ မပေးဘူးတဲ့ကွယ်။ အိမ်ပြန်ရောက်တော့ သူ့မိခင်က သူဖမ်းရတဲ့ ပုစွန်နဲ့ ငါးကလေးများကို ချက်ပြီး သူ့သားလေးကို စောင့်နေသတဲ့ကွယ်။

သူ့သားလေးက သူငါးဖမ်းပေးတဲ့အိမ်သို့ လိုက်သွားပြီး သွားစောင့်နေသတဲ့ကွယ်။ အဲဒီမိခင်က သူဖမ်းပေးထားတဲ့ ငါးနဲ့ ထမင်းဟင်းချက်သတဲ့။ သားလေးက သူငါးဖမ်းပေးတဲ့အတွက်

သူ့ကို ထမင်းစားခေါ်မှာကို စောင့်နေသတဲ့။ ဒါပေမယ့် သူတို့အိမ်သားတွေပဲ စားလိုက်သတဲ့။ သူ့ကို တော့ ခေါ်မကျွေးကြဘူးတဲ့ကွယ်။ အဲလိုနဲ့ ဝမ်းနည်းပြီးထိုင်နေတဲ့အချိန်မှာ သူ့အမေရောက်လာပြီး "သားလေး၊ အိမ်အမြန်ပြန်သွားရအောင် အမေဖမ်းထားတဲ့ ငါးလေးနဲ့ ပုစွန်ကို ချက်ထားတယ်၊ သွားစားရအောင်"ဆိုပြီး လာခေါ်သွားသတဲ့ကွယ်။ သားလေးက သူ့အမေကို ပြစ်မှားခဲ့တဲ့ လုပ်ရပ်များကို ငိုယိုတောင်းပန်စကားပြောသတဲ့။

သူ့အမေလည်း သူ့သားရဲ့တောင်းပန်စကားကို ကြားရလို့ မေတ္တာပိုကာ အပြစ်ကို ခွင့်လွှတ်ပေးသတဲ့ကွယ်။ သားလေးဟာ သူ့မိခင်ရဲ့မေတ္တာကို သိရလို့ နောင်တရကာ သားလိမ္မာလေး ဖြစ်သွားသတဲ့ကွယ်။

## Ngo-nòq Hkóhkâm Zo

Híhpyang, Yòso ralhum má, gyai chyoî é Ngo-nòq hkóhkâm zo radu nyi ri gâ. Yhâng Nu eq yhâng Wa gi, ngo-nòq pê é zau hkóhkâm nghut akô gâ.

Ranyí lhê é, ngo-nòq zô é yhâng Nu eq yhâng Wa gi, ngo-nòq zo-myi zo lé mingkan mâ é kô dìk é hkóhkâm zau lé byi tso râ matú myit hui bi-kô gâ.

Haú mû hkóhkâm myhí gi, yhangzo lé shui mû, mingkan mâ é hkik dik sû lé châng hô bi kô gâ.

Sânghi dâm, Ngo-nòq yháng mawuî gi, buì mau shut dòq ló bikô. Buì mau ló jé jáng, Buì Hkóhkâm lé, Ngo-nòq é yhângnu taî é gi, Buì hkóhkâm ê, Nàng gi, mingkan má jòq é bànshoq má je hkik sû nghut mû, nàng Buì hkóhkâm lé ngá zo-myi zo lé byi tso râ nghû shuî lo lhê ga ló taî ri gâ.

Haú hkûn Buì hkóhkâm gi, "Ngo-nòq hkóhkâm myhí ê, Ngò Buì gi mingkan má hkìk sû a nghut. Ngò Buì tsô, duq bó nyé kôlhang, ngá é nyé soq lé wó go pyâm é Mhut htû jòq ashî. Yhang gi ngo lé ûng sû nghut lhê" ga lhom taí bê.

Haú mû Ngo-nòq zo eq yhângnu gi, Mhut Hkóhkâm chyáng dum ê bikô gâ. Mhut Hkóhkâm chyáng ê jé kôjáng Mhut Hkóhkâm gi, "ngò buì lé wó go pyám kôlhang, ngo lé kâm é su, wó mùt tâng pyâm é laìdun mó jòq ashî" ga dum lhom taî ri gâ.

Haú htâng Ngo-nòq zo eq yhâng nu gi, laìdun mó chyáng dum ê bikô gâ. Haú hkûn Laìdun mó gi, "Ngá é laì soq hká myhó htân kólhang myì bùm lé awó mut htot pyám ó, ngá htoq je wum bo é gi myì bùm ri nghut lhê" ga dum lhom taî ri gâ.

Haú htâng ngo-nòq zo yháng mawuî gi, mauhkûng htoq maî dâng gyó lò kômû, Myì búm lé dum ê myî akô gâ.

Myì búm chyáng jé kôjáng, myì bùm gi, "Ê.. ngò hka í wum bô mû nyi to kôlhang Nô pé yhangmòq é hkyuî eq lé htûng hkyut kôjáng ngá myì búm pé byi byòq byùq byùq dùt râ" ga lhom taî kat ri gâ.

Haû jáng, Nô pê Hkóhkâm chyáng dum e ló bikô gâ. Nô pê chyáng jé kô jáng, "Ngo-nòq hkóhkâm myhì é, ngá moq hká í hkik bun kôlhang ngá moq é nhô má tuî èq nhô shoí lé shoí tap mû ngá mòq lé yhang o é dông nhâng zô akô", ga lhom taî ri gâ.

Haú hkûn Tui hkóhkâm chyáng dum ê-myî le, "ê.. ngá-mòq hká í ging bê nghû kôlhang Ngo-nòq zô pé lé ngat hpyit pyám jáng byit byùq lhê ga lhom taî kat ri ga.

Haú mû luî, ngo-nòq zo eq yhângnu gi yhángmòq nyi é ngo-nòq hkóhkâm ming shut taû tó bikô ga. Yhángmòq é ngo-nòq hkóhkâm ming shut je jáng, Ngo-nòq hkóhkâm hpó lé ló taî kyo mû yhángmòq é ngo-nòq ming mâ é chyoi mû, wúm bo é, chyoî é Ngonòq zau zo eq Ngonòq Hkóhkâm zo-myi zo lé byi tso bikô gâ.

## ကြွက်မင်းသမီးလေး

ရှေးရှေးတုန်းက လယ်ကွင်းတစ်ကွင်းမှာ အလွန်လှပတဲ့ ကြွက်မင်းသမီးလေးတစ်ပါး ရှိသတဲ့။ သူ့ရဲ့ အဖေနဲ့အမေဟာ ကြွက်တွေရဲ့ ဘုရင်နဲ့ မိဖုရား ဖြစ်ကြတယ်။

တစ်နေ့တော့ ဘုရင်ကြီးနဲ့ မိဖုရားကြီးဟာ ကြွက်မင်းသမီးလေးကို ကမ္ဘာပေါ်မှ အမြင့်မြတ်ဆုံးလူနဲ့ ပေးစားဖို့ သဘောတူကြတယ်။ အဲဒါနဲ့ မိဖုရားကြီးဟာ မင်းသမီးလေးကိုခေါ်ပြီး ကမ္ဘာမှာ အမြင့်မြတ်ဆုံးသူကို လိုက်ရှာကြသတဲ့။

ပထမဆုံး သူတို့သားအမိက နေတိုင်းပြည်ဆီသို့ တက်သွားလေ၏။ နေတိုင်းပြည်ကို ရောက်တော့ ကြွက်မိဖုရားက နေမင်းကြီးကို "နေမင်းကြီး သင်ဟာ ကမ္ဘာပေါ်မှာ အမြင့်မြတ်ဆုံး သောသူဖြစ်တယ်၊ အဲဒါကြောင့် ငါ့သမီးကို နေမင်းကြီးနဲ့ပေးစားချင်လို့ ခေါ်လာခြင်းဖြစ်တယ်" လို့ လျှောက်ထားလိုက်တယ်။

ထိုအခါနေမင်းကြီးက " ကြွက်မိဖုရားကြီး၊ ငါဟာ ကမ္ဘာပေါ်မှာ အမြင့်မြတ်ဆုံးသော သူ မဟုတ်ဘူး၊ ငါ့အလင်းရောင်ကို ကွယ်ပျောက်အောင်လုပ်နိုင်တဲ့ တိမ်ရှိသေးတယ်" လို့ ပြော လိုက်တယ်။

ကြွက်သားအမိကလည်း တိမ်မင်းကြီးဆီသို့ လျှောက်ထားပြန်၏။ တိမ်မင်းကြီး ကလည်း "ငါက နေမင်းကြီးကို ကွယ်ပျောက်အောင် လုပ်နိုင်သော်လည်း ငါ့ကို လွင့်သွားအောင် လုပ်နိုင်တဲ့ လေမင်းကြီး ရှိပါသေးတယ်" လို့ ပြန်ပြောလိုက်လေတယ်။

ကြွက်သားအမိက လေမင်းကြီးဆီ သွားပြန်တော့ "လေမင်းကြီးကလည်း လေ ဘယ်လောက်ပဲကြမ်းကြမ်း၊ တောင်ပို့လေးကို လဲအောင်မတိုက်နိုင်ဘူး" လို့ ပြန်ပြောလိုက်တယ်။

တောင်ပို့ထံသွားသော်လည်း တောင်ပို့က "ငါ ဘယ်လောက်အားရှိတယ်ဆိုပြီး နေ နေသော်လည်း ကျွဲတွေ လာလာခွေ့ရင် ငါ့မြေကြီးတွေ ပြိုပြိုကျသွားတယ်" လို့ ပြန်ပြောလိုက်တယ်။

အဲဒါနဲ့ ကျွဲဘုရင်ဆီ သွားပြန်တယ်။ ကျွဲဘုရင်ကြီးက "ကြွက်ဘုရင်မရယ်၊ ငါတို့ ဘယ်လောက်အားရှိရှိ ကျွန်ုပ်တို့ရဲ့နှာခေါင်းကို ကြိုးနဲ့နဖားထိုးပြီး ငါတို့ကို ခိုင်းစားကြတယ်"လို့ ပြန်

ပြောတယ်။ ထို့နောက် ကြိုးဘုရင်ဆီပြန်သွားမေးရာ ကြိုးဘုရင်က “ငါတို့ ဘယ်လောက်ပဲခိုင်းသော်လည်း ကြွက်ကလေးတွေ လာလာကိုက်သွားရင် ပြတ်ပြတ်သွားပါတယ်”လို့ ပြန်ပြောပြလေတယ်။

အဲဒါနဲ့ ကြွက်သားအမိဟာ သူတို့နေတဲ့ ကြွက်တိုင်းပြည်ကို ပြန်သွားကြတယ်။ ကြွက်ဘုရင်ကြီးကိုလျှောက်ထားပြီး သူတို့တိုင်းပြည်က ချောမောပြီး အားရှိတဲ့ ကြွက်မင်းသားနဲ့ မင်းသမီးလေးကို ပေးစားလိုက်သတဲ့ကွယ်။

## Wuî hke mai lùt lo é Ngo-nòq myhí

Hí hpyang ngo-nòq mawuî pé nyi akô. Ranyí lhê má, ngo-nòq myhí gi, zoshùq hô râ matú htoq lám ló bê gâ.Yhang htoq e ló é hkyô rawô má, kô dik é Lhâng-muì radu eq êzang hui luî, Ngo-noq myhí gi, gyai gyùq nyì bê gâ.Yhang gyùq nyi é lé sê wú é Lhâng-muì gi, Ngo-noq myhí lé, "Hkâ-gyùq! ngò nàng lé haî akut, nàng râ é hkyô e ló aq" ga taí jáng, Ngo-noq myhí gi, gyai gabú mù, "jeju ko bê " ga taí luî, dùm sô e ló bê gâ.

Ngo-nòq myhí gi, haú su kut é ló le, yhûm ra yhûm lé myàng luî haú yhûm shut din wàng é ló bê gâ.Haú yhûm zang gok hkaû jé wâng jáng kêhtoq má, lhâng tô é sho-kyuq lé myàng bê gâ. Yhang gi, sho-kyuq haû lé yù naù luî kê htoq shut byam kat lhê ga jáng, byam shut luî wuì byíng tô é yambú hkaû byit gyó wàng byùq bê gâ.Ngo-nòq myhí gi, wuî hkaû má amyùp shî shoq ga luî wo lùt shoq shikùt nyi rá.Haú hkûn la-nyhaú myhí radu htoq lé lò mù, yambú hkaû mâ é Ngo-nòq lé myàng bê gâ.Ngo-nòq myhí le, La-nyhaú lé myàng jáng gyùq luî La-nyhaú lé, "La-nyhaú ê, ngò lé hka chyup zo yhô" ga tôngbán ri gâ.

Haû jáng, La-nyhaú myhí gi, "Hka gyùq yhô, nàng lé ngò a zo, nàng wuì maî wó lùt shoq, ngò garum râ" ga luî La-nyhaú myhí gi, Ngo-nòq lé, yambú hkaû maì lâng she yù bê gâ.Hau htoq agó La-nyhaú myhí gi, Ngo-nòq myhí lé sho-kyuq lé le byî kat bê. Ngo-nòq myhí le, La-nyhaú lé jàq gabú jeju bun luî dum taû ló byùq bê gâ .

## ကြွက်မနှင် ကြွက်ကလေး

ရှေးရှေးတုန်းက ကြွက်မကြီးနဲ့ ကြွက်ကလေးသားအမိတို့ ရှိကြသတဲ့။ တစ်နေ့မှာ ကြွက်မကြီးက အစာရှာဖို့ ထွက်လာခဲ့သတဲ့။ သူထွက်လာခဲ့တဲ့ လမ်းတစ်ဝက်မှာ မြွေကြီးတစ်ကောင်နဲ့တွေ့ပြီး ကြွက်မကြီးက အလွန်ကြောက်နေသတဲ့။

သူကြောက်နေပုံကိုသိတဲ့ မြွေကြီးက “ကြွက်မကြီး၊ ငါ့ကိုမကြောက်ပါနဲ့၊ နင့်ကို ငါ မစားပါဘူး၊ နင်လိုရာကို သွားပါ” လို့ပြောတဲ့အခါ ကြွက်မကြီးလည်း “ကျေးဇူးတင်ပါတယ်”လို့ ပြောပြီး ဆက်လျှောက်သွားသတဲ့။

ကြွက်မကြီးက အဲဒီလိုသွားရင်းသွားရင်း အိမ်တစ်အိမ်ကို တွေ့သတဲ့။ ကြွက်မလည်း အိမ်ကြီးရဲ့မီးဖိုချောင်ထဲ ဝင်သွားသတဲ့။ မီးဖိုချောင်ထဲဝင်သွားတာနဲ့ ကျပ်ခိုးပေါ်က အသားခြောက်ကို တွေ့သတဲ့။ ကြွက်မက အသားခြောက်လိုချင်တာနဲ့ ကျပ်ခိုးပေါ်ခုန်တက်လိုက်သတဲ့။

အဲဒီလိုခုန်တက်လိုက်ရာမှာ ကျပ်ခိုးပေါ်မရောက်ဘဲ ရေပြည့်နေတဲ့ ရေအိုးကြီးထဲ ပြုတ်ကျသွားသတဲ့။ ကြွက်မဟာ ရေအိုးထဲကလွတ်အောင် ကြိုးစားရုန်းနေတယ်။ အဲဒီလိုမောမောပန်းပန်း ရုန်းနေချိန်မှာ ကြောင်ကြီးတစ်ကောင် ပေါ်လာခဲ့သတဲ့။ ကြွက်မကြီးဟာ ကြောင်ကြီးကိုလည်း တွေ့ရော ကြောက်ကြောက်နဲ့ "ကြောင်ကြီးရယ်၊ ကျွန်မကိုမဖမ်းစားပါနဲ့နော်" ဆိုပြီး တောင်းပန်နေရှာတယ်။

ကြောင်ကြီးကလည်း "ကြွက်ရယ် နင့်ကို ငါ မဖမ်းစားပါဘူး၊ မကြောက်ပါနဲ့၊ ဒီထဲကလွတ်အောင်လည်း ငါကူညီပါမယ်" ဆိုပြီး ကြွက်မကြီးကို ဆယ်ယူသတဲ့။ ပြီးတော့ အသားခြောက်ကိုလည်း ကြွက်မကြီးကို ပေးလိုက်သတဲ့။ ကြွက်မကြီးလည်း ကြောင်ကို ကျေးဇူးတင်စကားပြောပြီး အလွန်ပျော်ရွှင်စွာနဲ့ ပြန်သွားသတဲ့ကွယ်။

## Jeju Dum Taû É Hkui Radu

Hí hpyang, yohtung saí zô é yhûm ralhum má, jàq nhikgyîng é Nóng Bung gâ é yùqzo rayùq nyi ri gâ. Yhángmòq yhûm bang gi, ranyí hô ranyí zo kut luî nyí é bang nghut lhê gâ.

Ranyí lhê é buìnyì má, Nóng Bung gi yhángmòq é yò ê hkyô má, Hkui radu lé myang gùq ri gâ. Hkui haû gi, zang a myàng zô é jàq myáng bê mù, gyai yhang gyí luî, hkyô sô le lháng nán nán dùt nyi ri gâ. Haû mû luî, Nóng Bung gi, jàq wú shogyo luî, yò hkyô a ê lô é za, Hkui haû lé yhûm shut bún ló byùq bê gâ.Nóng Bung gi, yhûm ló jé jáng Hkui haû lé, gùng chi chi byi mû,zang ngham ngham zâ é tsô ri gâ. Haú mû luî, Hkui haú du gi, ranyí eq ranyí wáng zán lò bê mû, gyai yhang xu yúng lò bê gâ. Hkui haú du gi, Nóng Bung lé gyai yhang jeju bun mû, hkâ-nhám le yhâng htâng za châng nyi wún rí gâ.

Ranyí lhê é buìnyì má, yhángmòq é Ming up Hkóhkâm zo gi, yhâng é hkui byùq byùq é gyai myáng bê mû, zang rago a zô é za nyi tô é gyai myáng bê gâ. Haú mû luî, yhâng wa Hkóhkâm gi, yhâng é duì-nhâng zoshâng pé lé,hkui zo haú lé ê châng hô râ matú nhang kat bê gâ. Myang hô bang lé le, záng gùq to luî tsô to byî é bang lé le, chyûnghuq byi râ nghut lhê ga luî, Hkóhkâm hkun mó hkyô tô rí gâ. Hkui hô bang gi, Nóng Bung pê é wà yàm má le ê jé akô gâ. Haú hkûn Nóng Bung myang gùq tsô tô é hkui gi, haú hkyô lé wó gyo bê gâ.

Hkui zo haû gi, Hkóhkâm zô é byùq byùq é hkui nghut lhê gâ. Nghut kôlhang, Hkui zo haû gi, haú hkyô lé, Nóng Bung lé a taî kyo gâ. Ranyí lhê é buìnyí má, Hkui zo haû gi, yhang lé wú shogyo luî hku tô é Nóng Bung yhûm byù wuì lé jeju tau naû luî, dùt laî lò bê hkyô lé Hkó Hkâm zo lé ló taî kyo râ matú,

wó myit htoq bê gâ. Haú mû luî, Hkui  zo gi, Nóng Bung lé haî le a taî kyô é za, yhâng é Hkó Hkâm wàng shut shuî ê nhang bê gâ.

Yhángnhik Hkó Hkâm wàng má ê jé mû, Hkó Hkâm zo eq ê huî akô gâ. Haú hkûn Hkóhkâm zo gi, yhang gyai chyit é hkui zo gi, gyai xu yúng dìk é eq dum taû lo é lé myàng mû gyai yhang gabú bê gâ. Hkui zo haû gi, yhang hkóhkâm wâng mai htoq lám ló mû, hkyô nghoq nghoq byùq luî, zang  le a myàng zo é za no nyi mû, yòso shut jé byùq  é hkûn,  Nóng Bung gi, yhang lé rago za bún yû mû, yhang lé tsô tô é hkyô lé rago ló taî kyô ri gâ. Haú hkûn shèq, Nóng Bung gi, yhang  myang  gùq tô é  Hkui zo gi, Hkóhkâm zô  é hkui  nghut é lé wó sê yu é gâ.

Hkóhkâm zo gi, Nóng Bung  eq Hkui zo lé rahá kut yhâng wâ chyáng shuî ló é gâ. Hkóhkâm Hpó le, gyai  gabú mû, wui chik nyi é yhangzô é myòqdong lé myàng mû gyai gabú byùq bê gâ. Haú mû, Hkóhkâm gi, Nóng Bung lé ngùn, hîng eq gótû chyûnghuq myo myo lé  shigyaú byî kat bê gâ. Haû lé myang é Hkui zo le, gyai  gabú bê gâ. Nóng Bung le gyai  gabú é eq chyûnghuq ga-myhó wàq luî yhâng yhûm shut taû ló bê gâ. Nóng Bung chyûnghuq gamyhó wàq lo é lé lhom myang é, yhâng é Ânu Âwa nhik le gyai gabú bikô gâ.Haú nyí mai, Nóng Bung yhûm byù wuì gi, nyì ngón yùqyò byùq bikô gâ.

## ကျေးဇူးတုံ့ပြန်တတ်သောခွေး

တစ်ခါတုန်းက လယ်သမားမိသားစုတစ်စုမှာ အလွန်ချစ်စရာကောင်းတဲ့ သားလေး ရှိသတဲ့ကွယ်။ လယ်သမားမိသားစုဟာ စားဝတ်နေရေးကို တစ်ရက်လုပ် တစ်ရက်စားဖြင့် အလုပ်လုပ်ကြရသတဲ့။ တစ်နေ့သောအခါ လယ်သမားလေး နောင်းဘုန်ဟာ လယ်တောသွားရာလမ်းမှာ ခွေးတစ်ကောင်ကို တွေ့သတဲ့။ ခွေးဟာ အစားမစားရတာ ကြာပြီဖြစ်တဲ့အတွက် အလွန်ပိန်နေသတဲ့။ နောင်းဘုန်ဟာ ခွေးကိုသနားပြီး အိမ်သို့ခေါ်ယူလာသတဲ့။ နောင်းဘုန်ဟာ လယ်ထဲမသွားတော့ဘဲ ခွေးကလေးကို အစာကျွေး၍ ပြုစုနေသတဲ့။ ခွေးကလေးဟာ တစ်နေ့ထက်တစ်နေ့ ကျန်းမာလာသတဲ့ကွယ်။

ခွေးကလည်း မိမိ၏အသက်ကို ကယ်တင်သော နောင်းဘုန်အနားမှာ အမြဲတစေ လိုက်နေသတဲ့။ တစ်နေ့တော့ ဘုရင်မင်းမြတ်၏ မျှားမတ်များက “နန်းတော်က ခွေးပျောက်သွားတဲ့အတွက် တွေ့လျှင် အကြောင်းကြားရန်၊ ခွေးရှိသည့်နေရာကို အကြောင်းကြားပါက ဆုတော်ငွေ ချီးမြှင့်မယ်”လို့ အမိန့်ထုတ်လိုက်သတဲ့။ နောင်းဘုန်ရဲ့ခွေးဟာ နန်းတော်စောင့်ခွေးဖြစ်တာကို နောင်းဘုန်က မသိဘူးတဲ့။ ခွေးလေးဟာ လယ်သမားမိသားစုကို ကျေးဇူးဆပ်ရန်အတွက် နန်းတော်သို့ ပြန်သွားသတဲ့ကွယ်။ ခွေးလေးဟာ နန်းတော်ရောက်ပြီး ဘုရင်မင်းမြတ်ရှေ့ ခစားကာ မိမိ၏ အဖြစ်အပျက်ကို လျှောက်တင်လေသတဲ့။ မင်းကြီးကလည်း အကြောင်းစုံကိုသိသွားတဲ့အခါ နောင်းဘုန်မိသားစုကိုခေါ်ယူပြီး ဆုငွေများပေး၍ ကျေးဇူးဆပ်ပါသတဲ့ကွယ်။ နောင်းဘုန်မိသားစုလည်း ခွေးလေးကို ကျေးဇူးတင်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ အိမ်ပြန်သွားကြသတဲ့ကွယ်။

## Bángtaî eq Hkanghkyi Hkóhkâm

Hkanghkyi gi, yòsô dusàk pê é hkóhkâm nghut lhê gâ. Yhang zangmut lò jáng dusàk pé lé  châng chyup zô ri gâ. Dusàk pé gi gyai gyùq é èq hpang wún râ rí gâ.Ranyí lhê buì nyí má gi, dusàk tiq zô pé gi, zuphpong hpông akô gâ. Zuphpong haú má, dusàk pé gi, hkóhkâm hkanghkyi zang mut lò jáng ngá-nhúng lé châng chyup zo jáng ngá-nhúng gyùq luî hpang wún le lànghkung pé má byìt gyó shi é je myô râ. Haú mû ranyí lé dusàk radu ê byi tso sháng, ga myit huì bikô.Dusak pé le ranyí radu hkanghkyi zang mut nâm lé ê kômû é byi tsô akô gâ.

Ranyí lhê buì nyí má, Bángtaî zo má âng lò  bê gâ. Bángtaî gi yhángmòq lúng é sikpúng nàm mâ é wuì nhông ralhum ê myang tô rí gâ. Haú nhông mâ é wuì pé gi jàq gying za nghut mû, haú má êtu wú kat le,  myòq dong san za wó myang ri gâ. Bángtaî gi hkanghkyi mó chyáng hân hân din ê mû, Hkóhkâm Hkanghkyî é hí má, ayàm shut, chyâng e wú, nùnghtáng dum zùt wú kut, êkut nyi é gâ. Haú hkûn Hkanghkyi mó gi, "Bángtaî ê, haî kut shit é lhû?, ngò zang mut bê nhut yâm shut liwán chyâng lé lò àq", ga taî ri gâ.

Haû jáng Bángtaî gi, "Hkóhkâm Hkanghkyi ê, náng htoq kô é Hkanghkyi mó radu nyi a shî, haú mû yhang le, ngo lé zo râ ga taî kat ra, haú mû yhâng chyáng shèq ngò ri ê bá" nghû taî ri gâ. Haú hkûn, Hkanghkyi Hkóhkâm gi radàm taq toq yàp mû,"Bángtaî ê ahkuî hkâ-má nyi tô ri"?  ga myî kat ri gâ. Bángtaî gi "ngá htâng cháng âq , ngo êtûn shit râ" ga taî kat mû, Hkanghkyi mó lé wuì nhông shut shuî ê ló bê.Wuì nhông gin-gau má Hkanghkyi mó êyàp kat mû wuì nhông hkaû shut wú kat le, yhâng eq pung é Hkanghkyi mó lé wuì htoq maí myang kat bê. Hkanghkyi Hkóhkâm gi, puk garû kat jang, lang htâng tû lò mû nhik jum yo luî wuì hkaû mâ é Hkanghkyi lé puk garû kat luî wuì hkaû shut byam wang ló bê gâ. Haú mû Hkanghkyi Hkóhkâm wuì hkaû má myùp shi byùq bê gâ.

Haú lé wó gyô é Hkanghkyi zô pé le, yhángmoq é Hkóhkâm Hkanghkyi lé wó ngat zô pyâm é Hkanghkyi nyi rí gâ, ga luî supê ming (Myiwa, Galà, Tibet) mau shut hpang byùq bikô gâ. Haú nyí maì ngá-nhûng ming má Hkanghkyi a nyi byùq lokó gâ.Brángtaî  gi yòso mà é dusàk bànshoq bang lé , ngá-nhúng lé zo râ Hkanghkyi a nyì lo, ga luî jaq ngón byùq bi-kô gâ.

## ယုန်နဲ့ ခြသေ့်မင်းကြီး

ရှေးရှေးတုန်းက ခြသေ့်က တောတွင်းတိရစ္ဆာန်တွေရဲ့ ဘုရင်ကြီး ဖြစ်လေသတဲ့။ ခြသေ့်မင်းကြီးက ဗိုက်ဆာလာရင် တိရစ္ဆာန်တွေကို လိုက်ဖမ်းစားသတဲ့။ တိရစ္ဆာန်တွေက ကြောက်ပြီး ထွက်ပြေးကြတယ်။

တစ်နေ့တော့ တိရစ္ဆာန်တွေက အစည်းအဝေးလေး လုပ်ကြသတဲ့။ တိရစ္ဆာန်တွေက အစည်းအဝေးမှာ ငါတို့ခြသေ့်မင်းကြီး ဗိုက်ဆာလို့ လိုက်ဖမ်းစားရင် ငါတို့ ခံရပေါင်းများနေပြီ၊ အဲဒါကြောင့် တစ်နေ့မှာ အကောင်တစ်ကောင် ပေးစားဖို့ရန် သဘောတူလိုက်ကြတယ်။

တစ်နေ့တော့ ယုန်ကလေးရဲ့အလှည့် ရောက်လာလေတယ်။ ယုန်ကလေးက သူတို့အောင်းတဲ့ သစ်ပင်ကြီးနားမှာရှိတဲ့ ချောင်းတစ်ချောင်းကို တွေ့ထားတယ်။ အဲဒီချောင်းက အလွန်ကြည်လင်၍ ကြည့်လိုက်ရင် ကိုယ့်မျက်နှာကို ရှင်းရှင်းလင်းလင်းမြင်ရသတဲ့။ ယုန်ကလေးက ခြသေ့်မင်းကြီးဆီကို မြန်မြန်ပြေးသွားပြီး ခြသေ့်မင်းကြီးရဲ့ ရှေ့ကိုသွားလိုက် နောက်ကို ပြေးသွားလိုက်နဲ့ လုပ်နေသတဲ့။ အဲဒီအချိန် ခြသေ့်မင်းကြီးက "ဒီယုန် ဘာလုပ်နေတာလဲ။ ငါဆာပြီ၊ ငါ့ပါးစပ်နားသို့ မြန်မြန်လာတော့"လို့ ပြောလိုက်တယ်။

အဲဒါနဲ့ ယုန်လေးက "အရှင်မင်းကြီးထက်ကြီးတဲ့ ခြသေ့်ကြီးတစ်ကောင် ရှိသေးတယ်။ သူလည်းပဲ ငါ့ကို စားမယ်"လို့ပြောတယ်။ "ငါ သူ့ဆီကိုပဲ သွားတော့မယ်"လို့ ပြန်ပြောလိုက်တယ်။ ခြသေ့်မင်းကြီးက ရုတ်တရက်ထပြီး "အဲဒီခြသေ့် ဘယ်မှာလဲ"လို့မေးတယ်။ ယုန်လေးကလည်း "မင်းကြီး ငါ့နောက်လိုက်ခဲ့၊ ငါလိုက်ပြမယ်"လို့ပြောပြီးခေါ်သွားလေ၏။

ရေအိုင်နားမှာရပ်ပြီး ကြည့်လိုက်တော့ သူနဲ့အရမ်းတူတဲ့ခြသေ့်ကြီးကို တွေ့လေ၏။ ခြသေ့်မင်းကြီးက ဟောက်သောအခါ ပဲ့တင်ထပ်သံကြောင့် ထွက်လာတဲ့အသံကို ပြန်ဟောက်တယ်ထင်ပြီး အိုင်ထဲ ထိုးဆင်းသွားလေ၏။ အဲဒါကြောင့် ခြသေ့်မင်းကြီးက အိုင်ထဲနစ်ပြီး သေသွားလေ၏။

အဲဒါကို ကြားသောအခါ ခြသေ့်ကလေးတွေက သူတို့မင်းကြီးကို စားနိုင်တဲ့ ခြသေ့် ရှိတယ်ဆိုပြီး အခြားတိုင်းပြည်သို့ ထွက်ပြေးသွားလေ၏။ ယုန်လေးက ငါတို့ကိုစားမယ့် ခြသေ့် မရှိတော့ဘူးဆိုပြီး အရမ်းပျော်နေတော့သတဲ့။

---

**Luzúm Gè Pé**

Radàm má, gyai myhang é bùm htoq mâ é sikpúng hkaû má, Lo mó radu nyi rí gâ.Yhang lé dusàk hkangmó gyùq akô gâ.Yhang gi, bùm haú mâ é yòsô zau radu dông nyi nyì mû, záng myang é dusàk hkangmó lé chyup zô pyám pyám kut ri gâ.

Ra-nyí má, xat hpyû radu gi, bùm htoq shut zoshuq hô râ matú htoq lám ló byùq é yhâng é luzúm wuî mâ é a dum taû lo é bang lé châng hô râ matú bùm htoq shut dòq ló bê gâ.Yhang bùm gùng má ló jé kat é hkûn, Lo mó radu gi, gùngdu má dàm dap luî, sui yui nyì mû, awó sô wún luî lèq tô é lé ló myang ri gâ.Xat hpó gi, lo mó é ayàm shut sô ê luî,"hkaú lomó ê, haî mu lèq yâng tô é lhú" nghû ê-myî rí gâ. Haú hkûn Lo mó gi,"ngo lé, jaugong rayùq myi-ûm eq tangbaú má bìk byi mû haq lèq tô é nghut lhê"ga, dum tûtaî kat ri gâ.Haúhkûn, Xat hpó gi,"Lo mó lé wú shogyo luî, hkaú lo mó ê, nàng lé chi ya byi râ matú, ngò chi sará êwùt byi râ.Nghut kôlhang, náng é dàm gè jáng, ngo lé a ge ngat zo yhô", nghû danggidìq dûng rí gâ. Lo mó le, dàm lûm nò mû,"nàng lé ngò a ngàt zo yhô. Htâng lé nàng ra jáng le ngò dum garúm byi râ", nghû danggidìq byî kat bê gâ.

Haú mû, Xat hpó le, bùm ô shut din gyó ló mû, bùm chi sará mó, Yo (Bùm Bainám) lé êwùt lò byî ri gâ. Bùm chi sará mó Yo gi, yhâng é shô eq lo mó

é dàm pé lé yòq byî rí gâ. Yhâng é hkyî eq le dàm pé lé sop byî ri gâ. Hau htâng amyáng má, Lo mó é dàm pé gi, kyuq byùq mû ge ló byùq bê gâ.Lo mó gi, yhâng é dàm ge  byùq mû,  Xat hpó eq Yo lé gyai jeju bun  luî, yhángnhik eq rahá nguì nguì ngón ngón kut rahá nyi ló byùq bikô gâ.

## သူငယ်ချင်းကောင်းများ

တစ်ခါက အလွန်ကြီးမားမတ်စောက်တဲ့ တောင်ကြီးတစ်ခုမှာ အလွန်ကြောက်စရာကောင်းတဲ့ ကျားကြီးတစ်ကောင် ရှိသတဲ့။ ကျားကြီးဟာ ကိုယ့်ကိုယ်ကို ဘုရင်ကြီးလို့ ယူဆပြီးနေသတဲ့။ ထိုတောင်သို့ အစာလာပြီး ရှာဖွေကြတဲ့ တိရစ္ဆာန်များကိုလည်း သတ်ဖြတ်စားသုံးလေ့ ရှိသတဲ့။ တစ်နေ့တွင် သမင်ဖြူကြီးတစ်ကောင်က "ဒီတောင်ပေါ်ကို အစာရှာထွက်တဲ့ ငါ့မိတ်ဆွေ၊ သူငယ်ချင်းများ ဘာကြောင့်ပြန်မလာကြသလဲ၊ အကြောင်းစုံသိရအောင် သွားပြီးစုံစမ်းဦးမှ"ဟု ဆိုပြီး တောင်ပေါ်သို့ တက်သွားလိုက်သတဲ့။ တစ်နေရာရောက်တော့ ကျားကြီးတစ်ကောင်ဟာ ဒဏ်ရာများနှင့် လဲလျောင်းနေတာကိုတွေ့ပြီး သမင်ဖြူကြီးက ကျားကြီးအနား ချဉ်းကပ်သွားပြီး၊ "အသင်ကျား၊ ဘာဖြစ်လို့ လဲလျောင်းနေတာလဲ"လို့ မေးသတဲ့။ ကျားကြီးက "မုဆိုးတစ်ယောက် ငါ့ပေါင်ကို သေနတ်နဲ့ ပစ်မိတဲ့ ဒဏ်ရာများကြောင့် လဲလျောင်းနေတာ"လို့ ပြန်ဖြေလေသတဲ့။ သမင်ဖြူလေးဟာ ကျားကြီးကို သနားပြီး "ကျွန်ုပ်ဆေးဆရာကိုခေါ်ပြီး ကုသပေးမယ်၊ ဒါပေမယ့် ပြန်ကောင်းလာရင် အသင်ကျွန်ုပ်အား မစားပါဘူးလို့ ကတိတော့ပေးရမယ်"ဟု ပြောသတဲ့။ ကျားကြီးကလည်း ဒဏ်ရာနာကျင်လွန်းသောကြောင့် "ကျွန်ုပ်ကတိပေးပါတယ်၊ နောက်နောင်တွင်လည်း အသင်ဒုက္ခရောက်လျှင် ကျွန်ုပ်အား ပြောပါ၊ ကူညီပါမယ်"လို့ ကတိပေးလိုက်သတဲ့။

သမင်ဖြူသည် တောင်ပေါ်မှဆင်း၍ တောကြီးအတွင်းသို့ ဆေးဆရာရှာရန် ထွက်သွားလေသတဲ့။ တစ်နေရာတွင် ဆေးဆရာတောင်ဆိတ်ကိုတွေ့လို့ ဝမ်းသာအားရနဲ့ ဆေးဆရာတောင်ဆိတ်ကို အကြောင်းစုံပြောပြပြီး အကူအညီတောင်းလေသတဲ့။ ဆေးဆရာတောင်ဆိတ်ကလည်း "ကူညီမယ်"လို့ပြောပြီး လိုက်ခဲ့သတဲ့။

ဆေးဆရာတောင်ဆိတ်ဟာ ကျားကြီးရဲ့အနာပေါ်မှာ လျှာနဲ့လျက်ပြီး ခြေထောက်နဲ့ အနာပေါ် ပွတ်သပ်ပေးသတဲ့။ ဒီလိုနဲ့ မကြာမီအချိန်မှာပဲ ကျားကြီးရဲ့ဒဏ်ရာဟာ ပျောက်ကင်းသွားသတဲ့။ ကျားကြီးဟာ ဝမ်းသာလွန်ပြီး  သူ၏ကတိအတိုင်း ကျားကြီး၊ သမင်ဖြူနှင့် ဆေးဆရာတောင်ဆိတ်တို့သုံးဦးဟာ သက်ဆုံးတိုင် သူငယ်ချင်းကောင်းများအဖြစ် နေထိုင်သွားကြပါသတဲ့ကွယ်။

## Myìt Hui Byìn Hui  Sháng

Híhpyang , yòso mhanpúng ralhum hkaû má, lungji rahpúng nyi ri gâ. Lungji haú bang má, yhángmòq lé shuî û wún é, Ushuq Nhikbô mó radu bo ri gâ.Yhángmòq gi, yòso mhanpúng eq chyâng é jowò nàm mâ é, lungbum yò hkaû má, lungbum ê hte zo zo kut akô gâ.  Yò yhûmsîng hpó gi, lungbum lé hte zô é, Lungji pé  lé, chyup râ matú haq sôn nyì bê ga.

Hkyâm yhûmsîng hpó gi, myì chîn htoq má, lungbum pé lé sân to luî, mau htoq mai sut èq lhom dú nghop mû chyup yû râ dâ tô ri gâ.Hau htangnyí má, lungji pé le, lungbum lé hte zo râ matú dum jé lé bikô gâ. Yhángmòq lungbum pé lé gùq zô nyi é hkûn,hkyâm yhûmsîng hpó gi, sut mó eq dú nghop kat bê ga. Lungji hpúng gón mâ é, rawuí gû lé wó dú nghop to bê  ga.Haû Lungji hpúng hkaû má, yhángmòq é Ushuq le, bolom  byùq bê gâ.

Haú hkûn, Lungji pê é Ushùq gi, ngá-nhúng bànshoq bang wum mó kat luî chôm dâng byùq sháng; sik mó gâm htoq má ló hkying mû luî wó lùt shoq kut sháng ga taî kat é gâ. Haú hkûn lungji haú bang le, yhángmòq é nhikbô taî é dang lé gyo kôluî, mauhkûng htoq shut dâng dòq ló bikô. Yhángmoq sikgâm htoq shut dâng jé byùq kômû, sut mó haû gi, sikkoq pé má ló hte byùq mû, lungji pé le, wó dâng htoq byùq bikô gâ. Lungji hpúng bang gi, yhángmòq é nhikbô Ushuq taî é dang lé châng gyo kôluî, chyup tô é mai  wó lùt byùq kômû gyai ngón é eq nyi byùq akô gâ.

## စည်းလုံးညီညာ အောင်ကြောင်းဖြာ

ရှေးအခါက တောနက်ကြီးတစ်ခုတွင် ကြက်တူရွေးတစ်အုပ် ရှိလေသည်။ ကြက်တူရွေးများကို ကြက်တူရွေးခေါင်းဆောင်က ဦးဆောင်ကာ ပျော်ရွှင်စွာ နေထိုင်ကြသတဲ့။ သူတို့သည် တောနက်ကြီးဘေးမှ ပြောင်းခြံကြီးတစ်ခုတွင် ပြောင်းဖူးများကို စားသောက်ကြသဖြင့် ပြောင်းဖူးများစွာ ဆုံးရှုံးရလေသည်။ ခြံပိုင်ရှင်သည် ကြက်တူရွေးများကို မည်သို့ဖမ်းရမည်ကို အကြံထုတ်စဉ်းစားနေလေသည်။

ခြံပိုင်ရှင်သည် မြေကွက်လပ်တစ်ခုလုပ်၍ ပြောင်းဖူးများထည့်ကာ ပိုက်ကွန်ဖြင့် အသင့်စောင့်နေလေသည်။ နောက်တစ်နေ့တွင် ကြက်တူရွေးများသည် ပြောင်းဖူးများကိုစားရန် ပြန်လည်ရောက်ရှိလာကြသည်။ ခြံပိုင်ရှင်ချထားသော အသင့်စားပြောင်းများကို အုပ်လိုက်ကောက်စားနေလေသည်။ ထိုအခိုက် ခြံပိုင်ရှင်သည် ပိုက်ကွန်ဖြင့်အုပ်လိုက်လေရာ ကြက်တူရွေးတစ်ဝက်ကို အုပ်မိလေသည်။

အုပ်ဖမ်းမိသော ကြက်တူရွေးများထဲတွင် ခေါင်းဆောင်ကြက်တူရွေး အပါအဝင်ဖြစ်သည်။ သူက ကျန်ကြက်တူရွေးများကို ဤသို့အကြံပြုလေသည်။ “ငါ၏ နောက်လိုက်အပေါင်းအပါတို့ ကြောက်ရွံ့ခြင်း မရှိကြလေနှင့်၊ ငါတို့၏ဦးခေါင်းများကို ဤပိုက်ကွန်အပေါက်သို့ ထိုးထည့်၍ ပျံသန်းပြီး သစ်ပင်ကြီးတစ်ပင် ထိပ်သို့သွားတင်ပြီး လွတ်မြောက်အောင်ပြုလုပ်ကြကုန်အံ့” ဟု ပြောလေသည်။ ကျန်ကြက်တူရွေးများလည်း ခေါင်းဆောင်ကြီးပြောသည့်အတိုင်း ပြုလုပ်ကြသောအခါ အသက်အန္တရာယ်မှ လွတ်မြောက်သွားလေသည်။

## Chuimó Myhí eq zo í yùq

Híhpyang, wà rawà má, yùqgè zo í yùq wó é Chui mó myhí rayùq nyi é gâ. Yhang gi, yhangzô nhik é yánmai gyai myìt ngón nyi ri. Zo mangmó yùq gi, ngozo kóng luî yhângnu eq yhâng gu-nú lé baú nyî sû nghut ri gâ.

Zàn wut myáng lo é eq rajung za, tiq sû le, kô lò bê mû, yhang mang eq rahá mû châng zuî wún ri gâ.Yhang wó ho é, ngùnzè pé bànshoq lé le, yhângnû é lòq má ap byî rí gâ. Yhângnu le, yhangzo lé shimân manggalar dang taí byî ri gâ.

Yhang mangmó le, ngò Ânu lé ngùn a ló àp mû, Ânu ngo lé manggala ayi sâm ga luî myìt a ngón dùt nyi rí gâ. Htang nyí lé, yhang mangmó gi, ngozo a wó kóng luî, sûpê é gùn hkaû  mâ é ngozo pé lé ê hpyi yù mû, gaì má ló ûng yù ri gâ. Yhang wó ûng lo é ngùn pé lé, yhângnu lé ló byî ri gâ.

Yhângnu le, ngùn haú pé hkâsu kut mû wó lo é lé lhom  myî é gâ.Zo mangmó le, Anû lé ngùn byi mû, manggala dang ô naù mû, supê é gùn hkaû  mâ é ngozo ê hpyi yù mû, ngùn wó lo é hkyô lé, yhângnu lé taî kyo bê gâ.Haú hkûn yhângnu ni, htâng lé supê é zè hkau  mû, ngùn a hô râ hkyô mhoq shit mû, wó lo é ngùn pé lé, ngozo yhûmsîng chyáng dum êtau byi nhâng bê.Mangmó gi, yhângnu taî  é eq rajung za châng kut mû, byù gè dùt byùq é gâ.Yhângnu le yhangzô nhik í yùq gón lé hkâ-nhám le, shi-mân dang manggala dang taí mû, ngón ngón shuî nyi byùq é gâ.

## မုဆိုးမနှင့် သားနှစ်ယောက်

တစ်ခါတုန်းက ရွာတစ်ရွာမှာ မုဆိုးမတစ်ယောက်နဲ့ သားနှစ်ယောက် ရှိသတဲ့။ သူမဟာ ဆင်းရဲသော်လည်း သားနှစ်ယောက်လိမ္မာတဲ့အတွက်ကြောင့် ဝမ်းသာပီတိဖြစ်ရသတဲ့။ သားကြီးဟာ အိမ်မှုရေးရာများကို တာဝန်ယူရသတဲ့။ တံငါသည်လုပ်ငန်းဖြင့် မိခင်နှင့် ညီလေးကို ရှာဖွေပြုစုသတဲ့။

နှစ်များစွာ ကုန်လွန်သောအခါ ညီလေးလည်းအရွယ်ရောက်ပြီး အစ်ကိုကြီးရဲ့တံငါလုပ်ငန်းတွင် ဝင်ရောက်ကူညီ လုပ်ကိုင်သတဲ့။ ညီဖြစ်သူ ရှာရသမျှ ဥစ္စာအားလုံးကို မိခင်အား ပေးပြီး မိခင်ရဲ့ ကောင်းချီးမင်္ဂလာကို ခံယူသတဲ့။ အစ်ကိုကြီးကလည်း “ငါဟာ အိမ်အတွက်သာ စဉ်းစားပြီး ငါ့အမေအား အသပြာငွေများ မအပ်နိုင်လို့ မင်္ဂလာစကား မကြားရဘူး၊ ငါလည်း ညီကဲ့သို့ ပြုလုပ်မယ်” ဆိုပြီး နောက်နေ့တွင် အစ်ကိုကြီးက မိမိပိုက်ကွန်မှာ ငါးများ မရ၍ သူတပါး ပိုက်ကွန်များမှ ရသောငါးများကို ခိုးယူကာ ရောင်းရသော အသပြာငွေကို မိခင်အား ပေးသတဲ့။ မိခင်က ဤအသပြာ “မည်ကဲ့သို့ရသလဲ”လို့ မေးတဲ့အခါ သားကြီးလည်း အဖြစ်မှန်အတိုင်း ပြောပြလိုက်သတဲ့။ မိခင်က သူတစ်ပါးခွေးနည်းစာအား ခိုးယူခြင်းဟာ အကုသိုလ်ဖြစ်သဖြင့် နောက်မပြုလုပ်ရန် ထိုင်ငေကိုလည်း မူရင်းပိုင်ရှင်ထံ ပြန်ပေးရန် ဆုံးမလေသတဲ့။ သားကြီးကလည်း မိခင်စကားအတိုင်း ပြုလုပ်ပြီး နောင်တရလေသတဲ့ကွယ်။

## Hpyishup myhí eq Lhângmuì Mhyí

Radàm má, yòso sikpúng ralhum má, Lhângmuì myhí eq Hpyishup myhí ídu nyi rí gâ. Ranyí lhê é ahkyíng má, Bùm pûn mâ é sikpúng hkaû má, Sikdum mó ralhum jòq é lé, lhângmuì mhyí ê myang rí gâ.Lhângmuì myhí gi, sikdum hkaû má, wang wú luî, ngò a-ú hkyó nâm jé jáng sikdum hkaû má lé hkyó râ nghut rí ga, wó sôn é ga. Hau htâng Hpyishup myhí le, sikdum haû lé ê myâng mû, yhang eq rajung za kut wó myìt sôn tô rí gâ. Hau htâng a lûm myáng shi má, Lhângmuì myhí gi, a-ú hkyó nâm jé luî, sikdum hkaû shut dô wang ló mû, a-ú êhkyô to bê gâ. Hau htâng hpyishup myhí le,a-ú hkyó râ ga luî, sikdum hkaû shut dum dô wang ló mû a-ú racham ló hkyô to mû, dum htoq ló byùq é gâ.

Hau htang nyí, Lhângmuì myhí gi, a-ú hkyó râ matú, dum jé e ló bê gâ.Haú hkûn, yhâng é a-ú nàm má, gótû a-ú racham lèq tô é lé,êmyang ri gâ. Yhang gi yhâng é a-ú nghut nhô su-ngâm mû, wê yu pyám bê gâ. Haú mû a-ú racham dum hkyô pyâm to bê gâ. Hau htâng Hpyishup myhí le, a-ú hkyó râ matú dum e ló bê gâ.Yhang le, yhâng é a-ú nàm má gótû a-ú í cham lèq tô é lé myàng jáng, yhâng é su-ngâm mû, dum wê yù bê gâ.

Htang buìnyí má kúm gi, Lhângmuì myhí eq Hpyishup myhí nhik gi, a-ú hkyó râ matú, sikdum yàm shut rahá êjé kô é gâ. Haú hkûn lhângmuì myhí gi, a-ú bànshoq yhâng é nghut lhê ga lhom taî ri gâ.Hpyishyup myhí le, a-ú bànshoq yhang hkyô tô é nghut lhê ga radu eq radu dangchyin chyîn lhûm nyi akô gâ.

Lhângmuì myhí eq hpyishup myhí, dangchyin chyîn lhûm nyi é htê lé sikgâm htoq má zung tô é, kôhtoiróng wó gyô kat é gâ.Kóhtoiróng gi, sikkoq mai Lhângmuì myhí eq Hpyishup myhí lé; Núngnhik ahkuî a-ú hkyin yù râ matú wui kôrâ nghut lhê. Núngnhik rahá a-ú pé lé gàm mû hî up keq. Ban up é htâng má adu htoq lo é htâng shèq ó le ô é zo-nú lé gam yù keq" ga hpàqchyî êbyî ri gâ.Lhângmuì myhí eq Hpyishup myhí le, kôhtoiróng hpàqchyî byî é dang lé hàp yù luî, yhángnhik é a-ú lé, chôm gam up mû, a-nú hkoq htoq é htâng má shèq ó le, ô é anú lé gam yù bikô gâ. Yhángnhik radu eq radu abyòq lhum cha lo gâ.

## လင်းရှောမနှင့် မြွေမ

တစ်ခါတုန်းက တောတစ်ခုမှာ မြွေမတစ်ကောင်နှင့် လင်းရှောမတစ်ကောင်တို့ ရှိသတဲ့။ တစ်နေ့တော့ မြွေမဟာ တောင်စောင်းတစ်ခုဘေးနား သစ်ခေါင်းတစ်ခုကိုတွေ့ပြီး “ငါ ဥ ဥချိန် ဒီသစ်ခေါင်းထဲ လာဥမယ်”လို့ တွေးရှိပြန်ခဲ့သတဲ့။ လင်းရှောမကလည်း ထိုသစ်ခေါင်းကြီးကိုတွေ့ပြီး မြွေမနည်းတူ စဉ်းစားပြန်သတဲ့။ မြွေမဟာ ဥ ဥချိန်ရောက်တဲ့အခါ သစ်ခေါင်းကြီးထဲ မြွေဥတစ်လုံး အုထားပြီး ပြန်ထွက်သွားသတဲ့။ လင်းရှောမကလည်း ဥ ဥချိန်ရောက်ပြီး ထိုသစ်ခေါင်းကြီးထဲမှာပဲ ဥ ဥပြီး သစ်ခေါက် သစ်ရွက်ဟောင်းများနဲ့ ဖုံးဖိပြီးပြန်ထွက်ခဲ့သတဲ့။

နောက်တစ်နေ့ မြွေမဟာ ဥရန်ပြန်ရောက်ရှိလာတဲ့အချိန် သူရဲ့ဥဘေးမှာ ဥတစ်လုံး အပိုတွေ့ပြီး သူရဲ့ဥထင်မှတ်ကာ သူ့အမြီးနဲ့ ဥနှစ်လုံးကိုပေါင်းထားပြီး ဥတစ်လုံး ထပ်ဥပြီး ပြန်ခဲ့

J
ဇူ
ဇူ
ဝါ
ဇ
ဇ
ဝ
ဝ
ဝ

သတ့ဲ။ လင်းရှောမကလည်း ဥ ဥရန်ရောက်ရှိလာပြီး သစ်ခေါင်းတွင်းရှိ ဥမျှားအားလုံး သူ့ရဲ့ ဥထင်ကာ ဥထပ် ဥပြီး ပြန်ထွက်သွားသတ့ဲ။ နောက်တစ်နေ့မှာတော့ မြွေမနှင့် လင်းရှောမတို့ဟာ တစ်ချိန်တည်းမှာပဲ သစ်ခေါင်းကြီးသို့ ဥ ဥရန် ရောက်ရှိလာကြသတ့ဲ။ မြွေမက ဥမျှားအားလုံး သူ့ဟာဖြစ်ကြောင်း၊ လင်းရှောမကလည်း သူ့ဟာသာဖြစ်ကြောင်း ငြင်းခုံကြသတ့ဲ။

မြွေမနှင့် လင်းရှောမ ငြင်းခုံပြောဆိုသံကို အနားသစ်ပင်ကြီးပေါ်မှာ အစာရှာဖွေနေတ့ဲ ပုတ်သင်ညိုက ကြားမိသတ့ဲ။ အကြောင်းစုံသွားသိတ့ဲ ပုတ်သင်ညိုဟာ အသင်တို့ရဲ့ ဥမျှားကို ဥ ဥချိန်ပြီးဆုံးတိုင်အောင် ပေါင်းဥကြပါ။ ဥမျှားသားပေါက်ချိန်ရောက်မှသာ မိမိရဲ့သားကောင်မျှားကို ကိုယ်စီခွဲယူကြပါ။ ယခုချိန်တော့ သင်တို့ရဲ့ဥမျှားကို ခွဲခြားရန် ခက်ခဲပါသေးတယ်၊ နှစ်ဦးသဘောတူညီစွာ ပေါင်းဥကြပါ”ဟု ပညာပေးလေသတ့ဲ။ မြွေမနှင့် လင်းရှောမတို့ကလည်း ပုတ်သင်ညို၏ စကားအတိုင်းလက်ခံပြီး သူတို့၏ပြဿနာကို ကောင်းမွန်စွာ ဖြေရှင်းလိုက်ကြပြီး အလွန်ခင်မင်သွားကြသတ့ဲကွယ်။

## Yhûmsing É Atsam Lé Sê É Luzúm Sum Yuq

Híhpyang wà rawà eq alûm wê é má, yohtung pá ralhum jòq ri gâ. Yohtung pá haú má, dusàk luzúm sûmdu gi, gyai chyit lhûm akô gâ. Yhángmòq gi, Wòq, No, Hkui pé nghut akô gâ.Ranyí lhê é buìnyì má, yhángmoq gi, yòso shut lám kún râ matú myìt huî tô akô gâ.

Yhángmòq sô lám htoq lo é hkûn, wàmhkui radu eq hkyô lat má htûng huî akô gâ.Yhang gi, dusàk haú bang lé chyup zo râ matú, gyai gyùq byùq é gâ. Nghut kôlhang Wàmhkui gi, yhángmoq lé wó chyup zo shoq ga, juyí dâ nyì bê gâ. Yhang gi, dusàk haú bang lé, haq chyup zo râ matú we hkyô htoq ló mhaú luî, sikpúng hkaû má ló haq lúng tô ri gâ. Yhángmòq gi, wàmhkui taî é dang lé a jíng kô gâ.

Myín yhup nâm lé, Hkui gi, yhâng é luzúm wui é ayàm má, a yhup é za, zúng to byî ri gâ. Myín gûng gàm ayò má, Wàm hkui gi, tsik za haq lé lò mû, Wòq pé lé chyup zo râ dâ nyì bê gâ. Yhángmòq é ayàm má haq zúng tô é Hkui gi, yhâng é nhô eq Wàmhkui shôm lé wó gyo luî, châng wàp bê gâ. Wàmhkui le a wám chyup zô é za hpang byùq bê gâ. Htang nàp kyó jé é hkûn, Hkui gi, myín lé dùt laî lo é hkyô lé yhâng é luzúm nhik lé taî kyô akô gâ. Wòq eq No mawuî gi, Hkui lé gyai jeju bun bikô gâ.

Yhángmòq luzúm wuî rahá up nyi é hkûn, myigùng hkaû mai, bauhpyik pé ga-myhó yhang htoq lo é gâ. Hkui eq No gi, bauhpyik haú pé lé wú gyùq mû radu eq radu wú lhûm nyi akô gâ.Haú hkûn Wòq mawuî gi, htoq lo é bauhpyik pé bànshoq lé hte zô pyám bikô gâ. Hkui eq No le Wòq mawuî lé gyai jeju bun bikô gâ.

Yhángmòq jowò haú mai dum xoq sô lám wún bikô. Sikpúng hkaû má, nuì zu  púng jòq to láng mû lai râ matú gyai wuî nyì bikô gâ. Haú hkûn No htó mó gi, yhâng é hkyuî eq htûng cheq luî mhanpúng haû lé dûn-hkyop pyám bê gâ.Yhángmòq bànshoq bang wó sô lai bikô gâ. Hkui  eq Wòq mawuî le, No lé jeju bun dang taí luî, ngón dìk shoq wó lám wún bikô gâ. Haú su kut mû luî, rayùq eq rayùq htuq bang garúm lhum  luî, nguì nguì ngón ngón zum yàp e ló bikô gâ.

## ကိုယ့်အစွမ်းကိုသိတတ်သော သူငယ်ချင်းသုံးဦး

တစ်ခါတုန်းက အလွန်သာယာလှတဲ့ ကျေးရွာလေးတစ်ရွာ ရှိသတဲ့ကွယ်။ ကျေးရွာရဲ့ အပြင်ဘက်မှာ လယ်တောကြီးရှိသတဲ့။ လယ်တောကြီးထဲမှာ သူငယ်ချင်းသုံးယောက် ရှိသတဲ့ကွယ်။ သူတို့မှာ ကြက်၊ နွား၊ ခွေးတို့ ဖြစ်သတဲ့ကွယ်။ တစ်နေ့တော့ သူငယ်ချင်းသုံးယောက်ဟာ ခရီးထွက်ရန် တိုင်ပင်ကြသတဲ့။ နောက်ပြီး သူတို့ဟာ အန္တရာယ်မှန်သမျှကို အတူရင်ဆိုင်ဖို့လည်း ဆုံးဖြတ်ကြသတဲ့။ ခရီးစထွက်ပြီးမကြာခင်မှာ မြေခွေးတစ်ကောင်ကို တွေ့လေသတဲ့။ မြေခွေးဟာ မိတ်ဆွေသုံးဦးကို မြင်တာနဲ့ ကြောက်လန့်နေတော့သတဲ့။ သူဟာ ဖမ်းစားချင်စိတ်လည်း ဖြစ်နေသတဲ့။ ဒါကြောင့် သူငယ်ချင်းသုံးဦးကို ကုန်းတိုက်စကား ပြောသတဲ့။ သူငယ်ချင်းသုံးဦးဟာ မြေခွေးရဲ့ ကုန်းတိုက်စကားကို မယုံကြဘူးတဲ့။ ညအချိန်ရောက်တဲ့အခါ မြေခွေးရဲ့ချောင်းမြောင်းတာကို ခွေးက အနံ့ခံသိရှိပြီး မအိပ်ဘဲ သူငယ်ချင်းနှစ်ဦးကို စောင့်ရှောက်နေသတဲ့။ မြေခွေးက ခွေးစောင့်နေတာကြောင့် ပြန်သွားသတဲ့။ မနက်မိုးလင်းတော့ ခွေးဟာ ညကအဖြစ်အပျက်ကို ပြောပြသတဲ့။ သူငယ်ချင်းနှစ်ဦးဟာ မြေခွေးရဲ့အန္တရာယ်မှ ကယ်လိုက်တဲ့ခွေးကို ကျေးဇူးတင်နေကြသတဲ့။ ထို့နောက် သူငယ်ချင်းသုံးဦး အနားယူသည့်အချိန် ပိုးကောင်လေးများမှာက မြေကြီးမှ တိုးထွက်လာတာမြင်တော့ နွားနှင့် ခွေးက ကြောက်လန့်ပြီး တစ်ဦးနှင့်တစ်ဦး ကြည့်နေကြသတဲ့။ အဲဒီအချိန် ကြက်ဖကြီးဟာ ပိုးကောင်လေးများကို သူ့နှုတ်သီးနဲ့ ထိုးဆိတ်စားသောက်လိုက်သတဲ့။ သူငယ်ချင်းနှစ်ဦးဖြစ်တဲ့ နွားနှင့် ခွေးဟာ ကြက်ဖကို အလွန်ပဲကျေးဇူးတင်ပြန်သတဲ့။ ဒီလိုနဲ့ သူငယ်ချင်းသုံးဦး လိုရာခရီးရောက်ချိန် အနီးတစ်နေရာမှာ သစ်ပင်ချုံနွယ်များ ထူထပ်နေတာကို တွေ့ကြပြန်သတဲ့။ အဲဒီအချိန် နွားကြီးက သူ့ရဲ့ဦးချိုနဲ့တိုးဝှေ့ကာ ကျော်ဖြတ်သွားကြသတဲ့။ သူငယ်ချင်းနှစ်ဦးလည်း နောက်က လိုက်ခဲ့ကြသတဲ့။ နွားကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြသတဲ့။ နွားကြီးက မိမိတို့လိုရာခရီးရောက်ခြင်းမှာ တစ်ဦးနှင့်တစ်ဦး ကူညီစောင့်ရှောက်ခြင်းကြောင့်ဖြစ်သည်ကို ရှင်းပြလေသတဲ့။ နွား၏ရှင်းပြချက်ကို သူငယ်ချင်းနှစ်ဦးလည်း နားလည်သဘောပေါက်ကာ ဘဝခရီးတွင်အမြဲတမ်း အတူတွဲနေထိုင်သွားကြတော့သတဲ့ကွယ်။

## Lahoí eq Báng Taî

Híhpyang lànghkung rahkung má lahoí radu eq Bángtaî radu chôm huî lhûm akô ga. Ranyí lhê é Bángtaî gi, lànghkung shut gyó ló mû uchyam ê shùq râ dâ nyì rí gâ. Bángtaî uchyam  êshuq nyi é hkûn wuì làng nàm má lahoí radu dô wún é lé ê-myang ri gâ. Haú hkûn Bángtaî gi, u chyam shuq uchyang; "ê hkaú lahoí ê, nàng hká ê râ hen nyi lhê" , nghu myî kat ri gâ. Haú hkûn lahoí gi, ê  hkaú brángtaî ê, ngo hkóhkâm wâng shut ê râ nghû taî  kat ri ga.

Haú hkûn bángtaî gi, wuì mû, "ahkaú lahoí ê, nàng hkâ-nhám le wó jé râ a nghut" ga jihpoi dang taî kat ri gâ. Haú jáng lahoí gi, gyai a kâm gyo luî, "jé lô râ gau nyí gau myîn má, ngá-nhik din hkying gòq ga taî kat ê ga. Haú hkûn bángtaî le, "ge lhê mhaî , din hkying gòq" ga dum taî ri ga. "Din hkyîng é má ûng sû gi, sûm sû lé zô pyám râ nghut lhê " ga tai lhûm akô ga.

Haú htâng Lahoí gi, haú nyí maî bùm hkang mó, hkung hkang mó mâ é Lahoí pé lé garúm yù râ matú châng taî to bê ga. Haú su kut châng taî tô é htâng gau nyí gau myîn jé é hkûn, Bángtaî eq Lahoí gi dum chôm hui kôluî din hkying bìkô ga. Brángtaî gi liwán dìk din ló mû yhang jé é bùm má, ê hkaú Lahoí! ga wùt kat jang, yhâng hí mâ bûm lai má “hoí haí” ga tû kat ri ga.

Haú hkûn Bángtaî gi htâng gyó bê ga dum châng dìn mû ; bùm tsóm ra jé jáng, ê hkaú lahoí! ga wùt kat jáng yhâng hí mai  “hoí haí” ga tû lo ri gâ. Haû jáng Bángtaî gi; ê hkaú lahoí ê htâng shut dum din tau gòq ! ga dum taî ri gâ.

Bángtaî le htâng shut dum din tau mû làng hkung tsóm râ je jáng; ê hkaú Lahoí ! ga dum wùt kat jáng yhâng hí mai “hoí haí” ga dum tû taî láng rí ga. Bángtaî le, làng hkung shut dum din mû tsóm ra kô jé jáng “ê hkaú lahoí " ga dum wùt kat jáng yhâng é hí má é làng hkung mai “hoí haí” ga dum tû taî kat ri ga.

Haú su kut mû luî myín htâng mau chut ló é hkûn Brángtaî le gyai yhang myung mû sum byùq bê gâ. Brángtaî gi lahoí pé yhang lé zo râ gyùq mû bùm shut hpang byùq mû hkú nyí jé shoq lànghkung agyó u chyam ashuq lo gâ. Mau mai  gyó é nghân za hkâm shuq byùq akô gâ.

## ရွှေဥဏ္ဍကျယ်လေးနဲ့ ယုန်နားရွက်ထောင်

ဟိုးရှေးရှေးတုန်းက ယုန်ကလေးတစ်ကောင်ဟာ ရေသောက်ဖို့ ဆင်းလာရင်း ခရုကိုမြင်ပြီး “ဘယ်သွားမလဲ ကိုခရု’ လို့ နှုတ်ဆက်သတဲ့။ ခရုက “ဘုရင့်နန်းတော်ကို သွားမလို့” လို့ဖြေသတဲ့။ ယုန်ကလေးက ရယ်မောပြီး “ဟား ဟား၊ ခရုပေါက်စနရယ်၊ နင်ဘယ်လိုလုပ် ရောက်နိုင်မှာလဲ” လို့ ပြောလိုက်တယ်။ ခရုကလည်း “ယုန်နားရွက်ထောင်ကြီးက ကျွန်ုပ်ကိုမယုံဘူးထင်တယ်၊ သင်နှင့် ကျွန်ုပ် အပြေးပြိုင်ရအောင်၊ နိုင်တဲ့သူက ရှုံးတဲ့သူကို စားကြေးနော်”လို့ ပြန်ပြောလိုက်တယ်။

ပြိုင်ပွဲနေ့မတိုင်ခင် ခရုလေးက မြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ ခရုသူငယ်ချင်းများကို ယုန်ကလေးက “ဟဲ့ ကိုခရုလို့ခေါ်ရင်၊ ရှေ့မှာရှိတဲ့ခရုက ‘ဟွတ်ဟိုင်း’လို့ ထူးပေးပါ” လို့ အကူအညီ တောင်းထားသတဲ့။ ခရုသူငယ်ချင်းများကလည်း ပြိုင်ပွဲပြေးလမ်းတစ်လျှောက်မှာ စောင့်နေကြသတဲ့။

ခရုနဲ့ ယုန်ကလေးတို့အပြေးပြိုင်ကြတဲ့နေ့မှာ ခရုက ချောင်းထဲမှပြေးပြီး ယုန်ကလေးက ကမ်းပါးပေါ်မှ ပြေးသတဲ့။ ယုန်က အပြေးမြန်ပြီး တောင်ထိပ်သို့ အရင်ရောက်သတဲ့။ တောင်ထိပ်ပေါ်မှ "ဟိတ် ကိုခရု" လို့ အော်လိုက်တော့ တောင်အောက်မှာရှိတဲ့ ခရုက "ဟွတ်ဟိုင်း"လို့ ပြန်ထူးသတဲ့။

ယုန်ကလေးက နောက်ထပ်တောင်တစ်တောင် ရောက်တဲ့အခါ "ဟိတ် ကိုခရု"လို့ ပြန်အော်မေးလိုက်ချိန်မှာလည်း သူ့ရှေ့ကနေ "ဟွတ်ဟိုင်း"လို့ ပြန်ထူးသတဲ့။ ယုန်ကလေးကလန့်ပြီး ပင်ပန်းစွာ ပန်းတိုင်ဆီ ပြေးသွားလေ၏။ ပန်းတိုင်ကို မောမောနဲ့ ယုန်ကလေးရောက်တဲ့အချိန်မှာ ခရုလေးက သူငယ်ချင်းများနဲ့ ကမ်းစပ်မှာရှိတဲ့ ကျောက်တုံးလေးပေါ်မှာ ရပ်နေကြသတဲ့။

အဲဒီချိန်မှာ ယုန်ကလေးက "ငါ ခရုလေးကို အထင်သေးမိတာ မှားပြီ၊ ငါ ရှုံးပြီ၊ ငါ့ကို ခရုတွေ စားကြတော့မယ်" ဆိုပြီး ကြောက်လန့်စွာ တောင်ပေါ်သို့ ထွက်ပြေးသွားလေ၏။ ခရုလေးတွေကတော့ ပျော်ပျော်ရွှင်ရွှင် အောင်ပွဲခံကြသတဲ့။ အဲဒီနေ့ကနေစပြီး ယုန်တွေက ချောင်းထဲက ရေကို သွားမသောက်ရဲဘဲ နှင်းအခိုးအငွေ့ရည်ကိုသာ သောက်သုံးကြတော့သတဲ့။

(မှတ်ချက်။ ။ ကချင်ဇိုင်ဝါးရိုးရာပုံပြင် ဖြစ်ပါသည်)

## Mara Hkyut Byi Sê É Luzúm Gê

Híhpyang, Layóng eq Làq zèt gâ é luzúm nhik nyi é gâ. Yhángnhik gi, gyai yhang chyit lhûm é luzúm nhik nghut akô gâ. Ranyí lhê é buìnyì má, yhángnhik gi, yòso shut sô lám kún kô é gâ. Layóng gi, hkyô so jàq nyaù mû, Làq zèt kúm gi, hkyô so linyhâm rí gâ.

Yhángnhik gi, dang nyo kún, din kún kut hkye kún luî sô e lé bikô ga. Layóng gi, hkyô so gyai luwán mû, Làq Zèt lé hkâ-nhám le láng ra ra dùt é ga. Haú su kut mû, sum myi dâm lûm láng ra luî, Layóng gi, Làqzèt lé nhik-yô ri gâ. Làq zèt kúm gi, yhang lé Layóng nhik-yo hkangmó yhâng é ûnghkaû má matsîng tô rí gâ. Yhángnhik sô ló é hkûn wuìlàng yàm má ló jé akô gâ.. Làq zet gi, yhang lé Layóng nhik-yô râ nghû wuìyàm mâ é semuî jàng má, laiká ló kâ nyi ri gâ. Laiká haû lé Layóng záng myang nghap kat rí gâ.Nghut kôlhang Layóng gi haî le a taî é za nyi pyâm é gâ. Yhángnhik gi, wuìlàng yàm má ban nô yu é htâng wuìlàng hé tap shut dum gûdàp é ló akô gâ. Layóng gi, wuìlàng hé tap shut wuì li hî lî dàp ló é gâ. Yhang ban gûdàp é htâng, dum lhing wú kat le, yhâng é luzúm Làqzèt gi, wuìlàng hkaû má, wuì myup myùp nyi é lé myang kat é gâ. Haú mû yhang hkyê kut luî, wuì hkaû shut radàm tàq byam wang ló luî, Làqzèt lé ê she htoq yù bê gâ.

Yhángnhik kong shut rahá wó dòq ló bikô gâ. Làqzèt le yhang lé wuì hkaû mai hkyi htoq yu é, yhâng é luzúm Layóng lé gyai jeju bun luî, wuìyàm mâ é lùqpyoq long htoq má, "Jeju kô dìk bê lhyô...Ayóng ê" nghû êkâ tap tô rî gâ. Haû lé wú nyi é yhâng é luzúm Layóng gi, "haî mu lùqpyoq htoq má laiká kâ tap é lhú?" nghû ê-myî rí gâ. Haú hkûn Làqzèt gi, "ngá luzúm Âyóng ê, ahkâng

semuî má kâ é laiká gi, wuìyàm má nghut mû, razùp má za byùq byùq bê. Nhgut kôlhang, shîsû é lùqmó zîng má kâ tap tô é gi, luì za a ge byùq byùq é su, ngò gi náng é mara lé  a matsîng tô é za, náng é jeju lé, hkâ-nhám le a tô myhí râ, nghu é sàksé masàt kúmlhá nghut lhê " ga lhom taî kyô rí gâ.

Haú hkûn Layóng le, gyai myìt ngón luî, hkyô sô le, luzúm eq rahá za kut luî dàt so bê gâ. Yhángnhik  le rayùq eq rayùq mara hkyut lhum luî gyai chyit lhûm é luzúm nhik dùt byùq bikô gâ.

## သည်းခံခွင့်လွှတ်တတ်သော  သူငယ်ချင်းကောင်း

ဟိုအရင်တုန်းက အလွန်ခင်မင်ပြီး ချစ်ကြတဲ့ သူငယ်ချင်းနှစ်ဦး ရှိသတဲ့ကွယ်။ တစ်ဦးမှာ လယောင်ဟု ခေါ်ပြီး နောက်တစ်ဦးမှာ လဇက် ဖြစ်ပါသတဲ့။ သူတို့နှစ်ဦးဟာ အလွန်ချစ်ခင်တဲ့ သူငယ်ချင်းများ ဖြစ်သတဲ့။ တစ်နေ့သောအခါ သူတို့နှစ်ဦးဟာ တောတောင်တွေထဲ လျှောက်ပတ်ကြည့်ဖို့ တိုင်ပင်ကြတယ်။ သူတို့ဟာ နှစ်ယောက်သားသဘောတူကာလည်ပတ်ကြသတဲ့။ တောင်တွေ တစ်တောင်ပြီးတစ်တောင် ကျော်ဖြတ်ကာ လည်ပတ်ကြသတဲ့။ သူငယ်ချင်းလယောင်ဟာ လမ်းလျှောက်တာ မြန်သတဲ့ကွယ်။  လဇက်မှာ လမ်းလျှောက်နှေးတာကြောင့် လယောင်ဟာ ခဏခဏစောင့်ရသတဲ့။ စောင့်ရခါများလာတော့ လယောင်ဟာ သည်းမခံနိုင်ဘဲ  လဇက်ကို စိတ်ဆိုးသတဲ့။ လဇက်က သူငယ်ချင်းစိတ်ဆိုးတာကို မှတ်ထားသတဲ့။ ကမ်းခြေနားရောက်တဲ့အခါ မိမိကို လယောင် စိတ်ဆိုးသည်ကို သဲပြင်ပေါ်၌ စာရေးလေသတဲ့။ စာရေးသည်ကို လယောင်က တွေ့သတဲ့။ လယောင်က သူ့အားစိတ်ဆိုးသည်ကို ရေးထားတဲ့စာကို ဂရုမစိုက်ဘူးတဲ့။ သူငယ်ချင်းနှစ်ဦး ဆက်လျှောက်လာတာ ချောင်းထဲကို ရောက်လာသတဲ့။ ချောင်းထဲရောက်တဲ့အခါ နှစ်ဦးသား လက်ပစ်ကူးပြီး တစ်ဖက်ကမ်းဆီသို့ ကူးကြသတဲ့။ လယောင်ဟာ ကမ်းပေါ်ကိုရောက်သွားသတဲ့။ နောက်ကို ပြန်လည်ကြည့်တော့ သူငယ်ချင်း လဇက် ရေနစ်နေတာကို တွေ့ပြီး လယောင်ဟာ ချောင်းထဲပြန်ဆင်းကာ သူငယ်ချင်းကို ကယ်ဆယ်ခဲ့သတဲ့။ လဇက်မှာ သူ့ကိုကယ်ဆယ်သည်ကို ကျေးဇူးတုံ့၌ စာရေးပြန်သတဲ့။ လဇက် ဘာကြောင့် စာတွေ ရေးရေးနေတာကို လယောင်က မသိလို့  မေးမြန်းသတဲ့။ လဇက်ဟာလည်း "သူငယ်ချင်းစိတ်ဆိုးတဲ့အခါ သဲပြင်၌စာရေးခြင်းသည် လေတိုက်၍ပျက်မည်သာ မဟုတ်၊ ရေ၌မျှောပါသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးတုံ့၌ စာရေးသည်မှာ  သူငယ်ချင်းအား ဘယ်သောအခါမှ မေ့ပစ်မည် မဟုတ်ကြောင်း ရေးတာပါ" လို့ပြောသတဲ့။ သူငယ်ချင်းလယောင်လည်း မိမိအပေါ် ခွင့်လွှတ်သည်းခံစိတ်ရှိတဲ့ သူငယ်ချင်းကို တောင်းပန်လေသတဲ့။ ထိုနေ့မှစ၍ သူငယ်ချင်းနှစ်ဦးဟာ တစ်ဦးအပေါ် တစ်ဦး ခွင့်လွှတ်ကြတဲ့စိတ်နဲ့ အမြဲနေထိုင်သွားကြပါသတဲ့ကွယ်။

# Bunmó (III)

# အပိုင်း (၃)

## Zaiwâ Myíng eq sêng é apûn awang Mhoq Yung Pé

## ဇိုင်ဝါး(ကချင်) ဘာသာစကားစနစ် အထောက်အကူပြု မိခင်ဘာသာစကား တိကျစွာသင်နည်းအစီအစဉ်



## 7. ZAIWÂ MYÍNG APÛN AWANG MHOQ YUNG PÉ

## ၇။ ဇိုင်ဝါး(ကချင်)ဘာသာစကား တိကျစွာသင်နည်းအစီအစဉ်

### 7.1. Razàn Matú Zaiwâ Myíng Lé Sânghî Tsáng Má mhoq byi râ Mhoqbun Pé Lé Gam hkoq tô é hkyô

### ၇-၁။ ဇိုင်ဝါး(ကချင်)ဘာသာစကား လပိုင်းမာတိကာခွဲခြားခြင်း

| လအမည် | ဇိုင်ဝါး(ကချင်) ဘာသာစကားဆိုင်ရာ မျှော်မှန်းရလဒ် | သင်ကြားရမည့်အကြောင်းအရာ |
|---|---|---|
| ဇွန်လ<br>မှ<br>ဇူလိုင်လ | - အသံ၊ စကားများကို အာရုံစိုက်၍ နားထောင်ပြီး ဆီလျော်စွာ တုံ့ပြန်တတ်ရန်<br>- အသံများ ခွဲခြားတတ်ရန် | - နားထောင်ခြင်း<br>- ပြောဆိုမှုဆိုင်ရာ လုပ်ငန်းများ<br>- ပုံပြင်များဖတ်ခြင်း |
| သြဂုတ်လ<br>မှ<br>စက်တင်ဘာလ | - မိမိအတွေ့အကြုံ၊ ခံစားချက်၊ လိုအပ်ချက်များကို စကားဖြင့်၊ စကားမဲ့ အပြန်အလှန် ဆက်သွယ်ပြောဆိုတတ်ရန်<br>- ဗျည်းအက္ခရာ (၂၄)လုံး၏ အသံနှင့် အမည်များကို ခွဲခြားရွတ်ဆိုတတ်ရန်<br>- စာရေးခြင်းဆိုင်ရာ အခြေခံသိရှိရန် | - စာရေးခြင်းဆိုင်ရာ အခြေခံများ<br>I L T X<br>A H K N Y Z F<br>E M W<br>O G S<br>U J P B R D<br>Ch<br>(တစ်ပတ်-နှစ်လုံး)<br>(တစ်ပတ်-နှစ်လုံး) |
| နိုဝင်ဘာလ<br>မှ<br>ဇန်နဝါရီလ | - အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br>- ဗျည်းအက္ခရာများကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန် | - တစ်ချက်ဆွဲဗျည်း<br>နှစ်ချက်ဆွဲဗျည်း<br>သုံးချက်ဆွဲဗျည်း<br>လေးချက်ဆွဲဗျည်းများရေးသားခြင်း<br>(တစ်ပတ်-သုံးလုံး) |

| လအမည် | ဇိုင်ဝါး(ကချင်)ဘာသာစကားဆိုင်ရာ မျှော်မှန်းရလဒ် | သင်ကြားရမည့် အကြောင်းအရာ |
|---|---|---|
| ဇွန်လ | (က) စကားနှင့် အသံများကို အာရုံစိုက် နားထောင်ပြီး ဆီလျော်အောင် တုံ့ပြန်ခြင်း<br><br>(ခ) အသံများ ခွဲခြားတတ်ခြင်း | (၁) နေ့စဉ်သုံး ဝေါဟာရ ငါးခု မိတ်ဆက်ခြင်း<br>စားသည်၊ အိပ်သည်၊ သောက်သုံးသည်စသည်<br>(၂) မေးခွန်းမေးပြီး ပြန်ဖြေခြင်း (ပုံပြင်ပြော၊ Big Book)<br>(၃) သီချင်းများ ချပေးခြင်း<br>(၁) တိရစ္ဆာန်အသံများကို ခွဲခြားခြင်း<br>(၂) ပုံပြင်ပါစကားသံများကို ခွဲခြားခြင်း<br>(၃) စကားသံများ၏ အစကိုပြောခြင်း<br>(၄) ရောင်စုံခြယ်ခြင်း |
| ဇူလိုင်လ | (က) ဗျည်းကဗျာများရွတ်ဆိုတတ်ရန်<br><br>(ခ) အတွေ့အကြုံ ခံစားချက်များကို စကားဖြင့် စကားမဲ့ အပြန်အလှန် ဆက်သွယ်ခြင်း<br><br>(ဂ) အရေးအသား အခြေခံများ | I, L, T, X, A, H, K, N ဗျည်းနှင့် ဆိုင်သော ကဗျာ ရွတ်ဆိုမည်<br>(၁) အမူအရာဖြင့်ပြကာ ပြောဆိုခြင်း<br>(၂) ရုပ်ပုံကြည့်ကာ ပြောဆိုခြင်း<br>(၃) ခံစားချက်နှင့်ဆိုင်သည့် ဝေါဟာရ မိတ်ဆက်ခြင်း<br>(၄) ရောင်စုံခြယ်ခြင်း<br>(၅) စာအုပ်၊ ခဲတံ ကိုင်တွယ်တတ်ရန် |
| ဩဂုတ်လ | (က) ဗျည်းအက္ခရာ အသံနှင့်အမည်များကို ခွဲခြားရွတ်ဆိုတတ်ရန်<br><br>(ခ) အသံနှင့် အက္ခရာ စကားလုံး ဆက်စပ်တတ်ရန် | (၁) အက္ခရာ ရှစ်လုံး မိတ်ဆက်ခြင်း (I, L, T, X, A, H, K, N)<br>(၂) အက္ခရာနဲ့ဆိုင်သော ကဗျာ၊ သီချင်း၊ ဝေါဟာရများကို မိတ်ဆက်ခြင်း<br>(၁) စကားသံတစ်လုံးတွင်ပါသော အက္ခရာကို ပြောခြင်း<br>(၂) အက္ခရာတူများကို ရွေးခြင်း<br>(၃) စိတ်ကြိုက်ရေးခြစ်ခြင်း |

| လအမည် | ဇိုင်ဝါး(ကချင်)ဘာသာစကားဆိုင်ရာ မျှော်မှန်းရလဒ် | သင်ကြားရမည့် အကြောင်းအရာ |
|---|---|---|
| စက်တင်ဘာလ | - မိမိအတွေ့အကြုံ၊ ခံစားချက်၊ လိုအပ်ချက်များကို စကားဖြင့်၊ စကားမဲ့ အပြန်အလှန် ဆက်သွယ်ပြောဆိုတတ်ရန် | (၁) အက္ခရာ ရှစ်လုံး မိတ်ဆက်ခြင်း Y, Z, F, E, M, W, O, G<br>(၂) မိသားစုကဗျာ<br>(၃) ပုံပြင် တစ်ပတ် တစ်ပုဒ်<br>(၄) သီချင် ;တစ်ပတ် တစ်ပုဒ်<br>(၅) BigBook တစ်လ နှစ်အုပ်<br>(၆) စကားပုံ နှစ်ပတ် တစ်ခု<br>(၇) ပုံတွေကိုကြည့်ပြီး ဆွဲခြင်း |
| အောက်တိုဘာလ | - ဗျည်းအက္ခရာ (၂၄) လုံး အသံနှင့် အမည်များကို ခွဲခြားရွတ်ဆိုတတ်ရန် | (၁) အက္ခရာ ရှစ်လုံး မိတ်ဆက်ခြင်း S, U, G, P, B, R, D, CH<br>(၂) ကျန်းမာရေးကဗျာ<br>(၃) ပုံပြင် တစ်ပတ်တစ်ပုဒ်<br>(၄) သီချင်း တစ်ပတ်တစ်ပုဒ်<br>(၅) BigBook တစ်လနှစ်အုပ်<br>(၆) စကားပုံ နှစ်ပတ်တစ်ခု<br>(၇) စာလုံးနှင့်တူသော ပုံများကို ကြည့်ဆွဲခြင်း |
| နိုဝင်ဘာလ | - အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန် | (၁) အက္ခရာ ကောက်ကြောင်းလိုက် ၍ရေးဆွဲခြင်း (တစ်ချက်ဆွဲဗျည်း၊ နှစ်ချက်ဆွဲဗျည်း၊ သုံးချက်ဆွဲ ဗျည်း) (တစ်လ ရှစ်လုံး) I, L, T, X, A, H, K, N<br>(၂) အက္ခရာနှင့်ဆိုင်တဲ့ ဝေါဟာရကို မိတ်ဆက်ခြင်း<br>(၃) ပုံပြင် တစ်ပတ် တစ်ပုဒ်<br>(၄) သီချင်း တစ်ပတ် တစ်ပုဒ်<br>(၅) BigBook တစ်လ နှစ်အုပ်<br>(၆) စကားပုံ၊ စကားထာ |

| လအမည် | ဇိုင်ဝါး(ကချင်)ဘာသာစကားဆိုင်ရာ မျှော်မှန်းရလဒ် | သင်ကြားရမည့် အကြောင်းအရာ |
|---|---|---|
| ဒီဇင်ဘာလ | - ဗျည်းအက္ခရာများကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန် | (၁) အက္ခရာကောက်ကြောင်းလိုက် ၍ရေးဆွဲခြင်း(သုံးချက်ဆွဲဗျည်း၊ လေးချက်ဆွဲဗျည်း) (တစ်လ ရှစ်လုံး) Y, Z, F, E, M, W, O, G<br>(၂) အက္ခရာနှင့်ဆိုင်တဲ့ ဝေါဟာရ၊ ကဗျာ၊ ကာရန်များကို မိတ်ဆက်ခြင်း<br>(၃) ပုံပြင် တစ်ပတ် တစ်ပုဒ်<br>(၄) Big Book တစ်လ နှစ်အုပ်<br>(၅) သီချင်း တစ်ပတ် တစ်ပုဒ်<br>(၆) အက္ခရာကို မှန်အောင် ကူးရေးခြင်း |
| ဇန်နဝါရီလ | - ဗျည်းအက္ခရာများကို အရစ်အဆွဲမှန်ကန်စွာ ကူးရေးတတ်ရန် | (၁) အက္ခရာကောက်ကြောင်းလိုက် ၍ ရေးဆွဲခြင်း(လေးချက်ဆွဲဗျည်း၊ ကွေးဗျည်း) (တစ်လ ရှစ်လုံး) S, U, J, P, B, R, D, CH<br>(၂) အက္ခရာနှင့်ဆိုင်သော ဝေါဟာရ၊ ကဗျာကာရန်၊ သီချင်းများကို မိတ်ဆက်ခြင်း<br>(၃) ပုံပြင် တစ်ပတ် တစ်ပုဒ်<br>(၄) Big Book တစ်လ နှစ်အုပ်<br>(၅) သီချင်း တစ်ပတ် တစ်ပုဒ်<br>(၆) အက္ခရာကိုမှန်အောင် ကူးရေးခြင်း<br>(၇) အရောင် ကဗျာ |

## 7.2. Sânghî Tsáng matú ,Zaiwâ Myíng Lé Kâ Mhoq, Nghap Mhoq râ Mhoqbun Pé Lé Dangké dông Gam hkoq tô é hkyô(Jongdoq Zàn Hí)

## ၇-၂။ ဇိုင်ဝါး(ကချင်)ဘာသာစကား အရေးအဖတ် အလေးပေးသင်ယူချိန် နှစ်စ (ပထမပတ်)

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၃၀ မိနစ် | ၃၀ မိနစ် | ၁၅ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် |
| ရည်ရွယ်ချက်- မိတ်ဆက်တတ်ရန်<br><br>လုပ်ငန်း- ဘောလုံးကျသူ နာမည်ပြောကစားနည်းဖြင့် မိတ်ဆက်ခြင်း | ရည်ရွယ်ချက်- စာအုပ်အစိတ်အပိုင်းများကို သိရှိရန်<br><br>လုပ်ငန်း- စာအုပ်အစိတ်အပိုင်းကို ဆရာမှ ဦးဆောင်မိတ်ဆက်ခြင်း၊ ပုံပြင်စာအုပ်ကို အသံအနေအထားဖြင့် ဖတ်ပြခြင်း | ရည်ရွယ်ချက်- စာအုပ်အစိတ်အပိုင်းများကို သိရှိရန်<br><br>လုပ်ငန်း- စာအုပ်အစိတ်အပိုင်းများကို နာမည်တပ်ကစားခြင်း | ရည်ရွယ်ချက်- ရုပ်ပုံကိုကြည့်ပြီး ပုံပြင်ကို ခန့်မှန်းတတ်ရန်<br><br>လုပ်ငန်း- ဘန်ယုံလေးရဲ့ ကြောင်ကလေး Big Book မျက်နှာဖုံးနှင့်အတွင်းရှိ ပုံများအကြောင်း ခန့်မှန်းခြင်း | ရည်ရွယ်ချက် - ပုံပြင်ပါအဖုံးများကို လက်ဖြင့် ထောက်ပြီး အသံထွက်ဖတ်တတ်ရန်<br><br>လုပ်ငန်း- မိသားစုပုံပြင်ကို တစ်တန်းလုံးနှင့် အတူ စာဖတ်ခြင်း |
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- အသံတူများ ခွဲခြားတတ်ရန်<br><br>လုပ်ငန်း- "Zùng toq" ကာရန်ကဗျာ ရွတ်ဆိုပြီး အသံတူ ခွဲခြားခြင်း | ရည်ရွယ်ချက်- စာအုပ်အစိတ်အပိုင်းများကို သိရှိရန်<br><br>လုပ်ငန်း- 'စာအုပ်မိတ်ဆက်' သီချင်းဖြင့်ကလေးများကို ခေါ်ဆိုကာ မိတ်ဆက်ပေးခြင်း | ရည်ရွယ်ချက်- ရိုးရှင်းသောပုံများကို အရောင်ခြယ်ခြင်း<br><br>လုပ်ငန်း- နှစ်သက်ရာပုံကို အရောင်ခြယ်ခြင်း | ရည်ရွယ်ချက်- ရုပ်ပုံကိုကြည့်ပြီး ပုံပြင်ကို ခန့်မှန်းတတ်ရန်<br><br>လုပ်ငန်း- ပုံပြင်စာအုပ်တစ်အုပ်စီ၏ မျက်နှာဖုံးနှင့် အတွင်းရှိ ပုံများကိုကြည့်၍ ပုံပြင်အား ခန့်မှန်းခြင်း | ရည်ရွယ်ချက်- ပုံပြင်ပါစကားလုံးများမှအသံအစိတ်အပိုင်းများခွဲတတ်စေရန်<br><br>လုပ်ငန်း- အဖွဲ့ခွဲ၍ ပုံပြင်ပါအမည်များမှည့်၍ ကစားစေခြင်းဖြင့် အသံခွဲခြင်း |

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- အသံတူအမည်များကိုဖော်ထုတ်တတ်ရန် | ရည်ရွယ်ချက်- စကားသံများကို နားထောင်ပြီး အသံများကို ခွဲခြားတတ်ရန် | ရည်ရွယ်ချက်- စာအုပ်ကိုအနေအထားမှန်စွာ ကိုင်တတ်ရန် | ရည်ရွယ်ချက်- ရုပ်ပုံကို ရေးဆွဲတတ်ရန် | ရည်ရွယ်ချက်- ရုပ်ပုံများကိုကူးဆွဲတတ်ရန် |
| လုပ်ငန်း- ဆရာက ပြောသော အသံတစ်ခုဖြင့် တူသော အမည်များကိုဖော်ထုတ်ခြင်း | လုပ်ငန်း- မိသားစုတမ်းကစားခြင်းဖြင့် အသံများကို ခွဲခြားခြင်း | လုပ်ငန်း- အစီစဉ်တကျ စာအုပ်စီတမ်းကစားခြင်း | လုပ်ငန်း- ကြိုက်နှစ်သက်ရာပုံကို ရေးခြစ်ခြင်း | လုပ်ငန်း- စိတ်ကြိုက်ကူးဆွဲခြင်း |

## နှစ်စ (ပထမပတ်)

**တနလ်ာနေ့**

ရည်ရွယ်ချက် ။ ။ ကလေးများ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- ဆရာက ကျောင်းသားများအားလုံးကို ဝိုင်းကြီးပတ်ပတ်ရပ်စေ၍ ဘောလုံးပစ်ပေးကာ ဘောလုံးရသောသူအား နာမည်ပြောစေခြင်းဖြင့် မိတ်ဆက်စေပါမည်။ ပထမဆုံး ဆရာက ဘောလုံးကို ကိုင်ပြီး မိမိကိုယ်ကို အရင်မိတ်ဆက်မည်။ ထို့နောက် ဘောလုံးအား ကျောင်းသား/သူတစ်ယောက်ယောက်ကို ပစ်ပေးမည်။ ရတဲ့ကလေးက ပြန်မိတ်ဆက်ပါမည်။ မိတ်ဆက်ပြီးတိုင်း ကလေးများအားလုံးက ထိုနာမည်အလုံးရေကို လက်ခုပ်တီးကာ တစ်လုံးစီ ရွတ်ဆိုပါမည်။

ရည်ရွယ်ချက် ။ ။ “Zùngtoq”ကဗျာရွတ်ဆိုခြင်းဖြင့် အသံတူခွဲခြားခြင်း။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- Dum Zùng dum toq, Zùng toq toq.
  Zùng àq Zùng àq, Dum toq àq.
  Zùng àq toq àq ,dum zùng aq,
  ဆရာက အထက်ပါကဗျာကို ရွတ်ဆိုပါမည်။ဆရာရွတ်ဆိုနေချိန် ကလေးများက Zùng ဆိုရင် ထိုင်မည်၊ Toq ဆိုရင် ထခိုင်းပါမည်။ ထိုနည်းအတိုင်း အကြိမ်ကြိမ် ဆက်လက်လုပ်ဆောင်ပါမည်။

ရည်ရွယ်ချက် ။ ။ အသံတူရာများကို ဖော်ထုတ်တတ်စေရန်။
လုပ်ငန်းစဉ်(၃) ။ ။ ၁၅မိနစ်
- ဆရာက အသံတစ်သံကို ရွတ်ဆိုပြမည်။ (ဥပမာ- ဆရာက (Roí)လို့ ပြောလိုက်ပြီး ကျောင်းသားများထဲမှ (Roí)ပါသော နာမည်ပိုင်ရှင်ကို လက်ထောင်စေပါမည်။ ထို့နောက် (Roí)ဆိုတဲ့ စကားလုံးဟာ မိမိနာမည်ရဲ့ ဘယ်နှစ်လုံးမြောက်မှာရှိကြောင်း ပြောစေပါမည်။ အသံအမျိုးမျိုးပြောင်း၍ ရှေ့နည်းတူ လုပ်ဆောင်သွားစေမည်။

**အင်္ဂါနေ့**

ရည်ရွယ်ချက် ။ ။ စာအုပ်တစ်အုပ်၏ အစိတ်အပိုင်းများကို ဖော်ထုတ်နိုင်ရန်။
လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်
- ဆရာက 'မိသားစု' ပုံပြင်စာအုပ်ကိုပြ၍ ရှေ့ဖုံး၊ ကျောဖုံးနှင့် စာမျက်နှာ စသည်တို့ကို ကလေးများအား မိတ်ဆက်ပေးပါမည်။ ဆက်လက်၍ စာအုပ်တစ်အုပ်၏ ရှေ့ဖုံးတွင် ဖော်ပြထားသော ရုပ်ပုံများ၊ စာအုပ်အမည်များ၊ စာရေးသူအမည်များကိုလည်း မိတ်ဆက်ပေးပါမည်။ 'မိသားစု' ပုံပြင်ကို ဆရာက အသံနေအသံထားဖြင့် အဖြတ်အတောက် မှန်ကန်စွာဖတ်ပြမည်။

ရည်ရွယ်ချက် ။ ။ သီချင်းခေါ်ဆိုခြင်းဖြင့် စာအုပ်အစိတ်အပိုင်းများကို ဖော်ထုတ်နိုင်ရန်။
လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်
- ဆရာက ကလေးများအား စာအုပ်တစ်အုပ်စီကို ကိုင်ထားခိုင်းမည်။ ထို့နောက် ကျွန်တော်၏စာအုပ် ဟူသောသီချင်းကို ဆိုပြမည်။ ရှေ့ဖုံးဟူသော စကားလုံး ပါလျှင် စာအုပ်ရှေ့ဖုံးကို ထောင်ပြရပါမည်။ နောက်ဖုံးဟုဆိုလျှင် စာအုပ်နောက်ဖုံးကို ထောင်ပြပါမည်။ အခြားအစိတ်အပိုင်းများကိုလည်း ဤနည်းအတိုင်း လုပ်ဆောင်သွားပါမည်။

ရည်ရွယ်ချက် ။ ။ ဆရာပြောသော အမည်များ ကစားနည်းဖြင့် အသံများကို ခွဲတတ်ခြင်း။
လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်
- ဆရာက ကျောင်းသားများကို နေရာလွတ်တစ်ခုစီသို့ ခေါ်သွားစေပြီး ကလေးများကို "Ânu,Âwa,Â-mang,Â-nhá" စသော အမည်များဖြင့် အုပ်စုဖွဲ့၍ ဆရာက ၄င်းအဖွဲ့အမည်ကို ခေါ်သောအခါ မတ်တတ်ရပ်စေမည်။

**ဗုဒ္ဓဟူးနေ့**

ရည်ရွယ်ချက် ။ ။ စာအုပ်အစိတ်အပိုင်းများကို သိရှိရန်။
လုပ်ငန်းစဉ်(၁) ။ ။ ၁၅ မိနစ်
- ပထမဦးဆုံး ဆရာက ကလေးများကို ဗလာစာအုပ်တစ်အုပ်ချင်း ဝေပေးထားမည်။ ပြီးနောက် ဆရာက စာအုပ်၏ မျက်နှာဖုံး၊ စာမျက်နှာ နောက်ဖုံးတို့ကို တစ်ခုချင်းစီ ပြော၍ ကလေးများကို ထောင်ပြခိုင်းမည်။ မမှန်သော ကလေး တွေ့ရှိပါက သူတို့အားလုံးကိုပေါင်း၍ သင်ထားနှင့်ပြီးဖြစ်သော

စာအုပ်မိတ်ဆက်သီချင်းကို သီဆိုစေမည်။ ဤကလေးများကို လက်ခုပ်တီးပေးစေမည်။

ရည်ရွယ်ချက် ။ ။ ရိုးရှင်းသောပုံများကို အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- ဆရာက အသင့်ပြုလုပ်ထားသော သင်ထောက်ကူပစ္စည်း စက်ဝိုင်းပုံ၊ ထောင့်မှန်စတုဂံပုံ၊ ဝက်ပုံ၊ ခွေးပုံ၊ စားပွဲပုံ စသည့် ရုပ်များကို ဝေပေး၍ ထိုအရုပ်များကို ကလေးများအား စိတ်ကြိုက်ဆေး ရောင်ခြယ်စေမည်။ ရောင်စုံခဲတံများကိုလည်း ချထားပေးမည်။

ရည်ရွယ်ချက် ။ ။ စာအုပ်ကို အနေအထားမှန်အောင် ကိုင်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- ဆရာက ကလေးများ၏ ဗလာစာအုပ်များကိုယူ၍ ဖရိုဖရဲ ပုံပေးထားမည်။ ထိုစာအုပ်ပုံများမှ စာအုပ်များကို အစီအစဉ်တကျ သပ်သပ်ရပ်ရပ်စီစေမည်။

ဥပမာ -ဆရာမှ နောက်ကျောနှင့် မျက်နှာဖုံးချင်းကပ် မျက်နှာဖုံးနှင့် နောက်ကျောချင်းကပ် စသည်ဖြင့် အဖွဲ့ဖွဲ့၍တစ်ပြိုင်တည်း ကစားစေမည်။

**ကြာသပတေးနေ့**

ရည်ရွယ်ချက် ။ ။ Big Book မျက်နှာဖုံးနှင့် အတွင်းရှိ ပုံများကိုကြည့်ပြီး Big Book ပါ အကြောင်းအရာကို ပြောပြနိုင်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- 'ဘန်ယုံလေးရဲ့ကြောင်ကလေး' Big Book မျက်နှာဖုံးနှင့် အတွင်းရှိ ရုပ်ပုံများကို ပြပြီး အဖွဲ့ခွဲ၍ ပုံပြင်ပါ အကြောင်းအရာကို စိတ်ကြိုက်ခန့်မှန်းပြောစေမည်။ Big Book စာအုပ်ကို ပုံနှင့်တကွ ပြန်ဖတ်ပြပါမည်။ ကလေးတွေရဲ့ ခန့်မှန်းမှုက အလွန်တူညီကြောင်း ဆရာက ချီးကျူးစကားပြောပါမည်။

ရည်ရွယ်ချက် ။ ။ ပုံပြင်စာအုပ်မျက်နှာဖုံးရှိ ရုပ်ပုံများကိုကြည့်၍ ပုံပြင်ပါအကြောင်းအရာများကို ခန့်မှန်းပြောဆိုတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅မိနစ်

- ဆရာက ပုံပြင်စာအုပ်များ၏ မျက်နှာဖုံးရုပ်ပုံတစ်ခုစီကို ကလေးများအားပြ၍ မည်သည့် အကြောင်းအရာဖြစ်မည်ကို ခန့်မှန်းစေမည်။ အနည်းဆုံး ငါးယောက်ခန့်အား မေးကာ ဆရာက ပြန်ပြောပြမည်။

ရည်ရွယ်ချက် ။ ။ ရုပ်ပုံများကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅မိနစ်

- ကလေးများအား မိမိကြိုက်နှစ်သက်ရာ ရုပ်ပုံများကို ရေးဆွဲစေပါမည်။ ထို့နောက် မည်သည့်အကြောင်းအရာဖြစ်သည်ကို တစ်ဦးချင်း ပြန်ပြောစေပါမည်။

**သောကြာနေ့**

ရည်ရွယ်ချက် ။ ။ ပုံပြင်ပါအဖုံးများကို လက်ဖြင့်ထောက်ပြီး အသံထွက်၍ဖတ်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- ဆရာက မိသားစုပုံပြင်ထဲမှ ရုပ်ပုံများ၏အမည်ကို ကလေးများအား ပြောစေမည်။ ပြီးနောက် ရုပ်ပုံထဲရှိ အမည်များကို စာကြောင်းများထဲမှ ရွေးထုတ်ဖတ်စေမည်။ (ဥပမာ- အဖေ၊ အမေ၊ အစ်ကို၊ အစ်မ စသည်ဖြင့်)

ရည်ရွယ်ချက် ။ ။ ပုံပြင်ပါ စကားလုံးများမှ အသံအစိတ်အပိုင်းများ ခွဲတတ်စေရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- ကလေးများကို အုပ်စုခွဲထားပြီး တစ်အုပ်စုချင်းကို ပုံပြင်ပါ အမည်များကို မှည့်ပေးပြီး ဆရာမှ ၄င်းအုပ်စုတစ်စုစီ၏ အမည်ကိုခေါ်မည်။ ဆရာ အခေါ်ခံရသော ကလေးများက အမူအရာတစ်ခုခုဖြင့် ပြုစေမည်။
  ဥပမာ- ဝက်ဆိုရင် လက်မြှောက်၊ အိမ်ဆိုရင် လက်ခုပ်တီး စသည်ဖြင့်။

ရည်ရွယ်ချက် ။ ။ ရုပ်ပုံများ ကူးဆွဲတတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- ဆရာက ရုပ်ပုံပါသော စာအုပ်အမျိုးမျိုးကို ကလေးများကြိုက်ရာ အရုပ်စာအုပ်ကို ရွေးယူပြီး ထိုစာအုပ်ရှိ ကြိုက်ရာရုပ်ပုံကို ကလေးများအား ဆွဲစေမည်။ ဂုဏ်ပြုအသိအမှတ်လည်း ပေးမည်။ ဥပမာ-ဆရာ၏ လက်မှတ်ဖြင့် very good, တစ်တန်းလုံး လက်ခုပ်တီးပေးခြင်း စသည်ဖြင့်။

**7.2.1. Sânghî Tsáng matú ,Zaiwâ Myíng Lé Kâ Mhoq, Nghap Mhoq râ Mhoqbun Pé Lé Dangké dông Gam hkoq tô é hkyô(Jongdoq Zàn Hí)**

**၇-၂-၁။ ဇိုင်ဝါး(ကချင်)ဘာသာစကား အရေးအဖတ် အလေးပေးသင်ယူချိန် နှစ်စ (ဒုတိယပတ်)**

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် |
| ရည်ရွယ်ချက်- မိတ်ဆက်တတ်ရန် | ရည်ရွယ်ချက်- စာအုပ်အစိတ်အပိုင်းကို သိရှိရန် | ရည်ရွယ်ချက်- စာအုပ်အစိတ်အပိုင်းကိုသိရှိရန် | ရည်ရွယ်ချက်- ရုပ်ပုံကို ကြည့်ပြီး ပုံပြင်ကို ခန့်မှန်းတတ်ရန် | ရည်ရွယ်ချက်- ပုံပြင်စာအုပ်ထဲရှိ စာများကို လက်ဖြင့်ထောက်ပြီး အသံထွက်၍ ဖတ်တတ်ရန် |
| လုပ်ငန်း- 'ပြောမယ်အမှန်' ကစားနည်းဖြင့် မိတ်ဆက်ခြင်း | လုပ်ငန်း- ဆရာမှ ဦးဆောင်ပြီး 'တို့ကျောင်းသာယာ'ပုံပြင် စာအုပ်၏အစိတ်အပိုင်းများကို မိတ်ဆက်ပေးပြီး၊ အသံအနေအထား မှန်မှန်ဖြင့် ဖတ်ပြခြင်း | လုပ်ငန်း- 'ဆရာမက ဘာတွေပြ' ကစားနည်းဖြင့် စာအုပ်အစိတ်အပိုင်းကို မိတ်ဆက်ခြင်း | လုပ်ငန်း- 'NangRoí eq LaYóng' Big book မျက်နှာဖုံးနှင့် အတွင်းရှိ ပုံများ ကြည့်ပြီး အကြောင်းအရာကို ခန့်မှန်းခြင်း | လုပ်ငန်း- 'တို့ကျောင်းသာယာ' ပုံပြင်ကို တစ်တန်းလုံး အတူဖတ်ခြင်း |
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- အသံတူများ ခွဲခြားတတ်ရန် | ရည်ရွယ်ချက်- စာအုပ်အစိတ်အပိုင်းများကို သိရှိရန် | ရည်ရွယ်ချက်- ပုံများကို အရောင်ခြယ်တတ်ရန် | ရည်ရွယ်ချက်- ရုပ်ပုံကိုကြည့်ပြီး ပုံပြင်ကို ခန့်မှန်းတတ်ရန် | ရည်ရွယ်ချက်- ပုံပြင်ပါစကားလုံးများမှအသံအစိတ်အပိုင်းများကို ခွဲတတ်ရန် |

| တနင်္လာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| လုပ်ငန်း- Lòq yò lòq pai' ကာရန်ကဗျာ ရွတ်ဆိုပြီး အသံတူများ ခွဲခြားခြင်း | လုပ်ငန်း- 'တို့များရဲ့စာအုပ်' သီချင်းကို ကလေးများအား ခေါ်ဆို၍ စာအုပ်အစိတ် အပိုင်း မိတ်ဆက်ခြင်း | လုပ်ငန်း- နှစ်သက်ရာပုံကို အရောင်ရေးခြယ်စေခြင်း | လုပ်ငန်း- ပုံပြင်စာအုပ်တစ်အုပ်စီ၏ အဖုံးပါပုံကို ကြည့်ပြီး အကြောင်းအရာကို ခန့်မှန်းခြင်း | လုပ်ငန်း - ပုံပြင်တစ်ခုမှ အမည်များကို အဖွဲ့လိုက်အမည်မှည့်၍ ကစားခြင်းဖြင့် အသံခွဲခြင်း |
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- အသံတူအမည်များကို ဖော်ထုတ်တတ်ရန် | ရည်ရွယ်ချက်- စကားသံများ နားထောင်ပြီး အသံများ ခွဲခြားတတ်ရန် | ရည်ရွယ်ချက်- စာအုပ်ကို အနေအထားမှန်အောင် ကိုင်တတ်ရန် | ရည်ရွယ်ချက်- ရုပ်ပုံများကို ရေးဆွဲတတ်ရန်၊ ခဲတံကိုင်ပြီး ရေးခြစ်တတ်ရန် | ရည်ရွယ်ချက်- ရုပ်ပုံများကို ကူးဆွဲတတ်ရန် |
| လုပ်ငန်း- ဆရာပြောသော အသံတစ်ခုဖြင့် တူသောအမည်များကို ဖော်ထုတ်ခြင်း | လုပ်ငန်း - 'စကားဆင့်' ကစားခြင်းဖြင့် သင်ကြားမည် (အဖွဲ့ဖွဲ့၍. . .) | လုပ်ငန်း- 'စီလိုက်ကြမယ် စနစ်တကျကွယ်' ကစားနည်းဖြင့် စာအုပ်အနေ အထားအမှန်ကို သိစေခြင်း | လုပ်ငန်း- စက်ဝိုင်းပုံကို ရေးခြယ်ခြင်း | လုပ်ငန်း- စာအုပ်များရှိ ပုံများမှ ကြိုက်နှစ်သက်ရာပုံကို စိတ်ကြိုက်ရေးခြယ်ခြင်း (သင်ထောက်ကူ) |

## နှစ်စ (ဒုတိယပတ်)

**တနင်္လာနေ့**

ရည်ရွယ်ချက် ။ ။ ကလေးများ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- ဆရာက ကျောင်းသားများကို အဖွဲ့နှစ်ဖွဲ့ ခွဲစေပြီး စောင်တစ်ထည်ယူလာ၍ အုပ်စုနှစ်စုကြားတွင် ကာစေမည်။ အဖွဲ့နှစ်ဖွဲ့က တစ်ဖွဲ့နှင့်တစ်ဖွဲ့ မမြင်အောင် ပုန်းနေပြီး (ထိုင်နေမည်) အဖွဲ့တစ်ဖွဲ့စီက ကလေးတစ်ယောက်က ကိုယ်စားပြု ရှေ့သို့အနည်းငယ် ထွက်ထိုင်ပြီး စောင်ကို တစ် နှစ် သုံး ဟု ရေရွတ်ပြီး ချလိုက်လျှင် အဖွဲ့မတူသော ကိုယ်စားပြု ကလေးနာမည်ကို

ပြောစေမည်။ အရင်ပြောနိုင်သောအဖွဲ့ကို အမှတ်ပေးမည်။ အမှတ်ပေး သောစနစ်ဖြင့် ကစားမည်။ ဤကဲ့သို့ ဆက်လက်ပြီး ကစားစေမည်။

ရည်ရွယ်ချက် ။ ။ "Lòq yò Lòq pai" အသံတူကဗျာရွတ်ဆိုခြင်းဖြင့် အသံတူခွဲခြားခြင်း။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- Lòq yò lòq lé tu toq àq
  Dum lhoq hkyó luî lhing gó aq
  Lòq pai lòq lé dum tu toq
  Lòq yò lòq le bo tu toq
  ဆရာက အထက်ပါကဗျာကို အကြိမ်ကြိမ် ရွတ်ဆိုစေပါမည်။

ရည်ရွယ်ချက် ။ ။ အသံတူအမည်များကို ဖော်ထုတ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅မိနစ်

- ဆရာက အရာဝတ္ထု၊ တိရစ္ဆာန် စသည့်တို့၏ မြည်သံကို ပြောလိုက်ပြီး ကလေးများအား ထိုအသံနှင့်တူသော အမည်များကို ပြောစေပါမည်။
  ဥပမာ- ဆရာက 'ဂျိမ်း' လို့ အသံထွက်ပြသောအခါ ကလေးများက မိုးခြိမ်းသံ၊ ဆရာက 'ဝုတ် ဝုတ်' လို့ အသံထွက်ပြသောအခါ ကလေးများက 'ခွေးဟောင်သံ'ဟု ထုတ်ဖော်ပြောဆိုစေမည်။

**အင်္ဂါနေ့**

ရည်ရွယ်ချက် ။ ။ စာအုပ်အစိတ်အပိုင်းများကို သိရှိရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- ဆရာက 'တို့ကျောင်းသာယာ' ပုံပြင်စာအုပ်ကို ယူပြီး စာအုပ်တွင် ပါဝင်သော အစိတ်အပိုင်းတစ်ခုစီကို ပြောပြပါမည်။
  ဥပမာ- မျက်နှာဖုံး၊ နောက်ကျောဖုံး၊ စာမျက်နှာ၊ စာအုပ်၊ စာရေးဆရာအမည် စသော အမည်များကို ပြောပြပါမည်။
  ထို့နောက် ပုံပြင်ကို အသံနေအသံထား မှန်မှန်ဖြင့် ဆရာက ဖတ်ပြသွားပါမည်။

ရည်ရွယ်ချက် ။ ။ စာအုပ်အစိတ်အပိုင်းများကို သိရှိရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- 'တို့များရဲ့စာအုပ်' သီချင်းကို ကလေးများအား ခေါ်ဆိုခြင်းဖြင့် စာအုပ်အစိတ်အပိုင်းကို မိတ်ဆက်မည်။
- စာအုပ်အစိတ်အပိုင်းများကို ကလေးများအား အဖွဲ့လိုက် ပြောစေမည်။
  ဥပမာ - မျက်နှာဖုံး၊ စာမျက်နှာ စသည်ဖြင့်။

ရည်ရွယ်ချက် ။ ။ စကားသံများကို နားထောင်ပြီး အသံခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅မိနစ်

- ကလေးများကို အဖွဲ့များဖွဲ့ထားပေး၍ တစ်ဖွဲ့ချင်းစီကို ဆရာမှ

အဓိပ္ပာယ် ပြန်လည်ပြော — တစ်ခုရသော စာကြောင်းကို အဖွဲ့တိုင်းကို ပြောလိုက်၍ ကြားနိုင်သောအဖွဲ့ကို ကျန်အဖွဲ့များက လက်ခုပ်တီးဂုဏ်ပြုမည်။
- ပြီးနောက် ကျောင်းသားများအားလုံးကို ဆရာက ချီချဉ်ဝေပေးမည်။ ကစားနည်း- 'စကားဆင့်' ကစားခြင်း။

**ဗုဒ္ဓဟူးနေ့**

ရည်ရွယ်ချက် ॥ ॥ စာအုပ် အစိတ်အပိုင်းများကို သိရှိရန်။

လုပ်ငန်းစဉ်(၁) ॥ ॥ ၃၀ မိနစ်

- ဆရာက ကျောင်းသားများကို စာအုပ်အစိတ်အပိုင်းတစ်ခုစီ၏ နာမည်ကို တပ်ပေးပြီး ဆရာက စာအုပ်တစ်အုပ်ကို ကိုင်ကာ စာအုပ်တစ်အုပ်၏ အစိတ် အပိုင်းတစ်ခုစီကို ပြသပါမည်။ ပြသသော စာအုပ်အစိတ်အပိုင်းရဲ့ နာမည် ရထားသူက မတ်တတ်ရပ်ကာ လက်ခုပ်တီးစေပါမည်။ ဤကဲ့သို့ ဆရာက မရပ်မနားဘဲ စာအုပ်အစိတ်အပိုင်းများကို ပြသနေပါမည်။

ရည်ရွယ်ချက် ॥ ॥ ခဲတံကို ကိုင်တတ်ရန်။

လုပ်ငန်းစဉ်(၂) ॥ ॥ ၁၅ မိနစ်

-ရောင်စုံခြယ်ရန် စာအုပ်အမြောက်အများနှင့် ရောင်စုံခဲတံများကို ချပေးကာ ကြိုက်နှစ်သက်ရာကို ယူပြီး အရောင်ရေးခြယ်စေပါမည်။

ရည်ရွယ်ချက် ॥ ॥ စာအုပ်ကို အနေအထားမှန်မှန် ကိုင်တတ်ရန်။

လုပ်ငန်းစဉ်(၃) ॥ ॥ ၁၅ မိနစ်

- ဆရာက စာအုပ်အမြောက်အများကို ယူလာပြီး အဖွဲ့ဖွဲ့ကာ တစ်ဖွဲ့ချင်းစီကို ဝေပေးပြီး စာအုပ်စဉ်တွင် စနစ်တကျ စီခိုင်းပါမည်။ အားလုံးစီပြီးလျှင် အဖွဲ့တိုင်းက စနစ်ကျကြောင်း ချီးကျူးမှုကို ပြုလုပ်ပေးပြီး စနစ်မကျသော စာအုပ်များကိုပြပြီး စနစ်တကျဖြစ်အောင် ဆရာက ပြန်စီပြပါမည်။

**ကြာသပတေးနေ့**

ရည်ရွယ်ချက် ॥ ॥ ရုပ်ပုံကိုကြည့်ပြီး အကြောင်းအရာကို ခန့်မှန်းတတ်ရန်။

လုပ်ငန်းစဉ်(၁) ॥ ॥ ၃၀ မိနစ်

- ဆရာက Nang Roí eq Layóng Bigbook ထဲရှိ ပုံများတစ်ခုစီကို ပြပြီး

ကျောင်းသားများအား ဘာပုံဖြစ်ကြောင်း၊ ဘာလုပ်နေကြောင်း မေးပြီးပုံတစ်ရွက်စီကိုပြသသွားပါမည်။ထို့နောက်ပုံကိုကြည့်ခြင်းဖြင့်ဘာဇာတ်လမ်းကိုရေးထားကြောင်း ကျောင်းသားများအား လွတ်လပ်စွာခန့်မှန်းစေမည်။ ခန့်မှန်းမည့်သူ မရှိတော့လျှင် ခန့်မှန်းသွားတာ အားလုံးမှန်ကြောင်းပြောပါမည်။

ရည်ရွယ်ချက် ။ ။ အဖုံးပေါ်ရှိပုံကိုကြည့်ပြီးအကြောင်းအရာကိုခန့်မှန်းတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- ဆရာကပုံပြင်စာအုပ်အမြောက်အများယူလာပြီး အဖုံးပေါ်ရှိ ပုံတစ်ခုစီကိုပြသကာ ဘာအကြောင်းဖြစ်ကြောင်း ကျောင်းသားများအား ခန့်မှန်းစေပါမည်။ စာအုပ်တစ်အုပ်ကိုကျောင်းသား အနည်းဆုံးလေးယောက်လောက်ကို ခန့်မှန်းစေမည်။

ရည်ရွယ်ချက် ။ ။ ခဲတံကိုင်ပြီးရေးခြစ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅မိနစ်

- စာရွက်တစ်ရွက်ပေါ်တွင် စက်ဝိုင်းပုံအကြီးကြီးကို ဆွဲပြီးကလေးများအားလုံးကိုတစ်ရွက်စီပေးပြီး ခဲတံတစ်ချောင်းစီလည်းပေးကာ စက်ဝိုင်းအတွင်း၌သာ ခဲခြယ်ရန်ပြောပြပြီး ခြယ်စေပါမည်။

**သောကြာနေ့**

ရည်ရွယ်ချက် ။ ။ ပုံပြင်စာအုပ်ထဲရှိ စာကိုလက်ဖြင့်ထောက်ပြီးအသံထွက်၍ဖတ်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- 'တို့ကျောင်းသာယာ' ပုံပြင်ကို ဆရာကဦးဆောင်ပြီးကျောင်းသားအားလုံးကို တစ်လုံးစီလက်ထောက်ကာ ကြည့်စေပြီးအသံထွက်၍ခေါ်ဖတ်ပါမည်။

ရည်ရွယ်ချက် ။ ။ ပုံပြင်ပါ စကားလုံးများမှ အသံအစိတ်အပိုင်းကို ခွဲတတ်စေရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- ပုံပြင်ပါအမည်များကို အဖွဲ့ခွဲ၍အမည်မှည့်ပေးပြီး ဆရာကပုံပြင်ကိုဖတ်ကာ မိမိအဖွဲ့အမည်ကိုကြားလျှင် မတ်တတ်ရပ်စေပါမည်။

ရည်ရွယ်ချက် ။ ။ ရုပ်ပုံများကိုကူးဆွဲတတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- ဆရာက ပုံပါသောစာအုပ်များကိုချပေးကာ ကလေးများကကြိုက်နှစ်သက်ရာပုံကိုယူပြီး ဆွဲစေပါမည်။

## 7.3. Sânghî Tsáng matú ,Zaiwâ Myíng Lé Kâ Mhoq,Nghap Mhoq râ Mhoqbun Pé Lé Dangké dôngGam hkoq tô é hkyô (Jongdoq Zàn gùng )

## ၇-၃။ ဇိုင်ဝါး(ကချင်)ဘာသာစကား အရေးအဖတ် အလေးပေးသင်ယူချိန် နှစ်လယ် (ပထမပတ်)

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(I) ၏ အသံကို ရွတ်ဆိုတတ်ရန်<br><br>လုပ်ငန်း- (I)နဲ့စသော ကာရန်ကဗျာကို ရွတ်ဆိုခြင်း | ရည်ရွယ်ချက်- (I)အက္ခရာကို ရွေးချယ်တတ်ရန်<br><br>လုပ်ငန်း- (I) ပုံပြင်များကို ပြောပြမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(L) ၏ အသံကို ရွတ်ဆိုတတ်ရန်<br><br>လုပ်ငန်း- (L)နဲ့စသော ကာရန်ကဗျာကို ရွတ်ဆိုမည် | ရည်ရွယ်ချက်- (L)အက္ခရာကို ရွေးချယ်တတ်ရန်<br><br>လုပ်ငန်း- “အဖော်ရှာသော ပုစွန်ဆိတ်လေး” ကိုသင်ကြားမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(I) နဲ့ (L)ကို ခွဲခြားတတ်ရန်<br><br>လုပ်ငန်း- ရုပ်ပုံများကိုပြပြီး အက္ခရာစာလုံးကို ဖော်ထုတ်စေမည် |
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(I) ၏ အသံတူကို ခွဲခြားတတ်ရန်<br><br>လုပ်ငန်း- (I) ဖြင့် စသော အမည်များကို ရွေးချယ်စေမည် | ရည်ရွယ်ချက်- (I) ဆိုသော ဝေါဟာရကို ကြွယ်ဝစေရန်<br><br>လုပ်ငန်း- (I) စကားလုံးပါ အမည်များကို ရုပ်ပုံကားချပ်များမှ ရွေးချယ်ခြင်း | ရည်ရွယ်ချက် အက္ခရာ (L)၏ အသံတူကို ခွဲခြားတတ်ရန်<br><br>လုပ်ငန်း- (L) ဖြင့် စသော အမည်များကို ရွေးချယ်စေမည် | ရည်ရွယ်ချက်- (L) ဆိုသော ဝေါဟာရကို ကြွယ်ဝစေရန်<br><br>လုပ်ငန်း- (L)အက္ခရာပါသော တိရစ္ဆာန် အမည်များကို ရုပ်ပုံကားချပ်များမှ ရွေးချယ်စေမည် | ရည်ရွယ်ချက် (I) နှင့် (L) သက်ဆိုင်သော ဝေါဟာရကြွယ်ဝစေရန်<br><br>လုပ်ငန်း- (I,L)နဲ့ စသော အမည်များကို ရုပ်ပုံများဖြင့် ကစားခြင်း |

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ (I)ကို ဖော်ထုတ် တတ်ရန်<br><br>လုပ်ငန်း- (I) အက္ခရာကို ရောင်စုံရေးခြယ် စေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (L)ကိုဖော်ထုတ် တတ်ရန်<br><br>လုပ်ငန်း- (I) အက္ခရာကို ရောင်စုံရေးခြယ် စေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(L) ကို ဖော်ထုတ် တတ်ရန်<br><br>လုပ်ငန်း- (L) အက္ခရာကို ရောင်စုံရေးခြယ် စေမည် | ရည်ရွယ်ချက်- (L)အက္ခရာကို ရွေးချယ်တတ်ရန်<br><br>လုပ်ငန်း- (L) အက္ခရာကို ရွေးချယ်ပြီး စိတ် ကြိုက်ရေးခြယ် စေမည် | ရည်ရွယ်ချက်- (I,L)၏ဝေါဟာရ များကို ခွဲခြားနား လည်တတ်ရန်<br><br>လုပ်ငန်း- (I, L) စသော စကားလုံးများကို ပုံပြင်၊ ကဗျာ၊ Big book များမှ ခွဲခြားဖော်ထုတ် စေမည် |

## နှစ်လယ် (ပထမပတ်)

**တနလ်ာနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I) ၏အသံကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- Îgu Gám, chyuî chyuî ngám.
  Îgu Nóng, nhap jibóng.
  Îgu Làq, Ngùnzè Wàq.
  Îgu Tú, Dudut Tù.
  ဆိုသော ကာရန်ကဗျာကို သင်ကြား၍ရွတ်ဆိုစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I) ၏ အသံတူကို ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- အထက်ပါ ကာရန်ကဗျာထဲမှာ (I)ဖြင့် စသော အမည်များကို ရွေးချယ် စေမည်။
  ဥပမာ- Îgu Gám.
  Îgu Nóng.
  Îgu Làq.
  Îgu Tû.
  စသည်ဖြင့် ရွေးခြယ်စေပြီး (I)ဖြင့်စသော ကြိယာ (သို့) နာမ်ပုံနှင့် (I)ဖြင့်

မစသော အခြားကြိယာ (သို့) နာမ်ပုံများကို ရေးဆွဲထားပြီး (I)ဖြင့်စသော ပုံကို (I)ဖြင့် စသောစကားတို့ကို ရွေးချယ်ယှဉ်တွဲစေမည်။

ဥပမာ - Í du ဆိုသော ပုံနှင့် စကားလုံး

- I jit ဆိုသော ပုံနှင့် စကားလုံးများကို ယှဉ်တွဲစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I) ကို ဖော်ထုတ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- ဆရာက ဗျည်းအက္ခရာများကို စာရွက်များပေါ် ရေးဆွဲထားပြီး ၄င်းအက္ခရာ ပုံများထဲမှ (I) အက္ခရာကို ကလေးများအား စိတ်ကြိုက် ရောင်စုံရေးခြယ်စေမည်။

ဥပမာ - I, L, T စသည်ဖြင့် အက္ခရာပုံများကို ရေးဆွဲထားသောစာရွက်တစ်ရွက်ချင်းစီကို ကလေးများအားပေး၍ ထိုအက္ခရာများမှ (I) အက္ခရာကို ရွေးပြီး ရောင်စုံရေးခြယ်စေမည်။

**အင်္ဂါနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I) ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- Gùqsik zo ပုံပြင်ကို ပြောပြ၊ ဖတ်ပြမည်။ ပုံပြင်ထဲမှ (I) အက္ခရာဖြင့်စသော ပုံများကို ဆွဲထားပြီး ကလေးများကို ပုံနှင့်အက္ခရာကို ရွေးထုတ်စေမည်။

ရည်ရွယ်ချက် ။ ။ (I) ဆိုသော ဝေါဟာရကို ကြွယ်ဝစေရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- 'မိသားစုတမ်း' ကစားမည်။
- ကလေးများကို အဖွဲ့ဖွဲ့၍ အဖွဲ့တစ်ဖွဲ့ချင်းကို အမည်များပေးထား၍ ဆရာက ပြောလိုက်သောအခါ ဆရာပြောလိုက်သောအမည်များက မတ်တတ်ရပ်စေမည်။ အဖွဲ့များကိုလည်း မိမိအဖွဲ့ကြိုက်သော အမည်ပါများကို ခေါ်စေပြီး ၄င်းအဖွဲ့များ ခေါ်လိုက်သော အခေါ်ခံအဖွဲ့များကလည်း မတ်တတ်ရပ်စေပြီး ကျန်အဖွဲ့များက လက်ခုပ်တီးစေမည်။ အဖွဲ့ဖွဲ့ပြီး အဖွဲ့တိုင်း ပါဝင်ကစားစေမည်။

ဥပမာ- Înu, Îwa, Îchyi, Îwhoí, Î-nhá,. . . စသည်ဖြင့် အမည်မှည့် အဖွဲ့ခွဲထားပေးမည်။

ရည်ရွယ်ချက် ။ ။ (I)အက္ခရာကို ဖော်ထုတ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- ဗျည်းအက္ခရာ (၂၄)လုံးပါ ရုပ်ပုံကားချပ်ကိုပြ၍ ၄င်းအက္ခရာများထဲမှ (I) အက္ခရာကို ရွေးထုတ်ကူးရေးစေမည်။
- အဖွဲ့ဖွဲ့၍ ရွေးထုတ်စေမည်။

**ဗုဒ္ဓဟူးနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (L) ၏အသံကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

Lòq yò lòq lé tu toq àq.

Dum lhoq hkyó luî lhing gó aq.

Lòq pai lòq lé dum tu toq.

Lòq yò lòq lebotu toq..

ဆိုသော ကာရန်ကဗျာကို သင်ကြား၍ ရွတ်ဆိုစေမည်။

ရည်ရွယ်ချက် ။ ။ အက္ခရာ (L) ၏အသံကို ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- (L) ဖြင့်စသော မိမိကြားဖူးသည့် အမည်များကို ပြောဆိုစေမည်။

ဥပမာ - Lo,Lahoí, . . . စသည့်ဖြင့် ပြောဆိုစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (L) ကို ဖော်ထုတ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၃၀ မိနစ်

- ဆရာက ဗျည်းအက္ခရာများကို စာရွက်များပေါ် ရေးဆွဲထားပြီး ၄င်းအက္ခရာပုံများထဲမှ (L)အက္ခရာကို ကလေးများကို စိတ်ကြိုက်ရောင်စုံ ရေးခြယ်စေမည်။

ဥပမာ - I, L, T စသည့်ဖြင့် အက္ခရာပုံများကို ရေးဆွဲထားသော စာရွက်တစ်ရွက်ချင်းစီကို ကလေးများအားပေး၍ ထိုအက္ခရာများမှ (L) အက္ခရာကို ရွေးပြီး ရောင်စုံရေးခြယ်စေမည်။

**ကြာသပတေးနေ့**

ရည်ရွယ်ချက် ။ ။ (L) အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- 'အဖော်ရှာသော ပုစွန်ဆိတ်လေး' Big Book ကို ဖတ်ပြစေမည်။ Big Book ထဲမှ (L)အက္ခရာဖြင့်စသော စကားလုံးကို ရွေးချယ်ပြောဆိုစေမည်။

ရည်ရွယ်ချက် ။ ။ (L) ဆိုသော ဝေါဟာရကို ကြွယ်ဝစေရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- (L)အက္ခရာ စကားလုံးပါသော တိရစ္ဆာန်များနှင့် အခြားတိရစ္ဆာန်ပုံများကို ရုပ်ပုံများ ဆွဲထား၍(L)အက္ခရာပါသော တိရစ္ဆာန်အမည်များကို ရုပ်ပုံများမှ ရွေးချယ်စေမည်။

ရည်ရွယ်ချက် ။ ။ (L) အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- ဆရာက ဗျည်းအက္ခရာများကို စာရွက်များပေါ် ရေးဆွဲထားပြီး ၄င်းအက္ခရာပုံများထဲမှ (L) အက္ခရာကို ရွေးပြီး ကလေးများကို စိတ်ကြိုက်ရောင်စုံရေးခြယ်စေမည်။

ဥပမာ- I, L, T စသည့်ဖြင့် အက္ခရာပုံများကို ရေးဆွဲထားသော စာရွက်တစ်ရွက်ချင်းစီကို ကလေးများအားပေး၍ ထိုအက္ခရာများမှ (L) အက္ခရာကို ရွေးပြီး ရောင်စုံရေးခြယ်စေမည်။

**သောကြာနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်း (I) နှင့် (L) ကိုခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

"Ìnu,Ìwa နှင့် Lahoí, Lòq" စသည့်ပုံများကို ပြပြီး ( I ) အက္ခရာနှင့် (L) အက္ခရာဖြင့်စသော စာလုံးကို ဖော်ထုတ်စေမည်။

ရည်ရွယ်ချက် ။ ။ (I), (L)နှင့်ဆိုင်သော ဝေါဟာရကြွယ်ဝစေရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- (I, L)ဖြင့်စသော ပုံများနှင့် အခြားပုံများကို ရုပ်ပုံကားချပ်တွင် ဆွဲထားပြီး ၄င်းရုပ်ပုံကားချပ်ထဲမှ (I) နှင့် (L)ဖြင့်စသော ရုပ်ပုံအမည်များကို ရွေးချယ်စေမည်။

ရည်ရွယ်ချက် ။ ။ (I, L) ၏ ဝေါဟာရစကားလုံးများကို ခွဲခြားနားလည်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- (I, L) စသော စကားလုံးဝေါဟာရများကို သင်ကြားပြီးသော ပုံပြင်၊ ကာရန်ကဗျာ 'အဖော်ရှာသော ပုစွန်ဆိတ်လေး' ထဲမှ ခွဲခြားဖော်ထုတ် ရေးခြယ်စေမည်။

7.3.1. Sânghî Tsáng matú ,Zaiwâ Myíng Lé Kâ Mhoq, Nghap Mhoq râ Mhoqbun Pé Lé Dangké dông Gam hkoq tô é hkyô (Jongdoq Zàn gùng )

## ၇-၃-၁။ ဇိုင်ဝါး(ကချင်)ဘာသာစကား အရေးအဖတ် အလေးပေးသင်ယူချိန် နှစ်လယ် (ဒုတိယပတ်)

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(T) ၏ အသံကို ရွတ်ဆိုတတ်ရန်<br><br>လုပ်ငန်း- (T)ဖြင့်စသော ကာရန်ကဗျာကို ရွတ်ဆိုစေမည် | ရည်ရွယ်ချက်- (T)အက္ခရာကို ရွေးချယ်တတ်ရန်<br><br>လုပ်ငန်း- "Taúkòp" ပုံပြင်များကို ပြောပြမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(X) ၏ အသံကို ရွတ်ဆိုတတ်ရန်<br><br>လုပ်ငန်း- (X)နဲ့စသော ကာရန်ကဗျာကို ရွတ်ဆိုစေမည် | ရည်ရွယ်ချက်- (X)အက္ခရာကို ရွေးချယ်တတ်ရန်<br><br>လုပ်ငန်း- Xâng, Banbó xui, lòqxoq စသည့် ပုံနှင့်စာကို ရေးသား၍ ကလေးများအား (X)အက္ခရာကို ဖော်ထုတ်စေမည် | ရည်ရွယ်ချက်- ဗျည်း(T)နှင့်(X) ကို ခွဲခြားတတ်ရန်<br><br>လုပ်ငန်း- ရုပ်ပုံများကိုပြပြီး အက္ခရာစာလုံးကို ဖော်ထုတ်စေမည် ဥပမာ-Tui,tíng နဲ့ xo,xûm |
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(T) ၏ အသံတူကို ခွဲခြားတတ်ရန်<br><br>လုပ်ငန်း- (T)အက္ခရာဖြင့် စသော အမည်များကို ရွေးချယ်စေမည် | ရည်ရွယ်ချက်- (T)ဝေါဟာရကို ကြွယ်ဝစေရန်<br><br>လုပ်ငန်း- (T)စကားလုံးပါ အမည်များကို ရုပ်ပုံကားချပ်များမှ ရွေးချယ်ခြင်း | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(X) ၏ အသံတူကို ခွဲတတ်ရန်<br><br>လုပ်ငန်း- (X)ဖြင့်စသော အမည်များကို ရွေးချယ်စေမည် | ရည်ရွယ်ချက်- (X)ဝေါဟာရကို ကြွယ်ဝစေရန်<br><br>လုပ်ငန်း- (X)ပါသော တိရစ္ဆာန်အမည်များကို ရုပ်ပုံကားချပ်များမှ ရွေးချယ်စေခြင်း | ရည်ရွယ်ချက်- (T)နှင့်(X)နဲ့ သက်ဆိုင်သော ဝေါဟာရကြွယ်ဝစေရန်<br><br>လုပ်ငန်း- 'Toq àq နှင့် Xat myhí ကဗျာများကို ပြန်လည် ရွတ်ဆိုစေခြင်း |

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(T) ကို ဖော်ထုတ်တတ်ရန် | ရည်ရွယ်ချက်- (T)အက္ခရာကို ရွေးချယ်တတ်ရန် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (X)ကို ဖော်ထုတ်တတ်ရန် | ရည်ရွယ်ချက်- (X)အက္ခရာကို ရွေးချယ်တတ်ရန် | ရည်ရွယ်ချက်- (T, X) ၏ ဝေါဟာရစကားလုံးများကို ခွဲခြားနားလည်တတ်ရန် |
| လုပ်ငန်း- (T)အက္ခရာကို ရောင်စုံရေးခြယ်စေမည် | လုပ်ငန်း- (T) အက္ခရာကို ရွေးချယ်ပြီး စိတ်ကြိုက်ရေးခြယ်စေခြင်း | လုပ်ငန်း- (X) အက္ခရာကို ရောင်စုံရေးခြယ်စေမည် | လုပ်ငန်း- (X) အက္ခရာကို ရွေးချယ်ပြီး၊ စိတ်ကြိုက် ရေးခြယ်စေခြင်း | လုပ်ငန်း- (T,X)စကားလုံးများ၊ ဝေါဟာရများကို ပုံပြင်၊ ကဗျာ၊ Big book များမှ ခွဲခြား ဖော်ထုတ်ရေးခြယ်စေမည် |

## နှစ်လယ် (ဒုတိယပတ်)

**တနလ်ာနေ့**

ရည်ရွယ်ချက်။ ။ ဗျည်းအက္ခရာ (T) ၏ အသံကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- "Zùng àq, zùng àq dum toq àq"ကာရန်ကဗျာကို သင်ကြား၍ ရွတ်ဆိုစေမည်။
- ရွတ်ဆိုစေပြီး ကဗျာပါ အကြောင်းအရာအတိုင်း ကလေးများအား ပြုလုပ်စေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (T) ၏ အသံတူကို ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- မိမိသိသောအရာများမှာ (T)ဖြင့် စသော အမည်များကို ရွေးချယ်ပြောဆိုစေမည်။

  ဥပမာ- Tíng, Tui, Tánghkuq စသည့်ဖြင့်။

ရည်ရွယ်ချက် ။ ။ အသံတူအမည်များကို ဖော်ထုတ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅မိနစ်

- ဆရာက ဗျည်းအက္ခရာများကို စာရွက်များပေါ် ရေးဆွဲထားပြီး ၄င်းအက္ခရာပုံများထဲမှ (T)အက္ခရာကို ကလေးများအား စိတ်ကြိုက်ရောင်စုံရေးခြယ်စေမည်။

ဥပမာ- I, L,T စသည်ဖြင့် အက္ခရာပုံများကို ရေးဆွဲထားသောစာရွက်တစ်ရွက် ချင်းစီကို ကလေးများအားပေး၍ ထိုအက္ခရာများမှ (T) အက္ခရာကို ရွေးပြီး ရောင်စုံရေးခြယ်စေမည်။

**အင်္ဂါနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (T) ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- "Taúkòp" ပုံပြင်ကို ဖတ်ပြ၊ ပြောပြမည်။
- ပုံပြင်ပါ အက္ခရာများထဲမှ (T) အက္ခရာကို ရွေးချယ်စေမည်။

ရည်ရွယ်ချက် ။ ။ (T) ဆိုသော ဝေါဟာရကို ကြွယ်ဝစေရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- (T) စကားလုံးအမည်ပါသော ပုံများကို ရေးဆွဲထားပြီး ၄င်းပုံများမှ တစ်ခုခု အမည်ကို ဆရာက ပြောလိုက်ပြီး ကလေးများအား ဆရာက ပြောသော အမည်နှင့် ပုံကို ယှဉ်တွဲပြောစေမည်။

  ဥပမာ- Taúkòp, Tánghkuq, Tíng, Siktúm စသည်ဖြင့်။

ရည်ရွယ်ချက် ။ ။ (T) အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅မိနစ်

- ဆရာက ဗျည်းအက္ခရာများကို စာရွက်များပေါ် ရေးဆွဲထားပြီး ၄င်းအက္ခရာပုံ များထဲမှ (T) အက္ခရာကို ရွေးပြီးကလေးများအား စိတ်ကြိုက်ရေးခြယ်စေမည်။

  ဥပမာ- I, L, T စသည်ဖြင့် အက္ခရာပုံများကို ရေးဆွဲထားသော စာရွက် တစ်ရွက်ချင်းစီကို ကလေးများအား ပေး၍ ထိုအက္ခရာများမှ (T) အက္ခရာကို ရောင်စုံရေးခြယ်စေမည်။

**ဗုဒ္ဓဟူးနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X) ၏အသံကို ရွက်ဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- (X) အက္ခရာပါကာရန်ကဗျာ "Xat,myhí dàn toq, gam pyoq shut din htoq" ကို သင်ကြားမည်။
- (X) အက္ခရာ၏ အသံထွက်သည် အသံထွက်မှန်ဖို့ ခဲယဉ်းသောကြောင့် ကလေးများအား (X) အသံထွက်ကို ထပ်တလဲလဲသင်ကြား၍ ပြောစေမည်။ (တစ်ဦးချင်းစီ၊ အုပ်စုလိုက် . . . . )

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X) ၏ အသံတူကို ခွဲတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- (X) ဖြင့် စသော အရာဝတ္ထု၊ တိရစ္ဆာန်များ၏ အမည်များကို ကလေးများအား ပြောစေမည်။

ဥပမာ- (၁) Xûm, Xo, Xâng . . . . . စသည်ဖြင့်. . .
(၂) ကလေးတို့အိမ်မှာ ဟင်းချက်တဲ့အခါ ဘာတွေ ထည့်စားကြသလဲ။ (Xo, Xû . . . စသည်ဖြင့် ဖြေပါမည်။)

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X)ကို ဖော်ထုတ်တတ်ရန်။
လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်
- ဆရာက ဗျည်းအက္ခရာ (J,X,A) များကို ရေးဆွဲထားသော စာရွက်တစ်ရွက်ချင်းစီကို ကလေးများအား ပေး၍ ထိုအက္ခရာများထဲမှ (X)အက္ခရာကို ရွေးပြီး စိတ်ကြိုက် ရောင်စုံရေးခြယ်စေမည်။

**ကြာသပတေးနေ့**

ရည်ရွယ်ချက် ။ ။ (X) အက္ခရာကို ရွေးချယ်တတ်ရန်။
လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်
- Xâng, Banbó xui, Lòqxoq စသည့်ပုံများနှင့် စာကို ခွဲခြားရေးဆွဲထား၍ ပုံနှင့် စာကို မှန်စွာရွေးချယ် ယှဉ်တွဲစေမည်။

ရည်ရွယ်ချက် ။ ။ " X " ဆိုသော ဝေါဟာရကို ကြွယ်ဝစေရန်။
လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်
- X ပါသော အရာဝတ္ထုအမည်၊ တိရစ္ဆာန်အမည်များနှင့် X မပါသော အရာဝတ္ထုအမည်၊ တိရစ္ဆာန်အမည်များ၏ ပုံကို ရေးဆွဲထာပြီး ဆရာက (X) ပါသော အမည်ကို ပြော၍ကလေးများအား ဆရာပြောသော အမည်နှင့် ပုံကို ယှဉ်တွဲရွေးချယ်စေမည်။

ရည်ရွယ်ချက် ။ ။ (X) အက္ခရာကို ရွေးချယ်တတ်ရန်။
လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်
- ဗျည်းအက္ခရာ (၂၄) လုံးပါ ရုပ်ပုံကားချပ်ကိုပြ၍ ၄င်းအက္ခရာများထဲမှ (X) အက္ခရာကို ရွေးထုတ်ကူးရေးစေမည်။
- အုပ်စုများဖွဲ့၍ ရွေးထုတ်စေမည်။

**သောကြာနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်း (T) နှင့် (X) ကို ခွဲခြားတတ်ရန်။
လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်
- Tánghkuq, Taúkòp, tíng, tui စသည့် ပုံများနှင့် Xâng, xûm, xat.... စသည့် ပုံများ၏ အမည်များနှင့် ပုံတို့ကို သီးခြားရေးဆွဲထား၍ ကလေးများအား ယှဉ်တွဲခွဲခြားစေမည်။ (သင်ထောက်ကူ)
- အထက်ပါ သင်ထောက်ကူ စာရွက်များကို တစ်ဦးချင်းစီပေး၍ ယှဉ်တွဲဖော်ထုတ်စေမည်။

ရည်ရွယ်ချက် ။ ။ (T,X) နှင့် သက်ဆိုင်သော ဝေါဟာရ ကြွယ်ဝစေရန်။
လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်
- သင်ကြားပြီးသော "Toq àq Toq àq ကဗျာနှင့် Xat myhí dàntoq, gam pyoq shut din htoq"ကဗျာကို ပြန်လည်ရွတ်ဆိုစေပြီး ၄င်းကဗျာများ ထဲမှ (T (or) X) ပါ ဝေါဟာရစကားလုံးများကို ထုတ်ဖော်စေမည်။
- မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထု၊ တိရစ္ဆာန်များမှ (T သို့ X) ပါသော ဝေါဟာရ စကားလုံးများကို ဖော်ထုတ်စေမည်။
ဥပမာ- Xâm, Xû, နှင့် Sik túm,wòq tum . . . စသည်ဖြင့်။
ရည်ရွယ်ချက် ။ ။ (T နှင့် X) ၏ ဝေါဟာရစကားလုံးများကို ခွဲခြားနားလည်တတ်ရန်။
လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်
- မိမိကြားဖူးသော T (or) X တို့ပါ ဝေါဟာရ စကားလုံးများကို ပြောစေမည်။
- တစ်ပတ်အတွင်းသင်ကြားပြီးသော ကာရန်ကဗျာ၊ ပုံပြင်များမှ (T (or) X) စကားလုံးပါ ဝေါဟာရများကို ပြောစေမည်။

7.4. Sânghî Tsáng matú ,Zaiwâ Myíng Lé Kâ Mhoq,Nghap Mhoq râ Mhoqbun Pé Lé Dangké dôngGam hkoq tô é hkyô (Jongdoq Zàn htâng)

**၇-၄။ ဇိုင်ဝါး(ကချင်)ဘာသာစကား အရေးအဖတ် အလေးပေးသင်ယူချိန် နှစ်ဆုံး (ပထမပတ်)**

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(I) ဖြင့်စသော ဝေါဟာရကိုသိရှိ စေရန်<br><br>လုပ်ငန်း- 'Îgu Nóng' ကဗျာကို သင်ကြားပေးခြင်း | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(L) ဖြင့်စသော ဝေါဟာရကိုသိရှိ စေရန်<br><br>လုပ်ငန်း- (L)ဝေါဟာရ စကားလုံးပါသော Lìng Bú ပုံပြင်ကို ဖတ်ပြပါမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(T) ပါသော ဝေါဟာရ ကိုသိရှိရန်<br><br>လုပ်ငန်း- (T)စာလုံးပါသော သီချင်းကို ရွတ်ဆို စေမည် (Tíng Gó mahkôn) | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (I,L)ဖြင့်စသော ဝေါဟာရကို သိ ရှိရန်<br><br>လုပ်ငန်း- 'အမေးများသော ညီလေး' (Big book)ကို ပြော ခြင်း | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (I,L,T)စသော ဝေါဟာရများကို သိရှိရန်<br><br>လုပ်ငန်း- (I,L,T)စာလုံး ဖြင့်စသော နာမည်ကိုပေး၍ အုပ်စုဖွဲ့ကာ ကစားခြင်း |

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(I) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်<br><br>လုပ်ငန်း- (I) စာလုံးကို သင်ထောက်ကူပစ္စည်းဖြင့် သင်ကြားခြင်း | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (L) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်<br><br>လုပ်ငန်း- (L) စာလုံးကို လက်ရေးလှ စာအုပ်တွင် ရေးစေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(T) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်<br><br>လုပ်ငန်း- (T) စာလုံးကိုသင်ထောက်ကူပစ္စည်းဖြင့် သင်ကြားစေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (I, L) စာလုံးကို အရစ်အဆွဲမှန်စွာ ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်ရန်<br><br>လုပ်ငန်း- လေးကြောင်းမျဉ်း လက်ရေးလှ စာအုပ်တွင် ကြည့်၍ ကူးရေးစေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (I, L,T)စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်<br><br>လုပ်ငန်း- လက်ရေးလှစာအုပ်တွင် စာလုံးတစ်လုံးချင်းစီကို ကူးရေးစေမည် |
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(I) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- (I) စကားလုံးပါသော စကားစုကို ပြောစေ၍ ထိုစကားစုတွင် (I) စကားလုံး မည်မျှပါသည်ကို ရွေးစေခြင်း | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(L) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- Lìngbú ပုံပြင်မှ (L) အက္ခရာပါ ဝေါဟာရကို ရွေးထုတ်စေမည်၊ အခြား (L) ပါ ဝေါဟာရများ ကိုလည်းဖော်ထုတ်စေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(T) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- "Taúkòp"ပုံပြင်ကို သင်ကြားဖတ်ပြမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (I,L) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- (I, L)တို့ပါသော အမည်များကို ရုပ်ပုံကားချပ်နှင့် တကွပြ၍ ပုံပါအကြောင်းအရာကို ပြောစေခြင်း | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (I,L,T) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- ရုပ်ပုံကားချပ်ကို အသုံးပြု၍ ရုပ်ပုံပါအကြောင်းကို ပြောစေခြင်း |

## နှစ်ဆုံး (ပထမပတ်)

**တနလ်ာနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I) ဖြင့်စသော ဝေါဟာရကို သိရှိရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

Î-gu, ကာရန်ကဗျာကို သင်ကြားပေးမည်။

Î-gu Gám,chyuî chyuî ngám

Î-gu Nóng, nhap jibóng

Î-gu Làq, ngùnzè Wàq

Î-gu Tû, dudut Tù

Î-gu Táng, zang zo láng

Î-gu Yóng, wà shut góng

ကာရန်ကဗျာကို ခေါ်ဆိုပြီး နေရာတွင် အားလုံးကို လက်ခုပ်တီးစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I) ကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- I စာလုံးကို အစက်ချထားသော စာရွက်ပေါ်တွင် အစက်ချထားသည့်အတိုင်း ခဲတံဖြင့် လိုက်၍ရေးစေမည်။ (သင်ထောက်ကူ)

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I)၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- I စကားလုံးပါသော စကားစုကို ကလေးများအားပြောစေ၍ ထိုစကားစုတွင် (I) အက္ခရာ မည်မျှပါသည်ကို ရွေးချယ်စေမည်။ ထိုစကားစုကို တစ်လုံးချင်းစီ စာလုံးပေါင်းစေကာ(I) ကိုရွတ်မိလျှင် လက်ခုပ်တစ်ချက်တီးစေပါမည်။

**အင်္ဂါနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (L) နှင့်စသော ဝေါဟာရကို သိရှိရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- "Lìng Bú" ပုံပြင်ကို ဖတ်ပြပြီး ' L ' နှင့်စသော ဝေါဟာရကို မျှဉ်းသားစေပါမည်။ ထိုမျှဉ်းသားထားသော ဝေါဟာရကို တစ်လုံးချင်းစီ စာလုံးပေါင်းစေပြီး အဓိပ္ပာယ်ကိုလည်း ပြောစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (L) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- ' L ' စာလုံးကို လက်ရေးလှစာအုပ်တွင် မြားနှင့်တကွ အစက်လေးတွေ ချထားသော စာအုပ်ကို အသုံးပြု၍ ရေးစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (L) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- "Lìng Bú" ပုံပြင်ထဲမှ (L) အက္ခရာပါ ဝေါဟာရကို ရွေးမှတ်စေမည်။

- (L) ဖြင့် စသော စကားပုံ၊ စကားထာကို သင်ကြား၍ယင်းစကားထာတွင် (L) ဖြင့် စသော ဝေါဟာရ စကားလုံး မည်မျှပါသည်ကို ကလေးများအားလုံးနှင့် အတူဆွေးနွေးမည်။

**ဗုဒ္ဓဟူးနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (T) ပါသော ဝေါဟာရကို သိရှိရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- Âhpau Tíng bat nyi rá
  Zaiwâ Tíng nghut lhê gâ
  Âhpyi eq Âhpau tíng gó gó nyí a kô
  Zaiwa htûnghking tu toq sháng ô.
- အထက်ပါသီချင်းကို ဆရာက ခေါ်ဆိုပြီး အမူအရာနှင့်တကွ ပြုလုပ်မည်။ သီချင်းဆိုပြီးလျှင် ' T ' နှင့် စသော စကားစုတိုင်းကို ရှာစေပြီး မည်ကဲ့သို့ အဓိပ္ပာယ်ရှိကြောင်းကို ဆရာက မေးပြီး ကလေးများအား ဖြေစေမည်။ ဥပမာ- tíng ဆိုလျှင် ဂီတာ၊ toq ဆိုလျှင် ထ။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (T) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- T စာလုံးကို အစက်များနှင့်လိုက်ထားတဲ့ စာလုံးပေါ်တွင် အစက်ကိုလိုက်၍ ရေးဆွဲစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (T) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- 'Taúkòp' ပုံပြင်ကို ဖတ်ပြ၍ ယင်းပုံပြင်မှ (T) စာလုံးပါသော ဝေါဟာရ မည်မျှပါကြောင်း ဆွေးနွေးမည်။
- ကလေးများကိုလည်း မိမိကြားဖူးသော အရာများမှ (T) အက္ခရာပါ ဝေါဟာရများကို ပြောစေ၍ ၄င်းဝေါဟာရတွင် (T) အက္ခရာ မည်မျှပါကြောင်း ဆွေးနွေးဖော်ထုတ်စေမည်။

**ကြာသပတေးနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I, L) ဖြင့်စသော ဝေါဟာရကို သိရှိရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- 'အမေးများသော ညီလေး' Big Book ကို ဆရာက ပြောပြပြီးလျှင် ကလေးများအားလုံးနှင့် အတူတကွ လက်ထောက်ပြီး ဖတ်စေမည်။ I နှင့် L ဖြင့် စသော ဝေါဟာရကိုတွေ့လျှင် မျဉ်းသားထားပြီး အကြောင်းအရာကို ဆွေးနွေးစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I, L) စာလုံးကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- မျဉ်းလေးကြောင်းပါသော လက်ရေးလှစာအုပ်တွင် ကလေးများအား ရေးစေမည်။ ပထမဆုံး ဆရာက ကျောက်သင်ပုန်းမှာ ဦးစွာ မည်ကဲ့သို့ ရေးရမည်ကို ရေးပြပါမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I, L) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- ဆရာက (I, L) ဖြင့်စသော အမည်ရှိတဲ့အရာများကို ရုပ်ပုံကားချပ်တွင် ပုံနှင့် စာရေးသားထားပြီး ကလေးများကို အမည်ရှိသော အရာအကြောင်းများကို ပြောစေမည်။

ဥပမာ- Lòq, Lòqxoq

**သောကြာနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I, L, T) စသော ဝေါဟာရများကို သိစေရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- ဆရာက (Îchyí, Lòq, Tu Toq) ဆိုသော အဖွဲ့သုံးဖွဲ့ကို ခွဲလိုက်ပြီး ဆရာက Îchyi က ပြောလိုက်လျှင် Îchyi အဖွဲ့က ခါးကို ကုန်းလိုက်မယ်၊ Lòq ဟု ပြောလိုက်လျှင် Loq အဖွဲ့က လက်ကိုရှေ့ထုတ်မည်။ Tu Toq လို့ ပြောလိုက်ရင် Tu Toq အဖွဲ့က လက်ကို မြောက်လိုက်မယ်။ ထိုနည်းအတိုင်း အချိန်အနည်းငယ် ဆော့ကစားပြီးလျှင် ဆရာက ( Îchyí,Lòq,Tu Toq ) အဖွဲ့သုံးဖွဲ့ကို ကိုယ့်အဖွဲ့နာမည်ရဲ့ ရှေ့ဆုံးအက္ခရာပါသော အခြားဝေါဟာရများကို ရှာစေ၍ အများဆုံး ရှာနိုင်သောအဖွဲ့ကို ကျန်အဖွဲ့က လက်ခုပ်တီးပေးပါမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (I, L, T) စာလုံးများကို အရစ်ကျရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- ကလေးများအား လေးကြောင်းမျဉ်း (လက်ရေးလှ)တွင် ရေးသားစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ ( I , L , T ) ၏ အသံနှင့် အက္ခရာကို ဆက်စပ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- ဆရာက ရုပ်ပုံကားချပ်သုံးခုတွင် ' Í yùq, Lhing gó, Tûn shit ' ဆိုပြီး ပုံနှင့်တကွ ရေးသားထားပြီး ဆရာက ကလေးများကို ပုံတစ်ခုချင်းစီ ပြကာ ယင်းပုံပါ အကြောင်းအရာကိုမေး၍ ကလေးများအား ဖြေစေပါမည်။ ဖြေသောအခါ ပုံပါအမူအရာအတိုင်း ပြုလုပ်ပြီး ရွတ်ဆိုစေပါမည်။

**7.4.1. Sânghî Tsáng matú ,Zaiwâ Myíng Lé Kâ Mhoq,Nghap Mhoq râ Mhoqbun Pé Lé Dangké dôngGam hkoq tô é hkyô (Jongdoq Zàn htâng)**

**၇-၄-၁။ ဇိုင်ဝါး(ကချင်)ဘာသာစကား အရေးအဖတ် အလေးပေးသင်ယူချိန် နှစ်ဆုံး (ဒုတိယပတ်)**

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် | ၃၀ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(X) ဖြင့်စသော ဝေါဟာရကို သိရှိရန် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (A) ဖြင့်စသော ဝေါဟာရကို သိရှိရန် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(H) ဖြင့်စသော ဝေါဟာရကို သိရှိရန် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (X,A)ဖြင့်စသော ဝေါဟာရကို ပို၍ သိရှိရန် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (X,A,H) စသော ဝေါဟာရများကို ပို၍သိရှိရန် |
| လုပ်ငန်း- (X)အက္ခရာဖြင့် စသော ကဗျာ၊ စာပိုဒ်ကို သင်ကြားမည် ဥပမာ-Xo, Xâng | လုပ်ငန်း- "A" ဝေါဟာရ စကားလုံးပါသော စာပိုဒ် သင်ကြားမည် | လုပ်ငန်း- (Haî Mù Luî Big book) ကို သင်ကြားမည် | လုပ်ငန်း- (X,A) စာလုံးဖြင့် စသော နာမည်ကို ကလေးများ အား ပေး၍ အုပ်စုဖွဲ့ကာ (Xun, Au) ကစားခြင်းဖြင့်သင်ကြားမည် | လုပ်ငန်း- (X, A, H) စာလုံးဖြင့် စသော နာမည်များကို ကလေးများအား ပေး၍ အုပ်စုဖွဲ့ ကစားခြင်းဖြင့် သင်ကြားမည်၊ (X,A,H) အက္ခရာ ဝေါဟာရပါ သီချင်းကို သင်ကြားမည် |

| တနလ်ာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(X) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်<br><br>လုပ်ငန်း- (X)ဝေါဟာရ စကားလုံးများကို သင်ထောက်ကူ ပစ္စည်းဖြင့် သင်ကြားမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(A) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်<br><br>လုပ်ငန်း- (A)ဝေါဟာရ စကားလုံးများကို သင်ထောက်ကူ ပစ္စည်းဖြင့် သင်ကြားမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(H) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်<br><br>လုပ်ငန်း- (H)ဝေါဟာရ စကားလုံးများကို သင်ထောက်ကူ ပစ္စည်းဖြင့် သင်ကြားမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ (X,A)စာလုံးကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်<br><br>လုပ်ငန်း- မျဉ်းကြောင်းလေးကြောင်း(လက်ရေးလှစာအုပ်)များတွင် ရေးစေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(X, A,H) စာလုံးကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်<br><br>လုပ်ငန်း- မျဉ်းကြောင်းလေးကြောင်း (လက်ရေးလှစာအုပ်)များတွင် ရေးစေမည် |
| ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် | ၁၅ မိနစ် |
| ရည်ရွယ်ချက်- ဗျည်းအက္ခရာ(X) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- (X) ပါသော ဝေါဟာရ စကားလုံးများကိုကလေးများအား ပြောစေ၍ ထိုဝေါဟာရများတွင် (X) အက္ခရာစာလုံးမည်မျှပါသည်ကို ရွေးချယ်ဆက်စပ်စေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(A) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- "Ânu Âwa dang gyo cha" ကဗျာကိုသင်ကြားမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(H) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- (H) ပါသော စကားထာကို ပြောပြ၍ (H) စာလုံးပါသော စကားလုံးကို ရွေးကာ မှတ်သားစေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(X, A) ၏အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- ရုပ်ပြ(သင်ထောက်ကူ)ဖြင့် သင်ကြားမည်၊ ပုံဆွဲထားသောကလေးများအား ပုံအကြောင်းကို ပြောစေ၍ ပြုလုပ်စေမည် | ရည်ရွယ်ချက်- ဗျည်းအက္ခရာ(X, A,H) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်<br><br>လုပ်ငန်း- ရုပ်ပြ (သင်ထောက်ကူ) ဖြင့် သင်ကြားမည် ဥပမာ- Xûm,Angnoq, Hu စသော ပုံဆွဲကာ ပုံပါအတိုင်း ပြောစေမည် |

## နှစ်ဆုံး (ဒုတိယပတ်)

**တနလာ်နေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X) ဖြင့် စသော ဝေါဟာရကို သိရှိရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- Xo

Xo a jòq a gè, waxâng bànshoq zô lhê.
Azo agè, waxâng htûng nghut lhê.
Xun hkang mó má kat châ lhê.
Xo a zo jáng sui wum yòm.
Lûm zô myô le sui doq anà dùt sê lhê.
ဆိုသော ကဗျာစာပိုဒ်ကို သင်ကြားမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်

- (X) ဝေါဟာရကို မြားချောင်းလေးများ ပုံစံအတိုင်း ကလေးများအား လိုက်ကူးရေးစေမည်။
- မြားချောင်းပုံစံပါ 'X' အက္ခရာကို စာရွက်များပေါ် ရေးဆွဲထားကာ ကလေးတစ်ဦးချင်းစီကို ပေး၍ မြားချောင်းပုံပါအတိုင်း ကူးရေးစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်

- ဦးစွာ ဆရာက (x) ပါသော ဝေါဟာရစကားလုံးကိုပြော၍ ကလေးများနှင့် အတူ ဆရာပြောလိုက်သော ဝေါဟာရစကားလုံးတွင် (X)အက္ခရာ မည်မျှ ပါကြောင်း ဆွေးနွေးမည်။

  ဥပမာ- Xun ဆိုရင် X အက္ခရာတစ်လုံး၊ Lòq Xoq ဆိုရင် X အက္ခရာ တစ်လုံး စသည်ဖြင့် . . . . ။
- ကလေးများကိုလည်း မိမိကြားဖူးသော အရာများမှ X အက္ခရာပါ ဝေါဟာရများကို ပြောစေ၍ ထိုဝေါဟာရတွင် X အက္ခရာ မည်မျှပါကြောင်း ကလေးများအားလုံးနှင့်အတူ ပြန်လည်ဆွေးနွေးမည်။

**အင်္ဂါနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (A) ဖြင့်စသော ဝေါဟာရကို သိရှိရန်။

လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်

- Ânu Pá Ê bê

Âwa Le bo ê bê.
Âwhoí yhûm zúng rá
Âchyí gi, shâm suî nyì rá ဆိုသော စာပိုဒ်ကို သင်ကြားမည်။

- စာပိုဒ်ထဲမှ (A)အက္ခရာဖြင့်စသော ဝေါဟာရ မည်မျှပါကြောင်း ဆွေးနွေးမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (A) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်။
လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်
- (A) ဝေါဟာရကို မြားချောင်းလေးများပုံစံအတိုင်း ကလေးများအား လိုက်ကူးရေးစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (A) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်။
လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်
- "Ânu Âwa dang gyo cha" ကဗျာကို သင်ကြားပြီး ယင်းကဗျာမှ (A) အက္ခရာပါ ဝေါဟာရစကားလုံးများ မည်မျှဖြစ်သည်ကို ဆွေးနွေးမည်။
ဥပမာ- Ânu ဆိုလျှင် Aအက္ခရာ တစ်လုံး၊ Âwa ဆိုလျှင် A အက္ခရာ နှစ်လုံး စသည်ဖြင့်။
- ကလေးများကိုလည်း မိမိကြားဖူးသော အရာများမှ (A)အက္ခရာပါ ဝေါဟာရများကို ပြောစေ၍ ထိုဝေါဟာရတွင် (A) အက္ခရာ မည်မျှပါကြောင်း ကလေးများအားလုံးနှင့်အတူ ပြန်လည်ဆွေးနွေးမည်။

**ဗုဒ္ဓဟူးနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (H) ဖြင့်စသော ဝေါဟာရကို သိရှိစေရန်။
လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်
- "Haî Mù Luî" ကို သင်ကြားမည်။

ရည်ရွယ်ချက် - ဗျည်းအက္ခရာ (H) စာလုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်ရန်။
လုပ်ငန်းစဉ်(၂) - ၁၅ မိနစ်
- (H) ဝေါဟာရကို မြားချောင်းလေးများပုံစံအတိုင်း ကလေးများအား လိုက်ကူးရေးစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (H) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်။
လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်
- သင်ကြားပြီးသော "Haî Mù Luî"ထဲမှ (H)အက္ခရာဖြင့် စသော ဝေါဟာရ မည်မျှပါကြောင်း ဆွေးနွေးမည်။
- ကလေးများကို မိမိကြားဖူးသော (H) အက္ခရာ မည်မျှပါကြောင်း ဆွေးနွေးမည်။

**ကြာသပတေးနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X, A) ဖြင့်စသော ဝေါဟာရကို ပို၍သိရှိရန်။
လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်
- (X, A) စာလုံးဖြင့် စသော နာမည်များကို ကလေးများအား ပေး၍အုပ်စုဖွဲ့ကာ ကစားမည်။
ကစားနည်း- အဖွဲ့တစ်ဖွဲ့ကို Xo, Xû, Angnoq, Au. စသည့်ဖြင့် ပေးမည်။ ဟင်းချက်လျှင် Xo, Xû, Angnoq, Au များ သုံးရခြင်းဖြစ်ကြောင်း ကစားမည်။

ရည်ရွယ်ချက် ။ ။ (X, A) စာလုံးကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။
လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်
- (X, A) အက္ခရာတို့ကို မျဉ်းကြောင်းလေးကြောင်း (လက်ရေးလှ)စာအုပ်တွင် ရေးစေမည်။
- (X, A) အက္ခရာကို ဆရာက သင်ပုန်းပေါ် ရေးထားမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X, A) ၏ အသံနှင့် အက္ခရာစာလုံးကို ဆက်စပ်တတ်ရန်။
လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်
- Xâng, Xûm, Xat, Lòq xoq, Au, Angnoq, Ânu, Âchyí ပုံများ ဆွဲထားပြီး ကလေးများအား အဖွဲ့ဖွဲ့၍ မေးမြန်းဆွေးနွေးမည်။
ဥပမာ - Xâng က ဘယ်ပုံလဲ စသည်ဖြင့် . . . . ။

**သောကြာနေ့**

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X, A, H) ဖြင့် စသော ဝေါဟာရများကို ပို၍သိရှိစေရန်။
လုပ်ငန်းစဉ်(၁) ။ ။ ၃၀ မိနစ်
- ကလေးများကို အဖွဲ့ဖွဲ့ထားပေး၍ တစ်အုပ်စုချင်းစီကို အက္ခရာ (X, A,H) ဖြင့်စသော အရာများ (သို့) အမည်ဝေါဟာရများကို စဉ်းစားဆွေးနွေးစေမည်။
- ဝေါဟာရစကားလုံး (သို့) အရာဝတ္ထုများ ပို၍ပြောနိုင်သော အဖွဲ့များကို ကျန်အဖွဲ့များက လက်ခုပ်တီး ဂုဏ်ပြုစေမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X, A, H) စာလုံးများကို အရစ်အဆွဲမှန်စွာ ကူးရေးစေမည်။
လုပ်ငန်းစဉ်(၂) ။ ။ ၁၅ မိနစ်
- (X, A, H) အက္ခရာတို့ကို မျဉ်းကြောင်းလေးကြောင်း (လက်ရေးလှ)စာအုပ်တွင် ကူးရေးစေမည်။
- (X, A, H) အက္ခရာကို ဆရာက သင်ပုန်းပေါ် ရေးထားမည်။

ရည်ရွယ်ချက် ။ ။ ဗျည်းအက္ခရာ (X, A, H) ၏ အသံနှင့် အက္ခရာကို ဆက်စပ်တတ်ရန်။
လုပ်ငန်းစဉ်(၃) ။ ။ ၁၅ မိနစ်
- ရုပ်ပုံတွင် Xûm, Banbó xui, Xat, Xâm hîng, Au,Âwa, Â-nhá, Hu-nê, Hûmbó, Hîng shaí . . စသည်ပုံများကို ဆွဲထားပြီး ဆရာပြောသော ဝေါဟာရကို ပုံနှင့် ကလေးများအား အုပ်စုဖွဲ့ (သို့) တစ်ဦးချင်းစီ ယှဉ်တွဲစေမည်။